www.burmeseclassic.com

# ကိုပိုက်

## အပျိုမ၊မေနှင့်တွေ့တုန်းတွေ့ခိုက် တွေ့ရာတွေးမိစကားလက်ဆုံ

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

မွေးမေ

မွေးဖေ

ပြီးတော့ . . .

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သည့်

ဆရာသော်တာဆွေအား ဤစာအုပ်ဖြင့်

ဂါရဝပြုပါသည်။

ကိုပိုက်

www.burmeseclassic.com

www.burmeseclassic.com

ပုဂံသားစာအုပ် ( ၁ )

# ကိုရိုက်

## အချိုမ မေ
## နှင့် ထွေလွန်းထွေခိုင် ထွေရာထွေးမိ
## စကားဆက်သို့

ပုဂံသားစာပေ

အမှတ်(၁၄)၊ အနောက်ဗဟိုရ်လမ်း၊
ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၈၂၄/၂၀၀၄ (၉)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉၄၂/၂၀၀၄ (၁၀)

**ပုံနှိပ်ခြင်း**

ပထမအကြိမ်

(ဒီဇင်ဘာလ-၂၀၀၄)

အုပ်ရေ ( ၅၀၀ )

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်) (၀၂၉၀၉)

အမှတ် (၁၇၁)၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဒေါ်တင်တင်ဝေ (၀၃၇၆၀)၊ မိုးမြင့်စာပေ

အမှတ် (၇၅)၊ ၄-လွှာ၊ ဓမ္မစိန္တာလမ်း၊

ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းဖလင်**

ဇမ္ဗူရာဇ်

**မျက်နှာဖုံးပန်းချီ**

ရန်နိုင်ဦး

**ကွန်ပျူတာစာစီ**

ရွှေနဒီ

**တန်ဖိုး - ၇၀၀ ကျပ်**

www.burmeseclassic.com

www.burmeseclassic.com

ပုံသားစာပေ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အိမ်ရှင်မများနဲ့ရင်းနှီးလာသောဖွတ် | ၈ |
| ၂။ | သန့်ရှင်းသပ်ရပ်လျှင်ဖြင့် ရပေသည် | ၁၂ |
| ၃။ | စေတနာရှင်တွေပါ | ၁၇ |
| ၄။ | လူတို့စားကြသောမှို | ၂၁ |
| ၅။ | ဈေးသည်နှင့်ဈေးဝယ်ဆက်ဆံရေး | ၂၆ |
| ၆။ | နေတတ်ဖို့လိုသည် | ၃၁ |
| ၇။ | လျှာရင်းလေးမြက်စေဖို့ရာ | ၃၆ |
| ၈။ | အရောင်ဆိုးသူများ | ၄၂ |
| ၉။ | အားလုံးရကြ၍ ကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေ | ၄၇ |
| ၁၀။ | အရွက်ချဉ်ဖတ် လူချဉ်ဖတ် | ၅၄ |
| ၁၁။ | တိကျရေရာ သေချာသူများ ဖြစ်သင့်၏ | ၅၉ |
| ၁၂။ | တကယ်ပြုတ်ကြသည်လား | ၆၆ |
| ၁၃။ | ဟင်းသီးဟင်းရွက် အဝယ်မခက်စေဖို့ | ၇၂ |
| ၁၄။ | အသက်ကိုဖက်ဖြင့်ထုပ်ကာ ခရီးသွားခြင်း | ၇၈ |
| ၁၅။ | မစားရဝမန်း | ၈၄ |
| ၁၆။ | ကျွန်တော်နှင့်ဈေးသည်များ | ၉၃ |
| ၁၇။ | ကျွန်တော်ငမိုက်သား | ၁၀၀ |
| ၁၈။ | ငယ်သူငယ်ချင်း | ၁၀၈ |
| ၁၉။ | ရှက်တတ်လေလျှင် | ၁၁၉ |
| ၂၀။ | အစွက်များလေခြင်းရယ်နော် | ၁၂[illegible] |
| ၂၁။ | လွမ်းမိလေသေးရဲ့ | ၁၃၄ |
| ၂၂။ | သုမောင်ကို မပြောဖြစ်ခဲ့သော ၁၄ နှစ်တိုင် ကြာခဲ့သည့်စကား | ၁၄၂ |




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## အိမ်ရှင်မများနှင့် ရင်းနှီးလာသောမှတ်

"ဟော. . ဦးပိုက်ပါကလား။ အမျိုးသမီးတော့ ဈေးလာတာ မတွေ့ဘူးနော်၊ ဦးပိုက်ပဲ လာတာတွေ့တယ်. . "

"ဩော. . မေ. . လေးပါလား။ ဟုတ်ပ့ါ။ ကျွန်တော်က ဈေးဝယ်ရတာ ဝါသနာပါရဲ့။ ပြီးတော့ စောစောစီးစီး ကျန်းမာရေးအရ လမ်းလျှောက်ထွက်ရင်း ဈေးဝင်ဝယ်တော့လည်း အိမ်မှုကိစ္စတစ်ခု ပြီးသွားတာပေ့ါ။ ဒို့ မေလေး ဈေးဝယ်ပြီးပလား၊ ဘာတွေ ဝယ်လာတုန်း. . "

"အင်း. . မယ်မယ်ရရ ဘာမှတော့ မဝယ်ရသေးပါဘူး။ ပုဇွန်ဘော့ချိတ်လေးတွေဝယ်ပြီး ရှောက်သီးနဲ့ စပ်စပ်လေးကြော်ပြီးတော့ ပဲဟင်းချိုအချိုလေးချက်မယ် စိတ်ကူးတယ်. . "

"ကောင်းတယ်. . အဲ. . ပုဇွန်ဘော့ချိတ်ဝယ်မယ်ဆို ကြည့်ဝယ်နော်. . "

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့တုန်း ဦးပိုက်ရဲ့. ."

"မုဋ္ဌန်အပုံမယ် အကောင်ကြီးသားဆိုပြီး ဝယ်လာ၊ အိမ်ရောက်တော့ အကောင်လေးတွေ ဖြစ်ဖူးသကွယ့်. . ဟဲ. . ဟဲ. ."

"ဟုတ်တယ် ဦးပိုက်ရဲ့. . အဲဒါ မေလေးလည်း ခဏခဏ ကြုံဖူးတယ်၊ အဲဒါ ဘယ်လိုဖြစ်တာတုန်း. ."

"ဘယ်လိုဖြစ်ရမှာတုန်း မေလေးရဲ့၊ အပုံပေါ်မယ် အကောင်ကြီးကြီးတွေ ဖြူးထားတာပေါ့။ ဝယ်သူကိုကျတော့ အတွင်းက အကောင်ငယ်လေးတွေ နှိုက်ပြီး ရောင်းလိုက်တာကိုး. ."

"အော်. . နို့ကြောင့်ကိုး။ ဟုတ်ပြီ. . ခုဝယ်လျှင်ဖြင့် အပေါ်ယံအကောင်တွေကို သပ်ပြီး ထည့်ချိန်ခိုင်းရမယ်. ."

"နို့ မေလေး ဖွတ်သားကြိုက်လား. ."

"ကြဲကြီးစီးရာ ဦးပိုက်နှယ်. . မေလေးတို့တော့ မစားဝံ့ပါဘူး။ ဖွတ်ကော ဒီဈေးမှာ ရောင်းလို့လား. ."

"အဲ. . အဲ. . ဟိုမှာ ဆွဲခြင်းနီနီကိုင်လာတဲ့ အမျိုးသမီးကြီးကို ကြည့်၊ ဟော. . တွေ့လား၊ ဗျာယီးဗျာယာနဲ့ သူ့မိတ်ဆွေ အမျိုးသမီးကို သတ်ပုတ်ပြီး ပြောနေတယ်။ လာ. . လာ. . အဲဒီနားသွားကြရအောင်. . အဲဒါ ဖွတ်ကိစ္စပြောနေကြတာဖြစ်မယ်. ."

"သွားလေ. ."

"ဟော. . ကြားလိုက်လား။ 'ကျွန်မလေ အိပ်မက်ဂဏန်း ထိုးလိုက်တာ တစ်နဲ့ခြောက်လွဲသွားတယ်၊ ပါဝါမပြောင်းလိုက်မိဘူး။ ဒီတစ်ပတ်တော့ ပါဝါတွေ ပြောင်းထိုးမယ်ရှင့်' တဲ့လေ. ."

"အော်. . ဦးပိုက်ရဲ့ အဲဒါ ချဲကိစ္စပြောနေကြတာလေ၊ ဘာဆန်းသေးတုန်း၊ ဈေးထဲမယ် အိမ်ရှင်မတွေ တော်တော်များများ ကုန်ဈေးနှုန်း

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းထက် ချဲတိစွပဲ တွေ့လျှင် ပြောတတ်ကြတယ်. ."

"အဲဒါ. . ဆန်းတာပေါ့၊ အိမ်ကလင်သားနဲ့ ကလေးတွေအတွက် ဟင်းစားခွဲတန်း လျော့သွားရတာပေါ့။ ဖွတ်သုံးကောင်တုန်းက တစ်လမှာ နှစ်ကြိမ်၊ ခုံ ဖွတ်နှစ်ကောင်ဖါ ထပ်ပါလာပြန်တော့ ကိုးရက်တိုးကြိမ် ဖြစ် နေပြီလေ. ."

"ဘာဆိုင်လို့တုန်း. ."

"ဆိုင်ပြီကောဗျာ. . ဟင်းလျာဝယ်စရာ ဈေးဖိုးထဲက ဖဲ့ဖဲ့ပြီး အဲ ပြုနေကြတာကိုး. ."

"အယ်. . ဟုတ်မယ်နော်. ."

"ဟုတ်မယ်နော်မဟုတ်ဘူး ဟုတ်ကိုဟုတ်တာ. ."

"ဘာလို့များ အဲလိုလုပ်ရလဲ မသိဘူးနော်. ."

"ထွက်ပေါက်ရှာကြတာလေ၊ လွဲမှားတဲ့ အတွေးအရခေါ်ပေါ့၊ ကိုယ့် လက်ထဲရှိတဲ့ ငွေတင်ကျပ်ကို တန်ဖိုးထားရမှန်းမသိဘဲ မသေချာတဲ့ ငွေတစ်ဆယ်ကို မျှော်လင့်နေကြတာဗျ. ."

"မိုက်လိုက်ကြတာနော်. ."

ကိုယ်မမိုက်ဖို့ အရေးကြီးတယ်မေလေးရေ. . ကဲ. . ကဲ ကျွန်တော် လဲ ဈေးဝယ်စရာ ရှိသေးတယ်။ ဒီလမ်းကပဲ လမ်းခွဲကြစို့. ."

မေသတင်းဂျာနယ်

(၁၉၉၉၊ စက်တင်ဘာလ ၂၂ ရက်)



www.burmeseclassic.com

www.burmeseclassic.com



# သန့်ရှင်းသပ်ရပ်ပျော်ဖြိုး
# ရှုပ်သည်

www.burmeseclassic.com

www.burmeseclassic.com

# သနပ်ရှင်းသပ်ရပ်လျှင်ဖြင့် ရပေသည်

"ဒီမယ် ကြည့်စမ်းပါဦး မေလေးဝယ်လာတဲ့ ပန်းတွေ မထ… ဘူးလား. ."

"လှပါ့ မေလေးရယ်၊ ဘာလုပ်ဖို့လဲ. ."

"ဘုရားပန်းအိုး ထိုးဖို့လေ"

"နို့ဆိုလျှင်ဖြင့် မေလေး အဝယ်မှားနေပြီ. ."

"အလိုတော် သစ္စာပန်းနဲ့ ရှုံးပန်းတွေလေ၊ အပွင့်ကြီးတွေ လှ… တာ်များ. ."

"ဘာလဲ ဘုရားပန်းအိုး တစ်နေ့တစ်ခါ ဝယ်ထိုးတတ်လား…"

"အောင်မယ်လေး ဘယ်လာတတ်နိုင်မှာတုန်း၊ ပန်းအ…ထိ… ထားရသပေါ့ရှင့်. ."

www.burmeseclassic.com

www.burmeseclassic.com



"နို့ဆိုလျှင်ဖြင့် ကြာကြာခံတဲ့ အဖူးအငုံလေးတွေ ဝယ်ရတယ် မေလေးရဲ့၊ ခုလိုဆိုတော့ လွန်ရောခံလှ နှစ်ရက်ပေါ့၊ ဟော အဖူးအငုံလေးတွေဝယ်ပြီး ဘုရားအိုးထိုးရမယ်ဆိုလျှင် သုံးလေးရက်တော့ ခံနိုင်သေးသပေါ့. ."

"အင်း. . ဟုတ်တယ်နော်။ ပန်းတစ်စည်းဈေးနှုန်းကလည်း မသေးလှဘူး။ အနည်းဆုံးဈေး ရှစ်ဆယ်နဲ့အထက်ပဲ. ."

"ဒါကတော့ မေလေးရယ် ဘုရားရှင်က သူ့ကို ဘာပန်းတွေပဲတင်ရမယ်၊ တန်းဖိုးကြီးပန်းတွေပဲ တင်ရမယ်၊ တန်ဖိုးကြီးပန်းတွေ တင်ထိုးနိုင်တဲ့သူကမှပိုပြီး ကုသိုလ်တွေရမယ်လို့ မဆိုမမိန့်ခဲ့ပါဘူး။ အဲ. . ရှိတဲ့သူက တတ်နိုင်သူက တစ်ပွင့် တစ်ဆယ်ကျော်ပေးရတဲ့ ဂန္ဓမာပန်းတွေ တစ်နေ့တစ်ခေါက်ထိုးလို့ ပြဿနာမရှိဘူး. . မရှိတဲ့သူ၊ မတတ်နိုင်တဲ့သူက ဈေးသက်သက်သာသာနဲ့ ဝယ်ရတဲ့ ပန်းလေးတွေ ဝယ်ထိုးလို့ ရပါတယ်ကောဗျာ။ တစ်နေ့ ဈေးဖိုးတောင် အနိုင်နိုင်ဆိုတဲ့သူတွေကလဲ အရွက်နုစိမ်းစိမ်းလေးတွေ ဝယ်ထိုးလို့ နို့မဟုတ် ခြံထဲမယ်ရှိတဲ့ အရွက်စိမ်းအညွန့်လေးတွေ ခူးတင်ဖို့သာ အဓိကပါ။ ပြီးတော့ ဘုရားစင်လေး သန့်သန့်ရှင်းရှင်း၊ သပ်သပ်ရပ်ရပ်ရှိဖို့ပဲပေါ့. ."

"ဟုတ်ပါတယ် ဦးပိုက်ရယ်. . သိပါသတဲ့ရှင်။ ခုမေလေး စာတွေ ဖတ်ဖြစ်ပါတယ်။ ရုပ်ရှင်အောင်လံမဂ္ဂဇင်းထဲ ရေးပြောနေတာလဲ ဖတ်ရပါတယ်။ နေ့စဉ် ဘုရားပန်းမလဲနိုင်တောင်မှ နေ့စဉ် ပန်းအိုးရေလဲပေးရမယ်။ အဲလိုမှမဟုတ်လျှင် ပန်းအိုးထိုးစရာ ပန်းမဝယ်နိုင်လို့ဆိုပြီး ဒီအတိုင်း အကြာကြီး မထားသင့်ဘူး။ အဲလို အကြာကြီးထားခြင်းအားဖြင့် ပန်းအိုးထဲက ရေတွေဟာ ပန်းအရိုးတံတွေ၊ အရွက်တွေ ရေစိုလွန်ပြီး ပုပ်ပွလို့ ရေပုပ်နံ့တွေ ထွက်လာမယ်။ လောက်ကောင်တွေတွယ်ကပ်နေ

www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုလျှင်ဖြင့် ကုသိုလ်ယူတာဟာ ကုသိုလ်ဖြစ်မလာနိုင်တော့ဘဲ၊ အကုသိုလ်သာ ဖြစ်သွားလိမ့်မယ်။ အဲလိုမဟုတ်လား၊ မေလေး ဖတ်လိုက်ရပါတယ်။ သိလည်း သိပါတယ်၊ ခုဟာက နက်ဖြန်ဥပုသ်နေ့လေ၊ ပြီးတော့ မေလေးရဲ့ ခမွေးနေ့၊ မွေးရက်နဲ့လည်း တိုက်ဆိုင်လို့ပါ ဦးပိုက်ရဲ့. . ဟဲ. . ဟဲ. . "

"ဪ. . ဪ၊ မေလေးကတော့ လုပ်ချလိုက်ပြီပေါ့။ ကဲ. . ကဲ စကားကောင်းနေလိုက်တာ ဆန်လှော်ဟင်းလေးချက်စားမယ် စိတ်ကူးရလို့ ငါးရံ့လေး ပြေးဝယ်လိုက်ဦးမယ်. . "

"နို့ဖြင့်လျှင် ဦးပိုက်ရေ ငါးရံ့ဝယ်မယ်ဆိုလျှင် တစ်ကောင်ရဲ့ အလေးချိန် ၁၅ ကျပ်သား ၂၀ သားရှိမယ့် အကောင်ရွေးဝယ်နော်။ သူ့ထက်သေးလျှင်လည်း မကောင်း၊ သိပ်ကြီးနေလျှင်လည်း မကောင်းဘူးရှင့်. . "

"မေလေးကလဲ အလာကြီးပါကလား. . "

"ဒါပေါ့၊ ဦးပိုက်ရဲ့ ဆရာကြီး ဦးသော်တာဆွေ ရေးဖူးတဲ့ စာထဲမှာ ဖတ်ဖူးလို့ ပြောနိုင်တာပေါ့၊ နောက်ရှိသေးတယ်။ ပုဇွန်ဘော့ချိတ်လေးတွေ ဝယ်လျှင် ခေါင်းတွေဖြုတ်ပြီး လှော်ပစ်စရာမလိုဘူး။ အဲဒီခေါင်းတွေကို စုပြီး ဆုံထဲထည့်ထောင်းပြီးတော့ ပိတ်စသန့်သန့်ထဲ ထည့်ပြီး ညှစ်ချ၊ (အုန်းဆီ ညှစ်သလိုပေါ့)။ အဲဒီအဆီရည်တွေကို ဒယ်ထဲထည့်ပြီးတော့ ဆီသင့်တင့်ရုံထည့်ချက်လိုက်လျှင်ဖြင့် စားကောင်းတဲ့ ပုဇွန်ဆီရတယ်တဲ့။ အဲဒါ မေလေး စမ်းလုပ်ပြီးပြီ။ နို့ကြောင့် မေလေး ပုဇွန်ဘော့ချိတ်တွေ ဝယ်ရမှာ မကြောက်တော့ဘူး။ အစကဆိုလျှင်ဖြင့် ခေါင်းတွေဖြုတ်လိုက်လျှင် ဘာမှကျန်တော့မှာ မဟုတ်လို့ ဈေးကြီးကြီး ပေးဝယ်စားရတာ မတန်ပေဘူးလို့ တွက်ရင်း. . တွက်ရင်းနဲ့ ငရုပ်စပ်စပ်နဲ့ ရောကြော်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘော့ချိတ်ပုဇွန် မစားဖြစ်တာ ကြာပြီလေ၊ ခုတော့ ဆရာကြီးနည်းအတိုင်း လုပ်စားနေရတော့ 'အိုကေ'နေတာပဲ ဦးပိုက်ရယ်. . "

"ဟဲ့-မေလေး၊ တိုးတိုးပြောပါကွယ်၊ ဈေးသည်တွေသိသွားလို့ ခေါင်းဖြုတ်၊ ကိုယ်အသားချည်းကို ရှယ်ဘော့ချိတ် ပုဇွန်ဆိုပြီး ဈေးတင် ရောင်းပြီး ခေါင်းတွေကိုလဲ သင့်တင့် ဈေးခေါ်ရောင်းနေကြလိမ့်မကွယ့်"

"စိုးရိမ်ရန်ကောရှင်၊ အဲလိုလုပ်ချင်မှတော့ ဆရာကြီးစာဖတ်မိတဲ့ ခဲ့တဲ့ ဈေးသည်တွေ လုပ်နေကြပြီပေါ့. . "

"အမ်း. . ဟုတ်ပါရဲ့. . သွားတော့မယ် ဦးပိုက်ရေ၊ နောင်များမှ တွေ့ကြသေးတာပေါ့. . "

မေသတင်းဂျာနယ်

(၁၉၉၉၊ ဒီဇင်ဘာ ၁၇ ရက်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## စေတနာရှင်တွေပါ

"မနေ့က ဈေးလာတာမတွေ့ဘူး၊ ဘာဖြစ်လို့တုန်း. . "

"ဟုတ်တယ် မေလေးရေ. . မနေ့က အစောကြီး ဒလဘက်ကမ်း နေလို့ပါ။ အဲဒီမယ် ဆရာအောင်ပြည့်ရှိတယ်လေ။ ဆရာပြည့်ကို အမိ မ်းရတာ။ အဲလိုမှ စောစောမသွားလျှင် သူနဲ့ တွေ့နိုင်မယ် မဟုတ် သူက မိုးလင်းမိုးချုပ် ဝိုင်းကျူရှင်တွေနဲ့တင် အချိန်ကုန်နေတာ . . "

"ဆရာအောင်ပြည့်ဆိုတော့ ဟို. . ရုပ်ရှင်သရုပ်ဆောင်လည်း လုပ် ယ် မဟုတ်လား။ သိတယ်၊ သိတယ်၊ ဆရာက စာမရေးတော့ဘူး ထင် . . "

"စာမရေးတော့တာမဟုတ်ပါဘူး၊ ရေးဖို့အချိန်မပေးနိုင်လို့ မရေး တာပါ။ စာရေးဆရာပဲကွယ်. . စာရေးချင်မှာပေါ့. . "

"ဒါတွေထားပါ။ ဦးပိုက်ကိုပြောစရာရှိလို့. . "

"အလို. . ထူးထူးခြားခြား အမြဲတမ်းတွေ့နေကျပဲ. . ။ မနေ့က နေ့ပဲ မတွေ့လိုက်မိကြတာပါ. . "

www.burmeseclassic.com

www.burmeseclassic.com



[illegible]ရှင်၊ ခုတာက စာအကြောင်း ပေအကြောင်း ဆွေး[illegible]

"အဲလဲ. . အလာကြီးပါကလား. . "

"လာပါရှင်. . မေလေး လက်ဘက်ရည်ဒကာခံပါ့မယ်၊ ဟိုနားက လက်ဘက်ရည်ဆိုင် သွားကြစို့. . "

"ကောင်းပါပြီဗျာ. . "

"လက်ဘက်ရည်ပဲနော်. . "

"ဟင့်အင်း. . ကော်ဖီကြမ်းပဲ သောက်တတ်တယ်. . "

"ဟိတ်ကလေး လာဦး. . နက်စ်အောဝမ်း၊ တီးဝမ်းနော်. . "

"ကဲ. . ဆို၊ ဘာကိစ္စပြောချင်၊ ဆွေးနွေးချင်တာတုန်း. . "

"ဂျာနယ်တစ်စောင်မှာ ဖတ်လိုက်ရတယ်၊ ဘာလဲဆိုတော့ လက်ချိုးပြောလို့ရတဲ့ စာရေးဆရာအချို့ကတဲ့ မဂ္ဂဇင်း၊ ဂျာနယ်တွေမှာ ဘာသာရေးဆောင်းပါးတွေ လက်စွမ်းပြနေကြတယ်တဲ့။ အဲ သူတို့ရေးတဲ့ စာတွေကသာ အရက်မသောက်လို့ ဘယ်လို ကုသိုလ်ထူးရပုံ၊ ကာငါးပါးလုံလို့ ဘယ်လိုထူးခြားတယ်ဆိုတာမျိုး ရေးပြနေကြပေမင့် သူတို့ကိုယ်နှိုက်က အဲဒီဘာသာရေးဆောင်းပါးတွေကို အရက်မူးမူးနဲ့ ရေးနေကြတယ်ဆိုပြီး ဝေဖန်ရှုံ့ချထားလေရဲ့. . "

"တော်ပြီ. . သိပြီ. . ဒါက သည်လိုရှိတယ်လေ၊ အရက်ကြိုက်တတ်ကြလို့ သောက်ကြတယ်၊ နို့ပေမင့် သူတို့ကသာ ကြိုက်ကြတာ၊ စာဖတ်ပရိသတ်ကို အရက်ကောင်းကြောင်း၊ သောက်သင့်ကြောင်း ရေးပြနေကြတာမဟုတ်ဘူးလေ၊ မကောင်းကြောင်းသာ ရေးပြနေကြတာပဲ။ အရေးကြီးတာ ဘာအလုပ်ပဲလုပ်လုပ် စာရေးတဲ့အခါပဲဖြစ်ဖြစ်ပေါ့. . စေတနာပါဖို့ အဓိကပါ။ စေတနာမှန်ဖို့ အရေးကြီးတာပါ. . "

www.burmeseclassic.com

www.burmeseclassic.com



"ဒို့ဖြစ်လျှင် ဦးပိုက်က အဲလိုလူတွေ●●●သူတို့လို ရှုံ့ချတဲ့အထဲ မပါဘူးပေါ့. ."

"ဒါပေါ့ဗျာ၊ အဲလို●●တွေက မှန်ကန်တဲ့ အတွေးခေါ်နဲ့ စေတနာပါတဲ့ စာပေတွေ ရေးနေကြတာကို ချီးကျူးရမပေါ့။ ကဲပါ မေလေးရယ် ဒီကိစ္စတွေက ဝင်ပြောလို့ သိပ်ကောင်းတာမဟုတ်ပါဘူး။ ဒီလောက် ပြောလျှင်ဖြင့် မေလေး သဘောပေါက်လောက်ပြီပေါ့နော်. ."

"ကျေးဇူးတင်ပါသတဲ့ရှင်၊ အဲ. . တစ်ခုမေးလိုက်ပါရစေဦး၊ ဂျာနယ်တွေအပေါ် ဘယ်လိုမြင်လဲဟင်. ."

"အော်. . မေလေးကလည်း ဘယ်လိုမြင်မှာတုန်းဗျ။ တစ်စောင်ကို သုံးဆယ်ကျပ်နဲ့ ဝယ်ဖတ်နေရတယ်။ အငှားဆိုင်မယ် မရှိဘူး။ ဒီလောက်ပဲ သိတယ်၊ မြင်တယ်. ."

"ဦးပိုက်ကတော့ အရှောင်အတိမ်း ကောင်းတယ်တော့၊ ကဲ. . မေလေးလဲ ဈေးမဝယ်ရသေးဘူး သွားကြစို့။ ဦးပိုက် ဘာဟင်းလျာ ဝယ်မယ် စိတ်ကူးပါလာသလဲ. ."

"အင်း. . အစကတော့ ဘာစိတ်ကူးမှ ပါမလာဘူး၊ ခု မေလေးနဲ့ တွေ့မှ ဘာချက်စားရမယ် သိလိုက်ပြီ. ."

"ဒို့ဖြင့် မေလေးကို ကျေးဇူးတင်ရမပေါ့. . ကဲပြော၊ ဘာစိတ်ကူးရသွားသလဲ. ."

"ဟဲ. . ဟဲ. . ငါးပုဏ္ဏား ချက်စားမယ်လို့. ."

"ဟင်. ."

မေသတင်ဂျာနယ်

(၁၉၉၉၊ ဒီဇင်ဘာ ၂၂ ရက်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



"အင်း..မှတ်ထားရမယ်.."

"ဒီကို သူ့ချည်းသက်သက်မဟုတ်ဘဲ..ကန်စွန်းရွက်ကလေး ရော ထည့်ချက်လျှင်ဖြင့် အဆိပ်အတောက်လဲကင်း၊ စားလို့လဲ ပိုကောင်းသဗျ.."

"ဟုတ်တယ်..ကန်စွန်းရွက်ဝယ်မလို့ပဲ လတ်ဆတ်လန်းဆန်းတဲ့ ကန်စွန်းရွက်မတွေ့သေးလို့။ အဲ..ပြောရဦးမယ်။ ဟိုရှေ့လေးနားမယ် အရိုးတံရှည်ရှည် ခေါင်းလုံးသေးသေးလေးတွေနဲ့ မှိုတွေရောင်းနေတယ်။ အဲဒါ ဘာမှိုလို့ ခေါ်သလဲတော့ မသိဘူး။ ဦးပိုက် သိလားဟင်။ ဒီ ကောက်ရိုးမှိုနဲ့ ဘယ်ဒင်းက ပိုစားကောင်းသလဲ.."

"အဲဒါ ဖက်ဆွတ်မှိုလို့ ခေါ်တယ်၊ အရိုးတံရှည်ရှည်မဟုတ်ဘူးဗျ။ အမြစ်လို့ခေါ်နိုင်တယ်။ ဘာလို့လည်းဆိုတော့ သူကမြေပေါ်မှာ အငုံ ခေါင်းလေးတွေ ခပ်နိမ့်နိမ့်သာ မြေပေါ်ထွက်နေတာ။ အစုလိုက်အပြု လိုက်ပေါ့။ အဲဒါကို ဆွဲနုတ်ယူလိုက်လျှင် အမြစ်အရှည်ကြီး ပါလာတယ်။ စားကောင်းတာတော့ မပြောလေနဲ့။ ကောက်ရိုးမှိုနဲ့ အရသာချင်း ဘာမှ မဆိုင်ဘူးဗျ.."

"ဟုတ်လား..နို့ဖြင့် ဘာလို့ အဲဒီမှိုကို ဝယ်စားသူတွေ သိပ်မရှိ ကြတာလဲ.."

"အဆိပ်အတောက်ပါမယ်ထင်ပြီး မစားကြတာရယ်..ပြီးတော့ မြင်တွေ့ဖူးခြင်းမရှိလို့ မစားဝံ့ကြတာရယ်ကြောင့်ပါ။ တကယ်ဆိုလျှင်ဖြင့် မှိုမျိုးစုံထဲမှ အဲဒီ ဖက်ဆွတ်မှိုဟာဖြင့် အကောင်းဆုံးလို့ ဦးပိုက်တော့ ပြောချင်တာပဲ.."

"ဦးပိုက် စားဖူးလို့လား.."

"စားဖူးသမှ လတ်လတ်ဆတ်ဆတ်ကို စားဖူးတာဗျ။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တောတောင်ထဲ သွားလာရင်း ဖတ်ဆွတ်မှိုတွေ့ပြီဟေ့ ဆိုတာနဲ့ မလွတ်တမ်း စားဖြစ်အောင် စားတာပဲဗျာ. ."

"အစားရဲလိုက်တာရှင်. . မကြောက်ဘူးလား. ."

"မကြောက်ပေါင်ဗျာ၊ ကိုယ်က မှိုအမျိုးစားကောင်း ခွဲခြားသိတာကိုး. ."

"တချို့ မှိုစားလို့ အဆိပ်တောက်ပြီး အော့အန်ကြ၊ သေကြတာ ကြားဖူးတာပဲ၊ အဲဒါ ဘယ်လိုဖြစ်တာတုန်း. ."

"မစားသင့်တဲ့ မှိုကို အငမ်းမရ စားကြလို့ပေါ့. ."

"မစားသင့်တဲ့မှို၊ စားသင့်တဲ့မှို ဘယ်လိုခွဲခြားနိုင်သလဲ. ."

"အင်း တကယ်တော့ တတ်သိနားလည်တဲ့ လူကို မေးစမ်းကြည့်ပြီးမှ စားတာပိုကောင်းတာပေါ့"။ အဲ နို့မှမဟုတ် အကြမ်းဖျင်းအားဖြင့် မြေမှာ ပေါက်နေတဲ့ မှိုရဲ့အရင်းပိုင်းတိုင်ကို လက်သည်းနဲ့ ထိုးဆိတ်ဖဲ့ကြည့်၊ ခရမ်းပြာရောင်ပေါ်လာလျှင် မစားနဲ့တော့၊ အဲဒီမှိုဟာဖြင့် အဆိပ်အတောက်ရှိတဲ့ မှိုလို့မှတ်။ အဲဒီလောက်ပဲ ကျွန်တော်သိတယ်. ."

"နို့ဖြင့် စောက ဖတ်ဆွတ်မှို ဆိုတာကျတော့ သူတို့ဘယ်အချိန်က နုတ်လာမှန်းမသိ၊ ခုမှ ဆိတ်ဖဲ့ကြည့်လို့ကော ရပ့်မလား. ."

"ဘယ်ရပ့်မလဲဗျ၊ အဲဒီလိုမှိုကျတော့ စားရတဲ့မှိုမှန်း သိနေကြတာကိုး။ ဒါ ပြဿနာမရှိပါဘူး. ."

"သူက အဆိပ်အတောက်ကင်းသလား. ."

"လုံးဝအကင်းကြီးတော့ မဟုတ်ပါဘူး၊ တန်ဆေးလွန်ဘေးပေါ့ဗျာ။ ဘာအစားမဆို တော်သင့်ရုံစားသင့်တာပဲ၊ များသွားလျှင် အဆိပ်အတောက်ပါမှရယ် မဟုတ်ဘူး၊ လူကို ဥပါဒ်ပေးနိုင်တာပဲလေ. ."

ဦးပိုက်ရေးတဲ့ စာတွေထဲမှာ ဖတ်ဖူးတယ်၊ မြွေအဆိပ်ပြင်းလေ

www.burmeseclassic.com

www.burmeseclassic.com



သူ့အသားက စားလို့ ပိုချိုသေးတဲ့ အဲဒါ ဟုတ်လား။

"သိပ်ဟုတ်တာပေါ့ဗျာ၊ ဘဲငါးပိုတင်း စားလို့မှ ချိုပေဘူးလား၊ သူ
ဟာ မစားတတ်လျှင် အန္တရာယ်ရှိတယ်။ မြွေသွားလို့ အရှုံပဲ၊ အဆိပ်
ပြင်းတဲ့မြွေဟာ အသားပိုချိုတယ်။ အဲဒီသားတွေကိုကြည့်..."

"အော် ဟုတ်ပြီ၊ မွေ့ရွေလေးသဘောပေါက်ပြီ။ ဖတ်ဆွတ်မှုဟာ
ကောက်ရိုးမှုထက် ပိုချိုတယ်ဆိုတော့ ဖတ်ဆွတ်မှုဟာဖြင့် ကောက်ရိုး
ထက် စားတဲ့အခါ အန္တရာယ် နည်းနည်းပိုရှိတယ်ဆိုချင်တာပေါ့။"

"ဒါပေါ့ဗျာ၊ နို့ပေမယ့် အဆိပ်အတော်ကျွယ်စေတဲ့ ကန့်ဇွန်းရွက်
ကွာလေး ရောချက်စားလျှင် ပိတ်နိုင်တာပေါ့။"

အင်း၊ ဦးပုကတော့ အတော် နှံ့စပ်တာပဲနော်။

နှံ့စပ်ချင်လို့ မဟုတ်ပါဘူးဗျာ၊ ဘဝက စခဲ့တော့ ရွှေနှာအ
ရောက်ခဲ့တယ်။ ဒီတော့ လူမျိုးပေါင်းစုံနဲ့ ကြုံ၊ သူတို့နဲ့ လက်ရှေ့ရှာ
တွေ့စွာ နည်းတွင်စားသောက်ခဲ့ရလေတော့ မစုလမှုရ စရိတ်ပေါ့ဗျာ။

အရှင်း ဒါက ကိုယ်ပမ ဖြစ်တာပ။ ဦးပုကကိုယ်တိုင်က ရှိ
အစားအသောက်ကြွမ်းတဲ့ပါနော်။

ဟဲ ဟဲ ဟုတ်ပါ့သဗျာ၊ မွေ့ရွေလေး ပြောတာနဲ့ ဖတ်ဆွတ်
တောင် စားချင်လာပြီ။ ဘယ်နားမယ်ရှာရမှန်း၊ လွမ်းသည်ပါဘူးဗျာ။

"ငါးတန်းဘက်မှာရှိတယ်၊ မြန်မြန်သွားပေ့ရှာ၊ ဦးပုကလို လူမျိုး
တွေ ရောက်လာလျှင် မရလိုက်ဘူးဖြစ်မယ်။"

ကျေးဇူးပဲ မေလေးရေ့၊ နောက်မှ တွေ့တာပေါ့။

မေမြတွင်းကျော်နယ်

(၂၀၀၀၊ ဖေဖော်ဝါရီ ၂ ရက်)

www.burmeseclassic.com



# ဈေးသည်နှင့် ဈေးဝယ်သော်တာရှင်

www.burmeseclassic.com

## ဈေးသည်နှင့် ဈေးဝယ် ဆက်ဆံရေး

"အောင်မယ်. . အောင်မယ် ဦးပိုက်ကြီးပါကလား၊ ဘာတွေဝယ်နေတာတုန်း. ."

"ဝက်နံရိုးနဲ့ ကြံ့မဆိုင်ချက်မယ် စိတ်ကူးရှိလို့. ."

"ကြံ့မဆိုင်ဝယ်လျှင်ဖြင့် အသစ်နဲ့အဟောင်းမျှပြီး ရောစပ် ဝယ်နော်"

"အံမယ်၊ မေလေးကလည်း အလာကြီးပါလား. ."

"ဟဲ. . ဟဲ. . ဒါကတော့ ဦးပိုက်ကြီးပြောသလို အတွေ့အကြုံနဲ့ဆိုင်တာပေါ့နော်. ."

"ဟုတ်ပါ့ဗျာ. . အဲ. . နို့ ရှင်းပါဦး. . "

"အော်. . ကြံ့မဆိုင်အဟောင်းဆိုတာ ပြီးခဲ့တဲ့နှစ်က စိမ်ထားတာကိုပြောတာ၊ အသစ်ဆိုတာက ဒီနှစ်အတွင်းမှာ စိမ်တာပေါ့ရှင်၊ အဟောင်းက ကြာတော့ အချဉ်တော်တော်စူးတယ်လေ၊ အသစ်က အချဉ်နည်းသေးတယ်။ နှစ်မျိုးမျှဝယ်ချက်တော့ ပိုစားကောင်းတာပေါ့။ တစ်လက်စ

www.burmeseclassic.com

www.burmeseclassic.com



ညည်း ဆက်ပြောလိုက်ဦးမယ်၊ အဟောင်းအသစ် ခွဲတတ်ဖို့က လွယ်ပါ့ချင်၊ အပင်ထွားထွားညိုညိုကြီးတွေက အဟောင်း၊ အပင်သေးတွေက အသစ်နော်. ."

"ထားပါလေ. ."

"ဘာထားပါလေလဲ. . မဟုတ်လို့လား. . "

"ဟုတ်ပါဗျာ. . နို့ဖြင့် မေလေး ဘာတွေဝယ်လာတုန်း. . "

"ပုဇွန်စိပ်ထုပ်လေးတွေ ဝယ်လာတယ်၊ အလေးချိန်ခွင်မှန်ပြီး ဈေးချိုတယ်၊ ဦးပိုက်ကို ညွှန်ရဦးမယ်. ."

"အမယ် သိပြီးသားပါနော်၊ ကျွန်တော်တော့ အဲဒီဆိုင်မှာ ခုမဝယ်တော့ဘူး. ."

"အလိုတော်. . ဘာဖြစ်လို့. . "

"အလေးမှန် ဈေးမှန်ပေမင့် ပြောဆိုဆက်ဆံရေးက အင်မတန်ညံ့ဖျင်းလို့ပေါ့ဗျ. ."

"အင်း. . ဟုတ်တယ်၊ ဟုတ်တယ်၊ သူရောင်းတာ အလေးမှန်တယ်၊ ဈေးမှန်တယ်ဆိုပြီး ခပ်မာမာလေသံပဲ. ."

"တစ်ခါတုန်းဆို ခွင့်လွှတ်နိုင်သေးရဲ့၊ ဩော် သူ့ခမြာ လူအမျိုးမျိုးနဲ့ ဆက်ဆံရတော့ ဒီလောက်တော့ ရှိမပေါ့ရယ်။ အစက ကျွန်တော်သတ်မှတ်ထားပါတယ်။ နို့ပေမင့်ဗျာ၊ နေ့တိုင်းပဲ သူ့ရဲ့အပြောအဆိုတွေတာ ရိုင်းပြနေတတ်တယ်။ တစ်နေ့ထက်တစ်နေ့ ပိုပိုပြီး ကြမ်းလာတယ်။ ဈေးဝယ်တွေအပေါ်မှာ မောက်မောက်မာမာ ဆက်ဆံလာတယ်။ ဈေးဝယ်ဗျာ. . ဝယ်လိုတဲ့ ပစ္စည်းကောင်းမကောင်း ကိုင်တွယ်ကြည့်မှာပဲ၊ အလေးမှန်ပေးဖို့ ပြောမှာပဲ။ ဒါကို သူက 'အလိုတော် ဟိုဖွဒီဖွ မလုပ်ပါနဲ့၊ ပစ္စည်းမကောင်းလျှင် လုံးဝထည့်မချိန်ပေးဘူး၊ စိတ်ချ၊ မဝယ်လျှင်နေ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# နေတတ်ဖို့လိုသည်

"ဈေးသည်တွေ တော်တော်ဆိုးသဗျာ. ."

"ဘယ်လိုဖြစ်ရပြန်တာတုန်း ဦးပိုက်ရဲ့. ."

"ဘယ့်နှယ်ဖြစ်မှာတုန်းဗျာ။ မနေ့က ကျွန်တော် မအားလို့ ညီကို ဈေးလွှတ်၊ ဟင်းလျာဝယ်ခိုင်းလိုက်သဗျာ။ ဒီကောင်လေးက တာမွေဈေး သွားဝယ်တယ်။ မှာလိုက်တာ ငါးဖယ်ခြစ်၊ သူဝယ်လာတော့ ငါးမြစ်ချင်း ခြစ်ဗျာ. ."

"ဩော်. . ဒါကတော့ ဦးပိုက်ရယ်၊ ငါးဖယ်ခြစ်မရှိလို့ ငါးမြစ်ချင်း ခြစ် ဝယ်လာတာဖြစ်မပေါ့. ."

"ဟုတ်ဘူး မေလေးရဲ့၊ ငါးဖယ်ခြစ် ဝယ်တာပဲတဲ့။ အိမ်ပြန်ရောက် တော့ကော ငါးမြစ်ချင်းခြစ် ဖြစ်နေတယ်. ."

"ဘယ့်နှယ်ဖြစ်ရတာတုန်း. ."

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဗျာ..."

) ငါးမြစ်ချင်းခြစ်

ဖြစ်ဒေ [redacted]

"ဟာဗျာ.. အဲလိုဟုတ်ဘူးဗျ။ သူက ငါးဖယ်ခြစ်ကော ငါးမြစ်ချင်းခြစ်ပါ နှစ်မျိုးရောင်းတော့ကာ ငါးဖယ်ခြစ်ဈေးတင်ပြီး ဝယ်သူအလစ်မယ် ငါးမြစ်ချင်းခြစ်ကို နှိုက်ထည့်ချိန်ပေးလိုက်တာပေါ့ဗျာ.."

"ညီဖြစ်သူက သေချာမကြည့်ဘူးလား.."

"သူတို့က ဈေးဝယ်နေကျမဟုတ်တော့ အဲဒီလိုလုပ်လိမ့်မယ်လည်း မထင်လို့ ယုံယုံကြည်ကြည်နဲ့ ချိန်ပေးတာ ထည့်ယူလာခဲ့တာကိုးဗျ.."

"လာဝယ်တဲ့သူတိုင်းကို အဲလို လုပ်နေကျလား မသိဘူးနော်.."

"ဝယ်သူတိုင်းတော့ သူ... မလုပ်ပါဘူး... ကျွန်တော့်ညီလို နုံနုံအအ မအူမလည် ဈေးဝယ်မျိုးကိုသာ လုပ်တာပေါ့။ နို့ကြောင့် ဈေးဝယ်လေ့ဝယ်ထမရှိတဲ့သူတွေ ဈေးဝယ်ထွက်လျှင်ဖြင့် သို့မဟုတ် ကိုယ်က လွှတ်လျှင်ဖြင့် ငါးဖယ်နဲ့ ငါးမြစ်ချင်းခြစ် တစ်ရောတည်းဆင်တူမျိုးကို ရှောင်ဝယ်ခဲ့ဖို့ မှာလိုက်သင့်တယ်။ အဲဒါမှ မဟုတ်ရင် သည်လိုဆိုလျှင်ဖြင့် ငါးဖယ်နဲ့ ငါးမြစ်ချင်းခြစ် ရောကုန်ကြတယ်။ ဈေးသည်တွေကလည်း မခွဲပါဘူး.. မျက်လှည့် လှည့်လည်နေသူ ... ပေါ့.."

"ဈေးဝယ်သူအမြင်မှာတော့ ငါးဖယ်က သပ်သပ်တစ်ဘာနား ငါးမြစ်ချင်းက သပ်သပ်တစ်ဘာနား။ ဒါ့ပေမဲ့ ငါးဖယ်ခြစ်မှုနဲ့ ... သိမသာ ရှောထားတဲ့ အရောအနှောပွဲကို ကပ်ယှဉ်းသလေ... မလည်ဈေးဝယ်သူလှူဖြင့် အဲဒီ အရန်သင့်အရောအနှောကို တိုးထည့် ချိန်ပေးလိုက်တာပေါ့.."

www.burmeseclassic.com



[illegible]

တယ်။ ငါးမြစ်ချင်းခြစ်က ဖွယ်တယ်၊ အသိသာကြီးပါဗျာ။ [illegible]

“ခြေသော့ [illegible] ကြွားတယ်”

[illegible]

“ဟုတ်တယ် [illegible]

[illegible] ပြော

ကြတယ်” [illegible]

[illegible]

ကိစ္စများမြောင် ရှိကြတာပဲ။ အားမှလာကြ [illegible]

[illegible]

တယ်လို့ [illegible] ကြတာ။

မိသားစုကိစ္စ ရှိချင်ရှိမယ်။ ကိုယ်ရေးကိုယ်တာကိစ္စ ရှိချင်ရှိမယ်။ လူကိုယ်တိုင်

[illegible] အကြောင်းနဲ့ သူ ရှိကြတာချည်းပေါ့ဗျာ။ အဲဒါကို ကျွန်တော်က

[illegible] မလာကြဘူးဆိုပြီး စိတ်ကောက် စိတ်ဆိုးနေလို့

ဘယ်ဖြစ်မလဲဗျ။ ဖြစ်နိုင်လ [illegible] အရာရာကို အကောင်းမြင်ဝါဒနဲ့

www.burmeseclassic.com

www.burmeseclassic.com



ရှုမြင်တတ်ဖို့ လိုသဗျ။ ဒါတွေဟာ တရားနဲ့နီးစပ်သူ၊ တရားရှိသူတွေမှာ ထားတတ်တဲ့စိတ်ထားး။ ကဲ. . မေလေး စဉ်းစားကြည့်ဗျာ။ သေတဲ့သူက သေပြီ။ အာမှသိရွှေ့တော့မှာ မဟုတ်ဘူး။ သူ့နောက်ဆုံးခရီး စည်ကားတာ၊ မစည်ကားတာ သူမသိတော့ဘူး။ အဲ. . ကျန်ရစ်သူတွေကသာ ဇာချဲ့နေကြတာပါဗျာ. . ”

“အင်း. . ဦးပိုက်ပြောတာလည်း ဟုတ်တာပဲ. . ”

“ကဲ. . မေလေးရေ တကယ်ဖြစ်ရမှာက သေမှ လွမ်းပြနေကြမယ့်အစား မသေခင်မှာ ချစ်ချစ်ခင်ခင်နေထိုင်ကြဖို့၊ တစ်ဦးပေါ်တစ်ဦး နားလည်ကြဖို့၊ ကိုယ်ချင်းစာနာစိတ် ရှိကြဖို့သာ လိုသဗျ. . ”

“အဲ. . နို့ဖြင့် ဦးပိုက်အမေဆုံးတုန်းက မေလေး အသုဘလိုက်မပို့ဖြစ်တာ စိတ်မကွက်ဘူးပေါ့. . ”

“ဩော်. . ပြောပြီးကော မေ့လေးရယ်။ ဘယ်သူ့ကိုမှ စိတ်မကွက်ပါဘူးဗျာ။ ကျွန်တော့်မှာ နားလည်မှုတွေ ရှိပါတယ်။ ဘယ်သူတွေ ဘယ်ဝါတွေ မလာကြဘူး အမေရေလို့ အော်ကြီးဟစ်ကျယ် ပြောနေလို့ကော အမေက သိမှာတဲ့လားဗျာ. . ”

“ဟုတ်တယ်. . ဟုတ်တယ်၊ အဲလိုသာ ဦးပိုက်အော်နေလျှင်ဖြင့်”

“ဘာလဲ၊ ဒီတော့ ဦးပိုက်ကိုပဲ အမြင်ကတ်ပြီး ဦးပိုက်သေလျှင် ဘယ်သူမှတောင် လာကြတော့မှာမဟုတ်ဘူး ပြောမလို့မဟုတ်လား. . ”

“ဟိ. . ဟိ. . ခစ်. . ခစ်. . သွားတော့မယ် ဦးပိုက်ရေ. . ”

မေသတောင်းကျွန်းယ်
(၂၀၀၀၊ ဧပြီ ၁၉ ရက်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



တ … မယ်မှ … ပါဘူး ဦးပို …

ကို …

"အလို့ပြော … အဲ …

ကာလစပ်ကြီး အလုပ် … အာ …

တင်းနေရမှာပဲပေါ့ဗျာ."

"ဟုတ်ပါတယ်. . အဲဒီအာ … ထဲလို …

ဖော်က် ဖြည့်ထည့်ရုံ့ရာ သျှာက လက်ခံမှသ … ဖြစ်ပေ …

မိန်းကြောင့် လျှာရှင်းမြိက်ဖ္ဖဖို့ ဘာဟင်းချက်ရပ့်ခိုတာ အမြဲ …

ယ်ပေ့ … တစ်နေ့ လာကြ … သား … ငါးချ …

ငါးမြင်း၊ ဒါ … လည်နေတာ … ချင်."

"ဟာ …

www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်တာလဲ ဦးပိုက်ရဲ့. ."

"ဪ. . ဘာရယ်မဟုတ်ပါဘူးဗျာ၊ မေလေးတို့က တတ်နိုင်သူ တွေမို့ ဈေးကြီးပေးရတဲ့ အသားငါးတွေ၊ ဒါတွေပဲ လှည့်ပတ်ချက်စားနေ တော့ ရိုးအီတော့မပေါ့. ."

"ဟုတ်ပါ့ရှင်. . . ခုလို နေပြင်းလာတော့ ပိုလို့တောင် အစား အသောက် ပျက်ပါ့ရှင်။ လျှာရင်းမြက်စေဖို့ ဘာဟင်းချက်ရပါ့ ဆိုတာ တစ်ဆိတ်ပြောပြနိုင်လျှင် ပြောပါလားရှင်. ."

"ကဲ. . မေလေးက တောင်းဆိုလာတော့လည်း ဒီကနေ့ တစ်နေ့ တော့ဖြင့် အကြံပေးလိုက်ပါ့မဗျာ. . တစ်ခုတော့ရှိတယ်၊ ဒါဟာ ဆင်းရဲ သားစာ၊ တောစာလို့ ပြောလို့ရတယ်၊ မေလေး စားနိုင်ပါ့မလား. ."

"သူဌေးစာ၊ ဆင်းရဲသားစာရယ်လို့ ရှိရသေးလားရှင်၊ အစာ အာဟာရမှန်သမျှ လူတိုင်းနဲ့ဆိုင်တယ်မဟုတ်လား. ."

"အဖိုးနည်းဝန်ပါ ဟင်းမို့ ပြောလိုက်ရတာပါ။ တချို့က အိမ်မှာ ကန်စွန်းရွက်ဝယ်စားလျှင်ပဲ သိမ်ငယ်တယ်လို့ ထင်တတ်ကြတယ်၊ အဲဒီ လူစားတွေပဲ. . 'ဟိုတယ်' ကြီးတွေမှာ တက်ပြီး ဈေးကြီးပေးရတဲ့ ကန်စွန်း ရွက်ကို ဝယ်စားကြသဗျ. . ခု ကျွန်တော်ပြောမယ့် ဟင်းလျာက ဈေး သက်သက်သာသာနဲ့ စားမြိန်မယ့်ဟင်းမို့ ပြောလိုက်ရတာပါ. ."

"ပြောမှာသာ ပြောပါရှင်. . ဘာဟင်းချက်စားရမှာတုန်း. ."

"ငါးကလေး အိုးကပ်လေး၊ ငါးတန်းထဲမယ် ငါးဘဲလေးတွေ တွေ့မိ တယ်။ တစ်ဆယ်သားမှ သုံးဆယ်ကျပ်ရယ်။ အဲဒါကိုဝယ်ပြီး အိုးကပ် ချက်စားပေါ့ဗျာ။ မန်ကျည်းရွက်တွေလဲ လှိုင်လှိုင်ပေါ်နေပြီ၊ တစ်ဆယ်သား မှ သုံးလေးဆယ်ရယ်။ မန်ကျည်းရွက်ဟင်းချိုရည်လေးချက်ဗျာ. . ပြီးတော့ ငါးပိရည်ကျို ကောင်းကောင်းတစ်ခွက်ဖျော်၊ အတို့အမြုပ်အပြ တည်း

www.burmeseclassic.com



သီးနုနုလေးတွေ အစိမ်းတို့စားစမ်းဗျာ။ 'ရာစေ့' အရွယ် တညင်း သီးတစ်လုံးမှ နှစ်ကျပ်ခွဲ၊ သုံးကျပ်ရယ်။ မေလေးရဲ့လျှာရင်းမမြက် ပြော ချင်သလို ပြောတော့ဗျာ. . "

"ကောင်းသားပဲ. . နို့ပေမင့် မေလေးက ငါးအိုးကပ် ကြိုက်တော့ ကြိုက်ပါရဲ့၊ ချက်လေ့ချက်ထမရှိတော့ အိုးကပ်က ချိုးကပ်သွားလျှင်ဖြင့် စားကောင်းလိမ့်မယ် မထင်ဘူးရှင့်. . "

"ဩော်. . ဒါများမေလေးရယ်. . အိုးကပ်ဆိုပါမှ ချိုးတော့ နည်း နည်းကပ်တော့မပေါ့. . "

"ဟုတ်ပါတယ်. . အဲဒီနီနီရဲရဲအဆင့်ထိ ချိုးကပ်တာလောက် မဟုတ်ဘဲ. . မဲမဲတူးတူး ချိုးကပ်သွားလျှင်ဖြင့် မကောင်းတော့ဘူး ပြော တာပါ. . "

"နို့ဖြင့်. . မဒမ်ပိုက်ရဲ့ ဘယ်လိုမှ ချိုးမတူးတဲ့ ငါးလေးအိုးကပ် ချက်နည်း ပေးလိုက်မယ်. . "

"လုပ်ပါရှင်. . ချက်ကြည့်ရတာပေါ့. . "

"အိုးကပ်ဆိုလျှင်ဖြင့် အရိုးနုလေးတွေ ထိုးထိုးထောင်ထောင် ကျ နေပြီး စားလိုက်လျှင်ဖြင့် ပျင်းတွဲတွဲနဲ့ သွားဖုံးစူးမှာလည်း ကြောက်ရသေး မီးရှိန်လွန်ပြီး အိုးကပ်က တူးမှာလည်း ကြောက်ရသေးသဗျ၊ ဒီတော့. . မဒမ်ပိုက်ရဲ့ အိုးကပ်ချက်နည်း ပြောလိုက်မဗျာ. . "

"ပြောမှာသာပြောပါရှင်. . "

"ဒီလိုဗျ. . မဒမ်ပိုက်က ငါးလေးတွေကို အရင်ဆီအိုးထဲ ထည့် ကြော်လိုက်တယ်။ ဒီနောက် ငရုတ်သီးကြက်သွန်ထောင်းပြီးတာကို ဆီ သတ်ပြီး အစိမ်းနံ့ပျောက်လုမှာ ငရုတ်သီးအစိမ်းတောင့်ပါ ရောထည့် လိုက်ပြန်တယ်။ ငရုတ်သီးအစိမ်းနံ့ပျောက်ပြီး ငရုတ်သီးစိမ်းနံ့သင်းသ

www.burmeseclassic.com



လေးထွက်လာတဲ့အခါမှာ စောစောက ကြော်ပြီးဖြစ်တဲ့ ငါးကြော်တွေကို ထည့် . . အပေါ်အငန်လိုသလောက် မြည်းစမ်းပြီး ရေနည်းနည်း ထပ်ထည့်။ ဆီပြန်အောင် ပြန်ထားသဗျ။ အဲဒါ ငါးကလေးအိုးကပ် သဘောပဲတဲ့လေ။ ဟဲ . . ဟဲ . . စားလို့တော့ ကောင်းဗျာ . . "

"ဟုတ်ပြီ . . ဒီကနေ့ ဦးပိုက်ပြောတဲ့ ငါးလေးအိုးကပ် ချက်စားမယ်၊ ဪ . . နို့ ဟိုတလောက ဦးပိုက်ရေးတဲ့စာ ဖတ်လိုက်ရတယ်၊ မှားနေသလားလို့ . . "

"ဘယ်သင်းကို ဆိုလိုတာလဲဗျ . . "

"ဟိုလေ 'တနင်္လာ ကေသာဆံဖြတ် မပြုအပ်' ဆိုတဲ့ အကြောင်း ရေးထားတဲ့ ဆောင်းပါးမှာ . . "

"ဪ . . သိပြီ . . မပြောနဲ့တော့၊ ဆိုင်နာမည်မှားတဲ့ကိစ္စ မဟုတ်သား။ အဲဒါ ကျွန်တော် အမှတ်မှားတဲ့ကိစ္စပါ၊ တကယ်တော့ အဲဒီဆိုင်နာမည်က 'ဂရိတ်' မဟုတ်ဘူးလေ၊ 'ဂရင်း' ဗျ။ ဒီကိစ္စကို ကျွန်တော် ပြန်ရှင်းပြပါဦးမယ်။ ကျွန်တော့်ရဲ့ အမှတ်မှားမှုကြောင့် မှားယွင်းသွားရတာပါ။ ပြီးတော့ ရှိသေးဗျာ . . ဦးလှဖေရဲ့အသက်က ၈၆ နှစ် မဟုတ်ဘူးဗျ။ ၇၆ နှစ်၊ စာစီမှားတာထင်ပါ့။ နို့ မေလေးက ဘယ်လိုကြောင့် အဲဒီ ဆိုင်အမည် အမှားပါလို့ ပြောနိုင်ရတာတုန်း . . "

"ဪ . . မေလေး သိတာမဟုတ်ပါဘူး။ ဖေဖေပြောလို့ သိရတာပါ။ ဖေဖေကတော့ အဲဒီခေတ်အခါကို မီခဲ့တာကိုး။ နို့ကြောင့် ဦးပိုက်ရေးတဲ့ စာထဲမှာ ဆိုင်နာမည်မှားတာကို ပြောနိုင်သပေါ့ရှင် . . "

"ကျေးဇူးတင်ပါတယ် မေလေးရယ်၊ မေလေး ဖေဖေကို ပြောလိုက်ပါ အဲဒါ စာရေးသူ ကျွန်တော်ရဲ့ အမှတ်မှားခဲ့မိတဲ့ အပြစ်ပါလို့ . . "

www.burmeseclassic.com

www.burmeseclassic.com




"ကောင်းပါပြီရှင်. . ကဲ. . သွားတော့မယ်နော်။ ဘာဟာင်းချက်ရပါ ရယ်လို့ စဉ်းစားမရ နှိပ်စက်မှုဝကြုံနေရတဲ့ ဒုက္ခတစ်ခုကို ကူညီဖြေရှင်းပေး တဲ့အတွက် ကျေးဇူးတင်ပါသတဲ့ ရှင်။ နောက်နေ့တွေ ကြုံရင်လည်း နည်း ပေးလမ်းညွှန်ပါဦးရှင်. ."

"ကောင်းပါပြီတဲ့ဗျာ. ."

မေသတင်းဂျာနယ်
(၂၀၀၀၊ မေ ၁၇ ရက်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## အာဗရောင်ဆိုးသူများ

"ဟော . . ဦးပိုက်၊ အတော်ပဲ ရှင် . . ဟိုးဘက်ငါးတန်းထိပ်က ပုစွန်ဆိုင်မယ် ဆတ်ထုပ်လေးတွေ လတ်မှလတ်ရှင် . . စိမ်းနေတာပဲ . ."

". . . . ."

"ဘာရယ်နေတာတုန်းရှင့် . ."

"ဘာရယ်မဟုတ်ပါဘူး . . မေလေးက ဈေးဝယ်တာလည်း ကြာပြီ သားငါးတွေ လတ်မလတ် မသိသေးဘူးလား၊ ကျွန်တော် အဲဒီဘက် ရောက်ခဲ့ပြီးပါပြီ၊ ကျွန်တော်ရောက်တော့ကာ ဇလုံကြီးကြီးထဲမှာ ပုစွန်ဆတ်ထုပ်လေးတွေ ထည့်ပြီး မဲနယ်တွေထည့် လှုပ်ခတ်နေတာ မြင်ခဲ့သဗျ။ မေလေးက ပုစွန်လေးတွေ စိမ်းနေတာပဲပြောတာ မှားသဗျ။ သေသေချာချာကြည့်ပြာနေတာဗျ . ."

"မသိပါဘူးရှင် . . မေလေးက စိမ်းနေတော့ လတ်တယ်ထင်မိတာကိုး . ."

www.burmeseclassic.com

www.burmeseclassic.com



"တွက်ကြည့်ပေါ့ မေလေးရယ်. . ဒီပုစွန်တွေ ဘယ်ကလာသလဲ၊ သွန်တောင်ချောင်းက ရတာလည်း မဟုတ်ဘူး၊ ဟိုးအဝေးကြီး မြစ်ကမ်းဘေးကနေ လာရတာ၊ ခရီးအကွာအဝေးနဲ့ အချိန်အကြာ တွက်ဗျာ။ ဒီတော့ ဒီသားငါးတွေဟာ လတ်လတ်ဆတ်ဆတ် ရှိပါဦးမလား၊ ဒိုင်တွေရောက်လျှင် ရေခဲရိုက်ပြီ။ ရေခဲရိုက်လိုက်ပြီဆိုကတည်းက ဖြူဖပ်ဖြူရော်ဖြစ်ပြီပေါ့ဗျာ၊ အဲ. . မပုပ်သိုးဖို့သာရယ် အဓိကမဟုတ်လား. ."

"အင်း. . ဈေးသည်တွေကလည်း ခက်ပါတယ်၊ ဘာလို့များ အရှိအမြင်အတိုင်း မရောင်းကြတာလဲ မသိဘူးနော်. ."

"ဒါကတော့ဗျာ. . ဝယ်သူက မလတ်ဆတ်လို့ မဝယ်မှာစိုးလို့ဖြစ်မှာပေါ့. ."

"ဘယ်ဟုတ်ပါ့မလဲရှင်. . ခုလို မဲနယ်ဆိုးတယ်ဆိုတော့ စားသုံးသူအတွက် အန္တရာယ်မဖြစ်နိုင်ပေဘူးလား။ မေလေးသဘောတော့ ဈေးသူကြီးတွေက အလေးတင်းတောင်း ချိန်ခွင်သာစစ်ဆေးမှုတင်မက အဲလိုအန္တရာယ်ဖြစ်စေတဲ့ အပြုအမူမျိုးတွေ မလုပ်ကြဖို့လည်း ကြပ်မတ်သင့်တယ်လို့ ထင်တယ်. ."

"အဲလိုမျိုးဆို သိပ်ကောင်းပေါ့ဗျာ. . ကျွန်တော်က ဈေးကို အစောကြီးရောက်တတ်တော့ ဈေးသည်တွေရဲ့ လုပ်ရပ်အမျိုးမျိုးကို မြင်နေတွေ့နေရသဗျ။ ဟိုတလောကလည်း ငါးတွေကို ခုတ်ပိုင်း. . ဖြူဖပ်ဖပ်ဖြစ်နေတဲ့အသားမှာ ဆိုးဆေးအနီတွေ သုတ်လိမ်းနေတာ တွေ့မိသေးဗျ. ."

"ခက်ရချည်ရဲ့ရှင်. ."

"မခက်ပါဘူးဗျာ. . ဝယ်သူတွေက သိနားလည်ထားလျှင် အဲဒီဆိုင်မျိုးမှာ မဝယ်ရုံပေါ့. ."

"ဒီကိစ္စက လူတိုင်းမသိနိုင်ဘူးရှင့်. ."

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မသိနိုင်ရမှာတုန်းဗျာ. . ငါးရဲ့ ငါးခူလို အကောင်မျိုးဆို ထားပါတော့၊ ငါးကြီးသားတွေဆိုတာ ရေခဲရိုက်ပဲ လာတတ်ကြတာဗျ အဲလို ခုတ်သားကြီးတွေမှာ သွေးပေနေတယ်ဆိုတာ လုံးဝမဖြစ်နိုင်ပေဘူး ပေါ့. . "

"ဦးပိုက်ပြောသလိုဆိုလျှင်ဖြင့် စိမ်းနေတဲ့ ပုစွန်ထုပ်တို့၊ သွေးရှိနေ သေးတဲ့ ငါးကြီးခုတ်သားတို့ကို ရှောင်ဝယ်ရမလိုဖြစ်နေပေါ့. . "

"ဒါပေါ့ဗျာ. . ရေခဲရိုက်သားတွေဆိုပေမဲ့ လတ်ဆတ်မှု ရှိမရှိကို တော့ဖြင့် ကိုယ်တိုင် စိတ်ကြိုက်ရွေးဝယ်တတ်ဖို့သာ လိုသပေါ့ဗျာ. . "

"မှတ်ထားပါမယ် ဦးပိုက်ရယ်. . ကဲ. . နို့ ဒီနားမယ် ဓာတ်ပုံ ဆိုင်မရှိဘူးလား. . "

"ရှိပ့ါဗျာ. . ဒီဈေးလမ်းကနေ ထွက်ပြီး ကားလမ်းမကြီးအတိုင်း အယ်ဘက်ကို လျှောက်သွားလိုက်. . ကားလမ်းဆုံကျော်ကျော်လေးနား မယ် ဓာတ်ပုံဆိုင်အကြီးကြီးရှိပ့ါဗျာ။ အကောင်းဆုံး ရိုက်ပေးနိုင်ပါတယ်။ ဘာလဲ မေလေး ရိုက်မလို့လား. . "

"ဟုတ်ပါဘူးရှင်၊ တူမလေးကို ရိုက်ပေးဖို့ပါ. . "

"မေလေးရဲ့တူမလေးဆိုတော့ အချောလေးနေမှာပေါ့. . "

"မေလေးနဲ့တူတော့ ချောပေါ့ရှင်. . "

"နို့ဖြင့်လျှင် ဓာတ်ပုံဆရာက သူ့ပုံလေးကို ဂျာနယ်မျက်နှာဖုံး ယူသုံးချင်သုံးမှာဗျနော်. . "

"ဘာဖြစ်လို့တုန်းရှင်. . "

"ဩော်. . ဓာတ်ပုံဆရာတွေက သူတို့ရိုက်တဲ့ပုံ သူတို့သုံး မူပိုင် ဖြစ်တယ် ပြောသံကြားလို့ပါ. . "

"ဘယ်ရပ့ါမလဲရှင်. . လုပ်ရဲလုပ်ကြည့်ပေါ့၊ ကားဆက်ရှင်ရဲ့ ခွင့်ပြု

www.burmeseclassic.com



ချက်မရဘဲ တစ်ခုခုလုပ်လို့ကတော့ တရားစွဲပစ်လိုက်မယ် သိလား. . "

"အဲလိုဆိုလည်း လုပ်ဝံ့ကြမယ် မထင်ပါဘူးဗျာ. . "

"မူပိုင်လုပ်ခွင့်ဆိုတာ လျှပ်တစ်ပြက်ရိုက်ချက်ကြောင့် ရလိုက်တဲ့ ပုံမျိုး၊ ဥပမာ စစ်ဘေး၊ ရေဘေး၊ လေဘေး၊ မီးဘေးကျရောက်နေတဲ့ အချိန်မှာ မှတ်တမ်းမှတ်ရာ၊ သမိုင်းဝင်၊ တန်ဖိုးရှိပုံမျိုးဆိုလျှင်ဖြင့် ဓာတ်ပုံဆရာ မူပိုင်ပေါ့ရှင်။ ရှင်းရှင်းပြောမယ် ဦးပိုက်ရေ. . မေလေးရဲ့ခွင့်ပြုချက် မရဘဲ ဓာတ်ပုံဆရာတစ်ယောက်က မေလေးကို ဓာတ်ပုံခိုးရိုက်ကြည့်ပါလား၊ တင်း. . ဟင်း. . အဲဒီပုံဟာ သူ့အတွက် မူပိုင်ဖြစ်မလာဘဲ ငူငိုင်ပြီး ထိုင်သွားအောင် တရားစွဲပစ်လိုက်မှာပေါ့။ ဒါလောက်ဆိုလျှင်ဖြင့် သဘောပေါက်လောက်ပြီပေါ့နော်. . သွားလိုက်ပါဦးမယ်. . "

"ဟုတ်ကဲ့. . ခုလို သဘောထားမှန် ရှင်းပြသွားတဲ့ မေလေးကို အများကြီး ကျေးဇူးတင်ပါသတဲ့ဗျာ. . "

မေသတင်းဂျာနယ်

(၂၀၀၀၊ ဇွန်လ ၂၀ ရက်)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## အားလုံးရေကြ၍
## ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ

"ဟောရှင်. . ဦးပိုက်ကို တွေ့ချင်နေတာနဲ့ အတော်ပဲ. . "

"အမြဲတမ်းလည်း တွေ့နေကြပဲဗျာ။ အထွေအထူးများ ကိစ္စရှိလို့လား. . "

"ရှိလို့ပေါ့ရှင်. . ဦးပိုက်ကို ဒီမနက် မေလေးက လက်ဖက်ရည်တိုက်ချင်လို့ပါ. . "

"အင်း. . မဟုတ်မှလွဲ လက်ဖက်ရည်တစ်ခွက်တိုက်ပြီး ကျွန်တော့်ဆီက ဘာသတင်းတွေ နှိုက်မလို့လဲမသိဘူး. . "

"ဟုတ်ပါဘူးရှင်. . ဒီကနေ့က မေလေးရဲ့မွေးနေ့မို့ပါ. . "

"ဟုတ်ပြီ. . သွားချင်တဲ့ဆိုင်သွား လိုက်သောက်ရတာပေါ့. . "

"ကဲ. . လာ. . ဦးပိုက် ဒီဆိုင်မှာပဲ သောက်ကြတာပေါ့။ ဟဲ့. . စားပွဲထိုးမောင်လေး ခဏလာဦး၊ လက်ဖက်ရည်နှစ်ခွက် ရှယ်နော်၊ မုန့်အတော့ ဆိုင်ရှိတဲ့မုန့် အကုန်ချကွယ်. . "

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် ချာတိတ်၊ အိတ်စ်ပို့ဒူးယားတစ်ပွဲပါ ချကွာ. ."

"ဦးပိုက်ရောလည်း အိတ်စ်ပို့ တဲ့၊ လန်ဒန်သောက်ပါလား. ."

"မကြိုက်ဘူး မေလေးရဲ့၊ လန်ဒန်လည်း မကြိုက်၊ မာဘိုလ်ရိုလည်း မကြိုက်ဘူး၊ ငါးသုံးလုံးလည်း မကြိုက်ဘူးဗျ။ ကျွန်တော့်ပါးစပ်က အကျင့်ပါနေပြီ။ အိတ်စ်ပို့မှ အိတ်စ်ပို့ပဲဗျ. ."

"လာပြီ. . လက်ဖက်ရည်သောက် ဦးပိုက်၊ မုန့်လည်း စားနော်၊ အားမနာနဲ့၊ ဪ. . ဒါနဲ့ မေးရဦးမယ်. ."

"ဟော. . စလာပြီ. . ဟင်း. . ဟင်း. ."

"အို. . ဟုတ်ပါဘူး ဦးပိုက်ရယ်. . စကားကြုံလို့ မေးချင်တာလေး ရှိလို့ပါ. ."

"အေးပေါ့ဗျာ. . မေးသမျှ သိသမျှ ဖြေရတော့မပေါ့၊ မေးချေဗျာ"

"၁၉၉၅ ခုနှစ်လောက်ကထင်တယ်၊ အလှသစ်မဂ္ဂဇင်းမှာ 'စကားလက်ဆုံ ပြောလို့မကုန်' ဆိုပြီး ခေါင်းစဉ်တပ် စာပေအနုပညာရှင်တွေကို အင်တာဗျူးခဲ့တယ် မဟုတ်လား. ."

"ဟုတ်တယ်လေ. . ဆရာမနုနုရည်၊ ဆရာအောင်ပြည့်၊ ပန်းချီဆရာ မောင်မောင်သိုက်၊ ပြီးတော့ The Best Cartoon ဆရာအုပ်စုတွေကို ဗျူးခဲ့တာပေါ့. ."

"အဲဒါ ဘာလို့ဆက်မလုပ်တော့တာတုန်း. ."

"ကိုယ့်တွက် ဒီကဏ္ဍရေးစရာ မဂ္ဂဇင်းမရှိတာရယ်၊ ပြီးတော့ အင်တာဗျူးလုပ်ရတာ လွယ်တဲ့ကိစ္စမဟုတ်ဘူး မေလေးရဲ့၊ တာဝန် သိပ်ကြီးတယ်၊ အနုပညာရှင်တွေဆီက ဘာဆွဲထုတ်ရမလဲဆိုတဲ့ အတွေးကိုက အတော်ကလေး ဦးနှောက်စားသဗျ၊ ခက်တာက ထမင်းစား ရေသောက် ကိစ္စလေးတင် ဗျူးလို့မဖြစ်ဘူးလေ၊ နို့ကြောင့်ပါ. ."

www.burmeseclassic.com

www.burmeseclassic.com



"နို့ဖြင့် မဂ္ဂဇင်းတစ်စောင်က ဂျာနယ်တစ်စောင်က အဲဒီကဏ္ဍ လုပ်ပေးပါ ဆိုလာလျှင်ကော. ."

"မလုပ်ချင်တော့ဘူးဗျာ. . စိတ်ကုန်တယ်. ."

"ဘာလို့လဲ. ."

"ကျွန်တော် နာမည်ကျော် နဘော ကဗျာဆရာကြီးတစ်ယောက်ကို တွေ့ဖူးတယ်၊ ကျွန်တော်ရဲ့သဘောက စာဖတ်ပရိသတ်အတွက်ပါ။ ဗျူးဖြစ်ခဲ့တယ်၊ သူ့ကိုလည်း စိစစ်ဖို့ စာမူပြန်ပြပြီးလို့ သူ့ဆီက သဘောတူချက်လည်း ရပြီးသားပါ။ နို့ပေမင့် ပြဿနာက ဘာဖြစ်လာသလဲဆိုတော့ အဲဒီကဗျာဆရာက စာမူခတောင်းလာတယ်။ ခက်တာက ကျွန်တော် အင်တာဗျူးပေးနေတဲ့ မဂ္ဂဇင်းကလည်း အလယ်အလတ်မဂ္ဂဇင်း၊ အဲဒီအချိန်က အင်တာဗျူးအတွက် အဗျူးခံရတဲ့ ဆရာကို ဥာဏ်ပူဇော်ခ ပေးရမှန်းလည်း မသိကြဘူး။ (အဲဒီအချိန်က ပေးရိုးထုံးစံကလည်း သိပ်မရှိကြသေးဘူး၊ နားလည်တဲ့ မဂ္ဂဇင်းကြီးတွေကတော့ ပေးတတ်ကြတယ်) အဲဒီတော့ ကျွန်တော်ရမယ့် စာမူခနဲ့ ဓါတ်ပုံဖိုးတွေ ယူလိုက်ဗျာလို့ ပေးမယ် ဆိုလိုက်ပြန်တော့လည်း အဲဒီကဗျာဆရာကြီးတောင်းလာတဲ့ ဥာဏ်ပူဇော်ခလောက် မရှိဖြစ်နေတယ်ဗျာ။ ဒီတော့ ကျွန်တော်လည်း အဲဒီစာမူကို ဒီအတိုင်း ခေါက်သိမ်းထားလိုက်ရတယ်၊ အတော်ကလေး စိတ်ညစ်သွားတယ်ဗျာ၊ နောက်ထပ်လည်း ကျွန်တော် ဘယ်သူ့ကိုမှ မဗျူးတော့ဘူး၊ အဲဒီကဏ္ဍကို ရပ်ပစ်လိုက်တော့တယ်. ."

"ဦးပိုက်တို့ စာပေလောကကြီးက မလွယ်ဘူးနော်. ."

"သည့်ထက်မလွယ်တာ ရှိသေးဗျ. ."

"ပြောပါဦးရှင်. ."

"တလောက မိတ်ဆွေကဗျာဆရာ စာရေးဆရာတစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဝတ္ထုတိုတစ်ပုဒ်နဲ့ ပတ်သက်ပြီး ဝေဖန်လာတယ်. . ”

“ဘာဝတ္ထုကိုလဲ. . လုပ်ပါဦးရှင်. . ”

“မုဆိုးဝတ္ထုတိုလေးပါ၊ သူက ဘာမေးလဲဆိုတော့ ‘ဟာ. . ဆရာပိုက် ဝတ္ထုတိုလေးက ဆရာကြီး××× ရေးတဲ့ ဝတ္ထုကို မှီးထားတာလားတဲ့၊ ဒီတော့ ကျွန်တော် အတော်ကလေး ဒေါသထွက်သွားတယ်၊ ဘာလို့လဲဆိုတော့ ကျွန်တော်ရေးသမျှ မုဆိုးဝတ္ထုတွေအားလုံးဟာ ကျွန်တော့်ကိုယ်ပိုင် အတွေးအရေးတွေချည်းပဲဗျ။ ဘာလို့လဲဆိုတော့ ကျွန်တော့်ကိုယ်တွေ့တွေ့ရယ် ပြီးတော့ တောထဲတောင်ထဲမှာ သွားလာနေတုန်းက ကြုံလာခဲ့တဲ့ ဝါးခုတ် သစ်ခုတ်သမားတွေ၊ ရွာသူကြီးတွေ၊ မုဆိုးတွေရဲ့ အတွေ့အကြုံတွေကို ပြန်ရေးနေတာကိုးဗျ။ နို့ကြောင့် သူ့ကို ကျွန်တော်က တစ်ခွန်းပဲ ပြောလိုက်တာ ကျွန်တော့်ဝတ္ထုကို ခင်ဗျား ဘယ်တုန်းက ဖတ်ရတာလဲ ဆိုတော့ ဆရာပိုက်ရေးတဲ့ ဝတ္ထုကို ဖတ်ခဲ့ဖူးတာ ကြာပြီတဲ့။ နို့ဖြင့် အဲဒီ ဆရာကြီးရေးတဲ့ ဝတ္ထုကိုရော မေးလိုက်တာ၊ အဲဒီဆရာကြီး ဝတ္ထုက ပြီးခဲ့တဲ့လက မဂ္ဂဇင်းမှာ ဖတ်ရတာတဲ့၊ ပြန်လည် ဆန်းသစ်ဖော်ပြထားတဲ့ ဝတ္ထုလားပေါ့၊ ဒီတော့ သူက မဟုတ်ဘူး အသစ်တဲ့လေ။ ကဲ. . မခက်ပေဘူးလား မေလေး၊ ရှင်းနေပြီပဲဗျာ၊ သူက ဆရာကြီးဆိုတော့ တိုက်ဆိုင်တာ အရေးတူတာ ဖြစ်မပေါ့ဗျာ၊ အကယ်၍ ကျွန်တော်ရေးတဲ့ဝတ္ထုဟာ သူ့နောက်မှဖြစ်လာလျှင် ကျွန်တော်က ခိုးချတယ်၊ မှီးချတယ် မဖြစ်ပေဘူးလား. . ”

“ဟုတ်တာပေါ့ရှင်. . ”

“ခက်တာက လူကြီးနဲ့လူငယ်ဆိုတော့ လူကြီးက နာမည်တလုံးနဲ့ မင်သေသေနေလို့ရသဗျ။ ရှိသေးဗျ။ ကလောင်သစ်လေးပါပဲ ကျွန်တော့် ဝတ္ထုတိုတစ်ပုဒ်ကို တိုက်ရိုက်ခိုးချတယ်၊ နာမည်ကြီးမဂ္ဂဇင်းကို ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒီက သုံးလိုက်တယ်။ အတော်ကြာမှ ကျွန်တော်သိတော့ သွားရှင်းလိုက်တယ်။ နို့တော်မှ အဲဒီကောင်လေးက မျက်နှာပြောင်တိုက်ပြီး ကျွန်တော့်ဆီက လုံးချင်း (အတိုပေါင်းချုပ်) ကို လာတောင်းရင်း တန်းညှိလိုက်သေးဗျာ. ."

"သူနဲ့ ရေးဖော်ရေးဘက် မိတ်ဆွေတွေလား. ."

"ဟင့်အင်း. . ကျွန်တော်နဲ့ အရင်က သိမနေဘူး။ အဲဒီနေ့က သူပဲ မိတ်လာဆက်တာ. ."

"အံ့ပါရှင်. ."

"ဟုတ်တယ်ဗျို့၊ ပေါ်တင်ကြီး သူရောက်မလာခင် ကျန်ခဲ့တဲ့ သုံးလေးရက်လောက်ကပဲ သူစာမူခိုးချတဲ့ကိစ္စ မဂ္ဂဇင်းမှာ သွားဖြေရှင်းခဲ့သေးတာဗျ၊ အဲဒီ မဂ္ဂဇင်းအယ်ဒီတာကလည်း အဲဒီကိစ္စရယ် တခြားကိစ္စရယ် ပေါင်းပြီး သူ့ကို မဂ္ဂဇင်းအယ်ဒီတာအဖွဲ့ကနေ ထုတ်ပစ်လိုက်သေးဗျာ"

"ဪ. . သူက အဲဒီမဂ္ဂဇင်းအယ်ဒီတာအဖွဲ့ဝင်လား. ."

"ဟုတ်တယ်ဗျို့. . အဲသည့်နောက်ပိုင်း ကျွန်တော်က မဂ္ဂဇင်းတွေမှာပျံ့ကျဲနေတဲ့ ကျွန်တော့်ရဲ့မူဆိုးဝတ္ထုတွေကိုစုဆောင်းပြီး အတိုပေါင်းချုပ်တွေ လုပ်ပစ်လိုက်တယ်။ ဘာလို့လဲဆိုတော့ ကျွန်တော့်စာဖတ်ပရိသတ်တစ်စုလေးအတွက် ကျွန်တော့်စာမူတွေ တစ်စုတည်း ဖတ်ရအောင်ပေါ့။ နို့မှလဲ ဒီဝတ္ထုဟာဖြင့် ကိုပိုက်က ဘယ်နှစ်ခုနှစ်ကရေးတာ၊ ဘယ်သူက ဘယ်တုန်းကရေးတာ၊ ဒီတော့ ဘယ်သူက ဘယ်သူ့စာမူကို မှီးတာ၊ ခိုးချတာဆိုတာ သိကြမပေါ့ဗျာ. ."

"အဲ. . အဲဒါကောင်းတယ်. ."

"မကောင်းဘူးဗျ၊ အရှက်မရှိဘဲ တကယ် မှီးချ ခိုးချနေသူတွေအတွက် ခက်ခက်ခဲခဲ ရှာစရာမလိုတော့ဘဲ ကျွန်တော့်လုံးချင်း အတို

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းချုပ်လေး ဝယ်လိုက်ရုံပဲ၊ နို့မှမဟုတ် ကျွန်တော့်ဆီက လက်ဆောင် လာတောင်းပြီး မှီးချနေရုံပဲပေါ့ဗျာ။ သူတို့အတွက် ပိုတောင် အဆင်ပြေ သွားလေရဲ့. . ”

“ဟင်. . သူတို့က မှီးမှန်း ခိုးမှန်းသိနိုင်တဲ့ကိစ္စကို ဘာလို့များ မျက်နှာပြောင်တိုက် လုပ်ကြတာတုန်း. . ”

“ဒီလိုဗျ. . တချို့က ဇာတ်ကျောရိုးယူတယ်။ တချို့က ဗဟုသုတ ရစရာအကြောင်းအရာ Data ကို ယူတယ်။ တချို့ ရေးဟန်ပြောင်းလိုက် တယ်။ အဲဒီလိုနည်းနဲ့ ယူကြပြီး ကျွန်တော့်စာဖတ်ပရိသတ် မသိလောက် တဲ့ မဖတ်ဖြစ်တဲ့မဂ္ဂဇင်းတွေကို ပေးလိုက်ကြတယ်။ အဲဒီလိုနည်းနဲ့ လုပ်စား နေကြသေးဗျာ၊ ရှိသေးဗျာ။ မိတ်ဆွေ စာရေးဆရာပါပဲ။ သူကတော့ ကျွန်တော့်စာမူကို ကိုးကားမှီငြမ်းပြီး လိုတာလေးတွေထပ်ဖြည့်၊ ပိုတာလေး တွေ ဖြုတ်ပြီး ပြိုင်ပွဲတစ်ခုဝင်လိုက်တာ စာမူဆုတောင် ရသွားသေးဗျာ. . ”

“ဟိ ဟိ ဟိ. . ရယ်ရတယ်နော်၊ အဲဒီတော့ ဦးပိုက်က ဒီလိုကိစ္စမျိုး တွေ စာပေလောကမှာရှိတာ ဘယ်လိုဆက်လုပ်မယ် စဉ်းစားလဲ. . ”

“ဘယ်လိုမှ မစဉ်းစားတော့ဘူး၊ သဘောထားကြီးကြီးနဲ့ အဲဒီလူ တွေက ငါ့ကိုအားကျလို့ အထင်တကြီး တလေးတစားရှိလို့၊ တန်ဖိုးထား ကြလို့၊ ကြိုက်နှစ်သက်လို့ မှီးကြ ခိုးကြတာ ဂုဏ်ယူစရာ တစ်ပါးပါပဲလေ ဆိုပြီး ပြုံးပြုံးကြီးလုပ်ကာ ပေးပါ၏၊ ဝေပါ၏၊ စွန့်ကျဲပါ၏၊ အားလုံးရကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေလို့ပဲ မေတ္တာပို့ရတာပေါ့ ဗျာ. . ”

မေသောင်းဂျာနယ်
(၂၀၀၀၊ အောက်တိုဘာ ၁၈ ရက်)


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အရွက်ချဉ်ဖတ် လူချဉ်ဖတ်

"မုန်လာဥတွေ ဈေးပေါလိုက်တာ၊ ဝယ်ပြီးပလား ဦးပိုက်၊ အသီး
နုနုလေးတွေ. ."

"ဘယ်နှေးလိမ့်မလဲ မေလေးရယ်၊ နေဦး. . အဲဒီအစည်းမယူနဲ့
အရွက်နွမ်းပြီး ဝါချင်နေပြီ။ အရွက်စိမ်းစိမ်းတွေကို ယူရတယ်. ."

"ကြော်စားဖို့ဆိုတော့ ကိစ္စမရှိဘူး၊ အရွက်က လွှင့်ပစ်ရမှာပဲရှင်"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ မေလေးရဲ့၊ အရွက်စိမ်းစိမ်းတွေ ရွေး
ဝယ်တော့ ချဉ်ဖတ်ထည့်လို့ရတာပေါ့. ."

"အလုပ်ရှုပ်ခံလို့ရှင်၊ ချဉ်ဖတ်က ဝယ်စားရတာပဲ၊ ဘာဖြေးရတာ
မှတ်လို့. ."

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ၊ ကိုယ်တိုင် လုပ်အားတာလော
ဘယ်ကောင်းနိုင်ပါ့မလဲ၊ ရောင်းတန်းပစ္စည်းဆိုတာ အများနဲ့လုပ်ရတော့

www.burmeseclassic.com

www.burmeseclassic.com



သေချာချာ မသန့်စင်နိုင်ပေဘူး။ 'ခံတက်ချဉ်' ဆိုပါစို့ဗျာ။ တကယ်မ်းကျတော့ ခံတက်ရွက် မဟုတ်ဘူးဗျ၊ ရော်ဘာရွက်တွေ. . ."

"နို့ကြောင့်ထင်ပါရဲ့။ ခံတက်ချဉ်က ခါးသက်သက်ဖြစ်နေတာကိုး။"

တော့ ဟင်းကလာချဉ်တို့၊ ခံတက်ချဉ်တို့ဆိုပေမင့် အခြား အရွက်သွန့်တွေ ရောပါတတ်သေးဗျ။ နို့ကြောင့် ကိုယ့်ဘာသာ လုပ်စားနိုင်ချင် ပိုကောင်းတယ်လို့ ပြောရတာ. ."

"နို့ဖြင့် ဘယ်လိုလုပ်ရတုန်း၊ ပြောပါဦး. ."

"လွယ်ပါ့ဗျာ၊ ဘာမှလည်း အပန်းမကြီးပါဘူး။ အခု မေလေးဝယ်သွားတဲ့ မုန်လာဥအရွက်ကို ချဉ်ဖတ်ထည့်ချင်တယ် ဆိုပါစို့။ အရွက်တွေကို အရင်းကဖြတ်၊ ရေစင်အောင် ဆေးလိုက်၊ ပြီးတော့ ထမင်းတစ်ဆုပ်ကို ဆားနဲ့နယ်၊ ဆားကိုတော့ ချင့်ချိန်ထည့်ပေါ့ဗျာ။ အဲဒီ ဆားနယ်ထမင်းနဲ့ မုန်လာရွက်ကို ရောနယ်လိုက်ပြီး၊ ပုလင်း နို့မှမဟုတ် စဉ့်အိုးလေးထဲ ထည့်သိပ်၊ ရေကို အရွက်တွေမြုပ်အောင် ထည့်ပြီး အဖုံးကို လုံအောင် ပိတ်ထားပေတော့၊ ဟောဗျာ. . သုံးရက်လောက်ဆိုလျှင်ဖြင့် စားလို့ရပြီ။ သန့်သန့်ရှင်းရှင်း လတ်ဆတ်တဲ့ ချဉ်ဖတ်ပေါ့ဗျာ. . ."

"လွယ်လွယ်လေးပါကလား. . ဘာရွက်ဖြစ်ဖြစ် အဲ့လို လုပ်ရတာသလား. ."

"ဟုတ်ပါ့ဗျာ. ."

"အင်မတန် ထမင်းစားမြိန်တဲ့ တညင်းသီးဆားစိမ် လုပ်ချင်လျှင်ကော. ."

"ဆားစိမ်ထည့်မယ့် တညင်းသီးကို နှစ်ရက်သုံးရက်လောက် ရေစိမ်ထားရသဗျ၊ ပြီး ဆားစိမ်လုပ်မယ့် အိုးထဲ၊ ပုလင်းထဲ ရေထည့်၊ ဆားထည့်၊ တညင်းသီးထည့်၊ အချဉ်ခံတက်လေးရဖို့အတွက်တော့ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ထမင်းရည်လေး လက်ဖက်ရည်ဇွန်းတစ်ဇွန်း ခပ်ထည့်လိုက်ဗျာ. . "

"တည်င်းသီး ဆားမစိမ်ခင် ဘာလို့ ရေထဲမှာ သုံးရက်လောက် စိမ်ထားရတာတုန်း. . "

"ဆားစိမ်တည်င်းသီး ကြွပ်ကြွပ်လေးဖြစ်အောင်ပေါ့. . ပျော့ပျော့ စားချင်လျှင်ဖြင့် ရေမစိမ်ဘဲ ထည့်ပေါ့ဗျာ. . "

"ကို့ စကားမစပ် မေးရဦးမယ်. . "

"ဘာများတုန်း. . "

"ခုတလော မဂ္ဂဇင်း၊ ဂျာနယ်တွေမှာ စာရေးဆရာအချို့က စာရေး ဆရာတွေရဲ့အကြောင်း ရေးနေကြတယ်။ တကယ့်ဖြစ်ရပ်တွေလား၊ သင် သက်မယ့် စိတ်ကူးယဉ်ဇာတ်ကောင်နေရာမှာ ထည့်နေတာလား. . "

"ဖြစ်ရပ်မှန်တွေကို ရေးကြတာပါ၊ နိုင်ငံသိ စာရေးဆရာတွေရဲ့ ချစ်စရာကောင်းတဲ့ အမူအကျင့်၊ စရိုက်တွေ၊ မထင်မှတ်ဘဲ ရယ်စရာဖြစ် ခဲ့ရပုံလေးတွေကို အမှတ်တရ ရေးကြတာများပါတယ်။ ပြီးတော့ ကောင်း ညဉ်၊ ဆိုးညဉ်လေးတွေကို အတုယူဖို့ အတုယူ မမှားကြဖို့ ရေးကြတာပါ။ တစ်ဦးကိုတစ်ဦး နှိမ့်ချ စော်ကားရေးကြတာ မဟုတ်ဘူး။ အဲဒီကိစ္စမျိုး ရေးကြတယ်ဆိုတာလည်း တစ်ဦးနဲ့တစ်ဦး ထဲထဲဝင်ဝင် ရင်းနှီးပေါင်းသင်း ဆက်ဆံဖူးကြသူတွေမှ ရေးလို့ဖြစ်မှာပေါ့ဗျာ။ စာရေးဆရာ 'ဦးမည်း' က စာရေးဆရာ 'ဦးဖြူ' အကြောင်းရေးမယ်ဆိုလျှင် ဦးမည်းဟာ ဦးဖြူနဲ့ နှစ်ကြိမ်သုံးကြိမ်လောက် တူတူဝိုင်းထိုင်ဖူးတာနဲ့ ရေးလို့ဘယ်ဖြစ်ပါ့မလဲ. . "

"အဲလိုလူစားရှိလား. . "

"ရှိပါ့ဗျာ. . "

"လူရင်းမဟုတ်ဘဲနဲ့ ဘာကြောင့် ရေးရတာတုန်း. . "

"ဒီလိုရှိတယ်ဗျ၊ ရေးသူက စာရေးဆရာကြီး ဘာမိသူနဲ့ ဘယ်ဝါ

www.burmeseclassic.com

www.burmeseclassic.com



ို စာထဲထည့်ရေးရလောက်အောင် ရင်းနှီးပါတယ် ဆိုတာ ကြွားချင် ချင်တဲ့သဘောနဲ့ ရေးတာလည်းဖြစ်မယ်။ နို့မဟုတ် ငါတော့ ဒီဆရာကို သိုနောက်သလို ပြောင်သလို နှက်လိုက်မဟဲ့ဆိုတဲ့ သဘောလည်း ဖြစ် အောင်း ဖြစ်မယ်။ ကာယကံရှင်က မကျေနပ်လို့ ပြန်ရေးလျှင် သူ့ကို သိများလာမယ်။ အဲဒီသဘောနဲ့ ရေးကြတာလဲ ဖြစ်မပေါ့. . ”

“နို့ဖြင့် ဘယ်ကောင်းပါ့မလဲနော်. . ”

“ဒါပေါ့ဗျာ. . နောက်ရှိသေးတယ်။ ဘယ်လောက်ပဲ ရင်းနှီးရင်းနှီး စ်ဘက်လူမှာ အားနည်းချက်၊ ရုပ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုရှိခဲ့လျှင် ဘယ် တော့မှ ဖော်ထုတ် ကျီစယ်မရေးသင့်ဘူးဗျ။ ပြီးတော့ သွေးရိုးသားရိုး ျီစယ်လိုလို့ အမှတ်တရဖြစ်အောင် ရေးကြတဲ့အခါမှာလည်း အရေး ာတ်လျှင်ဖြင့် စော်ကားသလို ဖြစ်သွားတတ်သေးဗျာ. . ”

“အဲလိုမျိုး ဦးပိုက်ဖြစ်ဖူးလား. . ”

“ဖြစ်ဖူးပြီကောဗျာ၊ ကာယကံရှင်က နားလည်သဘောပေါက်ခြား ာဇတ်ပရိသတ်အချို့က ဆိုလိုရင်းအဓိပ္ပါယ်ကို သဘောမပေါက်တော့ ာရေးသူကို အမြင်စောင်းပြီပေါ့ဗျာ. . ”

“ဟုတ်ပါရဲ့ရှင်. . မေလေး သဘောပေါက်ပြီ၊ အင်း. . အဲလိုလူစား တွေက စားမကောင်းတဲ့ လူချဉ်ဖတ်ဖြစ်ကောပေါ့နော်. . ”

“မေလေးက ကြံကြံဖန်ဖန် ပြောတတ်တယ်ဗျာ. . ”

မေသုတင်းဂျာနယ်
(၂၀၀၈၊ ဒီဇင်ဘာ ၁၃ ရက်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## တိကျရေရာ သေချာသူများ ဖြစ်သင့်၏

"အလိုရှင်. . ဦးပိုက် ကနေ့ သတင်းစာဖတ်ပြီးပြီလား. ."

"ခုမှ ဈေးကအပြန် ဝယ်ဖတ်ရမှာဗျ၊ ဘာသတင်းထူးလို့တုန်း"

"ထွေထွေထူးထူးတော့ မဟုတ်ပါဘူးရှင်၊ ဦးပိုက်က အင်းစိန်သား၊ ပြီးတော့ စာပေသမားဆိုတော့ ပန်းချီကိုဂမ်းဗိုလ်ကြီး ဆုံးသွားတာ ပြောမလို့ပါ. ."

"အလိုဗျာ. . သတင်းစာမဖတ်ရသေးတော့ မသိဘူးဗျ၊ သတင်းစာပါလျှင်ဖြင့် ခဏပေးစမ်းပါဗျာ၊ အသုဘလေးဘာလေး လိုက်ပို့မလားလို့. ."

"ရှေ့. . ရှေ့. . လက်ဖက်ရည်ဆိုင်ထိုင်ရင်း ဖတ်ပါရှင်၊ မလေး တိုက်ပါမယ်. ."

"ရပါတယ် မလေးရာ၊ သတင်းစာလည်း ငှားဖတ်သေးတယ်၊ လက်ဖက်ရည်လည်း တိုက်ခိုင်းသေးဆိုတော့ မဟုတ်သေးပါဘူးဗျ၊ လာ. . ကျွန်တော်တိုက်ပါ့မယ်. ."

---

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . ဦးပိုက်က ထုံးစံအတိုင်း ကော်ဖီမစ်ပလိန်းပဲပေါ့. ."

"နိုး. . နိုး. . မဟုတ်တော့ဘူးဗျ. ."

"အရင်က ကော်ဖီမစ်ပလိန်းပဲ သောက်နေကျမဟုတ်လား၊ ခုတော့ ဘာဖြစ်လို့. ."

"ဒီလိုဗျာ. . ကံစမ်းမဲလေးများ ပါလေမလားလို့. ."

"ပေါက်ဖူးလား. ."

"ဟင့်အင်း. . ကျွန်တော်က မကြိုက်ဘဲ သောက်နေရတာ ကြာတော်ပါပြီဗျာ၊ တစ်ခါမှလည်း ဆုမဲမပါဘူး. ."

"ဟင်း. . ဟင်း. . ဟင်း. . ဟင်း. ."

"အာရုယ်တာတုန်း. ."

"ကလေးလည်းမဟုတ်ဘဲနဲ့ ကြိုက်လို့သောက်လျှင်ဖြင့် တော်သေး၊ ခုတော့ မကြိုက်ဘဲနဲ့ ကံစမ်းမဲပါလေမလားဆိုပြီး သောက်ရတယ်လို့ရှင်. ."

"နို့ဖြင့်. . အရက်ကိုသာ တရှိုက်မက်မက် သောက်နေတဲ့ ဆရာရွှေမြိုက်တို့အဖွဲ့ ကော်ဖီမစ်ပလိန်းကို နှစ်ခူဝ သွားသွားသောက်ပြီး ကံစမ်းနေကြတာကိုရော မေလေး ဘယ်လိုပြောမတုန်း. ."

"အင်း. . ခက်တယ်ရှင်၊ ဦးပိုက်တို့ စာပေသမားတွေက တယ်စိတ်ကူးယဉ်ဆန်ကြတာကိုး၊ ဟင်း. . ဟင်း. . ဟင်း. ."

"ဒါပေါ့ဗျ၊ စာရေးဆရာ အတော်များများဟာ စိတ်ကူးယဉ် တိုက်ဆောက်နေရသူတွေပါ၊ ကဲပါ မေလေးရယ်. . ကျွန်တော့်အတွက် ဘာကော်ဖီရိုးရိုးသာ မှာဗျာ၊ ကျွန်တော် သတင်းစာကြည့်လိုက်ဦးမယ် အလို ၂၉ ရက်နေ့က ဆုံးတာ ကနေ့ ၃၁ ရက်နေ့ အသုဘချမယ်။ မှန်း. . ဘယ်သူသဆန့်လဲ။ ထိန်ပင် ဆိုပါကလား။ အသုဘတော့ လိုက်ပို့ချင်သား

www.burmeseclassic.com



အဖွဲ့ နို့ပေမင့် သတင်းစာထဲမှာ ရေးထားတာ ရန်ကုန် အထွေထွေရောဂါကု ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၃၁. ၁၀. ၂၀၀၀ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်တဲ့၊ ခက်တာပဲ. . ”

“အင်းလေ. . အဲဒါဘာဖြစ်လဲ၊ ဘာခက်တာတုန်း. . ”

“ဒီလိုဗျ၊ ဟိုတလောက မိတ်ဆွေအမျိုးသမီးတစ်ယောက် ဆုံးတယ်၊ နာရေးကြော်ငြာထဲမှာ နေအိမ်မှ ပို့ဆောင်သင်္ဂြိုဟ်ပါမည်ဆိုလို့ အချိန်ကိုက် သွားလိုက်တယ်၊ ဟိုရောက်တော့ ကားတွေထွက်သွားတာ ကြာပြီတဲ့၊ ဘာလို့လဲပေါ့၊ မေးလိုက်တော့ အလောင်းက သုသာန်အအေးတိုက်မှာမို့ အစောကြီး ထွက်သွားတာတဲ့။ မခက်ပေဘူးလား။ ဒီလိုဖြင့် ရုပ်အလောင်းကို သုသာန်ရှိ အအေးခန်းမှနေ၍ ပို့ဆောင်သင်္ဂြိုဟ်ပါမည်လို့ ရေးပေါ့ဗျ၊ ဒီလိုဆိုလျှင် အချိန်မရလို့ ရတဲ့အချိန်ကလေးလုပြီး အသုဘလိုက်ပို့တဲ့သူတွေ အဆင်ပြေတော့မပေါ့ဗျာ၊ အသုဘရှုဆိုတဲ့အတိုင်း နောက်ဆုံး မပြန်လမ်းခရီး သွားကြမယ့်သူတွေကို ကြည့်ရှုနှုတ်ဆက်ဖို့ရာပဲ မတုတ်လား၊ တလောက စစ်ပြန်မဂ္ဂဇင်း အယ်ဒီတာချုပ် မောင်ရည်နန်း ဆုံးသွားတယ်၊ ရေးထားတာ ရှင်းပါတယ်။ သုသာန်အအေးခန်းမှာ ရုပ်အလောင်းထားတယ်ဆိုတော့ သုသာန်ကိုသွားလိုက်ရုံပဲ။ အဲဒါကြောင့် စာပေသမားအဖွဲ့တွေ အချိန်ကိုက် သွားလိုက်ကြတယ်။ ဟိုရောက်တော့ ရုပ်အလောင်းကို မီးသင်္ဂြိုဟ်ပြီးနေပြီ။ သူတို့သတ်မှတ်ထားတဲ့ အချိန်ထက်စောပြီး နာရီဝက်ကျော်ကျော် လေးဆယ့်ငါးမိနစ်လောက်ကတည်းက သင်္ဂြိုဟ်လိုက်တာတဲ့၊ ကဲ-မခက်ပေဘူးလား၊ ဒီလိုမျိုးကိစ္စတွေက အရေးမကြီးဘူးလို့ ပြောမရဘူးလေဗျာ။ အသုဘပို့လာရတဲ့သူတွေက အဝေးကြီးက လာရတာ၊ အချိန်လုပြီး လာကြရတာ၊ အဲဒီကြားထဲက ဒီလို အလွဲလွဲအချော်ချော်တွေဖြစ်တော့ ဘယ်ကောင်းပါ့မလဲနော်. . ”

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ. . နို့ပေမင့် ခု သူရေးထားတာ ရှင်းတာပဲ၊ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်ဆိုတော့. . "

"ဒါကို အသေအချာတွက်လို့မရဘူး မေလေးရဲ့၊ ရုပ်ကလာပ်ကို ဘယ်မှာထားတယ် အတိအကျရေးလေမှ ပိုကောင်းတာပေါ့၊ ဘာလို့လဲဆိုတော့ အချိန်မရလို့ နောက်ဆုံးခရီးမှာ ပို့ဆောင်နှုတ်ဆက်မယ့် သူတွေက သုသာန်အထိ ဝေးလွန်းလို့ အချိန်မရလို့ မသွားနိုင်တော့ ဆေးရုံအအေးတိုက်မှာသော်လည်းကောင်း၊ အိမ်မှာသော်လည်းကောင်း၊ ရုပ်ကလာပ်ထားမှန်း သေချာသိကြလျှင် ရတဲ့အချိန်ကလေးကိုလုပြီး သူတို့ရဲ့ နောက်ဆုံးခရီးကို သွားရောက် နှုတ်ဆက်နိုင် ဂါရဝပြုနိုင်တာပေါ့ဗျာ။ အင်း. . သတင်းစာထဲကအတိုင်းဆိုလျှင်ဖြင့် ရုပ်ကလာပ်က ဆေးရုံကြီးမှာလည်း ရှိလောက်ပါရဲ့ဗျာ၊ အဲဒါကြောင့် အဲဒီဆေးရုံပဲ သွားလိုက်ပါ့မယ်"

"အဲဒီမှာ မရှိ၊ သုသာန်ကို ရောက်နေတာဆိုလျှင်ဖြင့် ဦးပိုက်အတွက် ခရီးတော့ ထောက်သွားမှာပေါ့နော်. . "

"ဒီလိုဆိုလျှင်ဖြင့် ကျွန်တော် သုသာန်အထိတော့ လိုက်မနေတော့ပါဘူးဗျာ၊ အချိန်လည်း မပေးနိုင်တော့ဘူး၊ ကိုယ်တစ်ဦးတည်း ကားငှားသွားဖို့ဆိုတာကလည်း မလွယ်ဘူးဗျ. . "

"အင်း. . ဟုတ်တာပဲနော်၊ ကဲ. . ဦးပိုက်ရေ. . သွားကြစို့. . "

"နေဦး. . လက်ဖက်ရည်ဖိုးလေး ပေးပါရစေဦး. . "

"မေလေး ပေးလိုက်ပြီးပါပြီရှင်. . "

"မဟုတ်ထာ မေလေးရယ်. . "

"ဟုတ်ပါတယ်ရှင်၊ ဦးပိုက်က မေလေးကို သည့်တွက် အားလျှင် ငါးပိရည်ကျိုကောင်းကောင်းရောင်းတဲ့ဆိုင် လမ်းညွှန်ပြပေါ့. . "

"ဩော်. . ဒါလား. . ငါးပိရည်ကောင်းကောင်း ရောင်းတဲ့ဆိုင်ရယ်

www.burmeseclassic.com

www.burmeseclassic.com



လို့ မှုသေတွက်လို့မရဘူးဗျ၊ ဘယ်ဆိုင်ဖြစ်ဖြစ် ငါးပိရည်ကျိုကောင်း မကောင်း ကိုယ်က သိထားလျှင်ဖြင့် ဝယ်လို့ရပ့်ဗျာ. . "

"ဘယ်လိုသိနိုင်ပ့်မတုန်း၊ မေလေးတော့ အနံ့မွှေးတာလောက်ပဲ ရွေးတတ်တာ၊ အနံ့မွှေးပြီး စားမကောင်းတဲ့ငါးပိတွေလည်း ရှိတယ်လေ"

"ဒီလိုလုပ်၊ ကျွန်တော် အသုံဘပို့အမိ ပြေးရမှာဆိုတော့ မေလေး နားလည်အောင် ပြောပြလိုက်မယ်. . "

"နို့ဖြင့်လည်း ပြောပါရှင်. . "

"တချို့က ကောင်လုံးမပျက်ကို သဘောကျကြတယ်၊ အဲဒါဟာ ငါးပိမကောင်းဘူး၊ ငါးက မနပ်သေးလို့ပေ့ါ၊ သူ့ကျိုလိုက်တဲ့အခါ အရည်က ကျဲတောက်တောက်နဲ့ ငါးဖတ်တွေ အဖတ်လိုက်။ ငါးပိမနပ်လျှင် မကောင်းဘူး၊ တကယ်ဆို ငါးပိဆိုတာ တစ်နှစ်ပတ်လုံး အပုပ်ခံ နှပ်ထားတဲ့ ငါးပိမျိုးမှ ကောင်းတာ၊ တချို့ ငါးပိတွေက ငါးကို အကြေးမထိုး ဘာမထိုးနဲ့ ဖြစ်သလို လုပ်တတ်ကြတယ်၊ နူးနပ်ပေမင့် အရောင်က မဲပြီး အနံ့အသက်က ဆိုးပါဘိနှယ်၊ မေလေး ငါးပိကောင်းကောင်း ဝယ်မယ် ဆိုလျှင်ဖြင့် ငါးပိကို ပထမ မွှေးမမွှေးကြည့်ပါ။ ပြီးတော့ ငါးအကောင်လုံး ပျက်မပျက် ကြည့်၊ ပျော့ပျော့အိအိဆိုလျှင်ဖြင့် နူးနပ်ပြီး ငါးပိပေပဲ။ အဲ. . ကောင်လုံးမပျက် ခပ်မာမာ ငါးအကောင်တွေပါလျှင်ဖြင့် မဝယ်နဲ့ဗျ၊ သူဟာ ငါးပိစစ်စစ် မဖြစ်လောက်သေးဘူး၊ ငါးဆားနယ်သာသာပဲ ရှိဦးမှာဗျ၊ ဒီတော့ ကျိုစားလို့မကောင်းဘူး၊ အဲ. . စောစောကပြောသလို မွှေး မမွှေး နမ်းကြည့်လေတဲ့အခါ ဆားနံ့ စူးစူးဝါးဝါးရလျှင်ဖြင့် အဲဒီငါးပိ မကောင်းဘူး၊ ငန်ကို ငန်လိမ့်မယ်၊ လိုတာထက်ပိုပြီး ဆားတွေရှိနေလို့ပဲ ပြီးတော့ တချို့က ဆန်ကွဲကို ကျိုထည့်ကြတယ်။ ငါးပိရည်ကျို အနှစ် ရအောင်လို့ပေ့ါ။ ငါးတွေအိပြီး အနှစ်ဖြစ်နေတာက ပိုကောင်းတာပေါ့

www.burmeseclassic.com

www.burmeseclassic.com



ဗျာ၊ အနည်းနဲ့ အများဆိုသလိုဖြင့် ဆန်ကွဲကို ကျိုထည့်တတ်ကြတာပါပဲ။ ငါးချဉ်းသက်သက်ဖြင့် စားချင်လျှင် ကိုယ်တိုင်လုပ်စားမှ ရတော့မယ်ဗျို့"

"ကဲ. . ဒီလောက်သိရလျှင်ဖြင့် ကျေးဇူးတင်ပါသတဲ့ရှင်၊ နောင်များမှ ဦးစိုက်ပြောသလို ကိုယ်တိုင် ငါးပိသိပ်စားတော့မယ်. ."

"ကဲ. . သွားပြီဗျာ. ."

မေသတင်းဂျာနယ်
(၂၀၀၀၊ ဒီဇင်ဘာ ၁၅ ရက်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## တကယ်ဖြစ်ကြသည်လား

စာရေးဆရာ၊ ရုပ်ရှင်မင်းသား၊ အဆိုတော်၊ ဒါရိုက်တာ ဘဝပေါင်းစုံ ကျင်လည်နေသော ဆရာကိုသုမောင်၊ စာရေးဆရာ ဥတ္တရမင်းသျှန် (ကိုစိန်လှ၊ ဒုတိယဗိုလ်မှူးကြီး-ငြိမ်း) နှင့် ကျွန်တော်တို့သုံးယောက် ရန်ကုန်မှ ပြည်ဘက်သို့ ခရီးထွက်ခဲ့သည်။

အကြောင်းကိစ္စကြီးငယ်တော့ဖြင့် မရှိကြချေ။ ထိုခရီးစဉ်တွင် သွားလာကိစ္စ၊ နေထိုင်စားသောက်ကိစ္စကို ဆရာဥတ္တရမင်းသျှန်မှ တာဝန်ယူခဲ့၏။

ထိုအချိန်၊ ထိုကာလက ကျွန်တော် အရက်ဖြတ်ထားသည်။ ဆရာကိုသုမောင် အရက်ဖြတ်ထားသည်။ ဆရာဥတ္တရမင်းသျှန်ကား အမြည်ပျက်ရုံလောက် သောက်တတ်သူဖြစ်သည်။

ထောက်ကြံ့ကျော်လာသည်နှင့် တစ်ခုခုစားရန်အလို့ငှာ စားသောက်ဆိုင်အများရှိရာ နေရာတစ်နေရာတွင် ရပ်နားလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုသုမောင် လုပ်ဦးမလား. .' ဟု ဆရာဥတ္တရမင်းသျှန်က မေးသည်။ 'ဘီယာလောက်တော့ လုပ်ပါတယ်. .' ဟု ပြောလိုက်သဖြင့် ပုလင်းဘီယာ မှာလိုက်၏။ ပြီး ကျွန်တော့်ကို လှမ်းကြည့်၏။ ကျွန်တော်က ပြုံးလိုက်၏။ ပြီးနောက် ဂျင်တစ်ပြား မှာလိုက်၏။ ဤတွင် ဆရာ ကိုသုမောင်နှင့် ဆရာဥတ္တရမင်းသျှန်တို့သည် အံ့သြစွာဖြင့် ကျွန်တော့်ကို ကြည့်နေကြတော့၏။

"ကိုပိုက်ကြီး လုံးဝအရက်ဖြတ်ထားတယ်ဆို. ."

သို့ဆိုသလို ကိုသုမောင်ကမေးလာသဖြင့် ကျွန်တော်က ပြုံးစေ့စေ့အမူအရာဖြင့် 'ဟုတ်တယ်၊ ကျွန်တော်ဖြတ်ထားတယ်။ နို့ပေမင့် ခရီးထွက်တဲ့အခါ ရန်ကုန် ဧရိယာနယ်နိမိတ် ကျော်လျှင်ဖြင့် သောက်လေ့သောက်ထရှိတယ်. .' ဟု ပြောလိုက်သည်။

ကျွန်တော့်အယူအဆကို ဆရာကိုသုမောင် သဘောကျသွား၏။ သို့ကြောင့် သူသည်လည်း ထိုနေ့မှစ၍ အရက်ပြင်းကို ပြန်သောက်လေတော့၏။ 'နောင်ဆိုလျှင် ကိုပိုက်ကြီးလို လုပ်ရလိမ့်မယ်။ အရက်သောက်ချင်လျှင်ဖြင့် ခရီးချည်း လှိမ့်ထွက်ရတော့မယ်. .' ဟု ရယ်မောစွာ ပြောလေတော့၏။

တစ်ချိန်က. .

ဆရာ တက္ကသိုလ်နန္ဒမိတ် အရက်ဖြတ်ထားသည်ဟု သိရ၏။ ဝမ်းသာသွားသည်။ သိပ်မကြာမီ ဆရာနန္ဒမိတ် ဆေးရုံတက်ရသည်ဟု ကြားရပြန်သောကြောင့် စိတ်မကောင်းကြီးစွာဖြင့် ဆေးရုံသို့ လူနာသတင်းမေးသွားလိုက်သည်။

ကျွန်တော်ရောက်သွားချိန်တွင် သူ့နံဘေးတွင် မည်သူမျှမရှိ။ ကျွန်တော့်ကိုတွေ့တော့ ဆရာ့မျက်နှာ ပြုံးလာသည်။ ဆရာကြီး နေ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလား . .' မေးလိုက်သည်။ ခေါင်းညိတ်ပြ၏။

"ပိုက်ပိုက် ဆရာ့ကို အရက်တိုက်စမ်းပါကွာ. .' ပြောလာသော ကြောင့် ကျွန်တော် အံ့ဩမိသည်။

'ဆရာ အရက်ကို တုံးတိကြီးဖြတ်လိုက်လို့ကွ. .' ဟု ထပ်ဆင့် ဆိုလာသည့် စကားကြောင့် ကျွန်တော် တစ်ချက်စဉ်းစားမိလိုက်သဖြင့် ဆရာ့အလိုလိုက်ခဲ့မိသည်။ ကံကောင်းထောက်မစွာဖြင့် သည့်နောက်ပိုင်း ဆရာနန္ဒမိတ် ကျန်းမာရေး ကောင်းလာ၏။

"နောင်တစ်ကြိမ် ဆေးရုံတက်ရသည်တွင် ကျွန်တော် လုပ်ငန်း တာဝန်ဖြင့် ပဲခူးရိုးမတောနက်ကြီးတွင် ရောက်နေ၏။ ခရီးမှအပြန် ကြား လိုက်ရသည့်သတင်းက မကောင်း။ 'ဆရာနန္ဒမိတ် ဆုံးပြီ' ဟု ဖြစ်သည်။ သည့်နောက် ဆရာ၏သမီးဖြစ်သူ မစန္ဒာနှင့် ဆုံသည်တွင် 'ဖေဖေက ဆေးရုံပေါ်မှာ ဦးပိုက်ကိုချည်း မေးနေတာ. .' ဟု ပြော၏။

'ဟုတ်တယ် ဦး ခရီးထွက်နေရတာ။ စိတ်မကောင်းပါဘူး' သို့နှယ် ကျွန်တော်က ဝမ်းနည်းစကား ပြောလိုက်သည်တွင် မစန္ဒာက. .

'ဖေဖေက ဆေးရုံပေါ်မှာ သမီးကို အရက်သောက်ချင်တယ်ချည်း ပြောနေတာပဲ. .'

'ဟာင်. .'

ကျွန်တော် ခရီးအပြန် နောက်ကျသွားသည်ကို သိလိုက်ရတော့၏။

တစ်ချိန်က. .

ဆရာသော်တာဆွေသည် အင်းစိန်သို့ ပြောင်းရွှေ့နေထိုင်ခဲ့၍ ကျွန်တော်နှင့ လွန်မင်းစွာ ရင်းနှီးခဲ့ကြ၏။ အင်းစိန်မှသည် ရန်ကုန်မြို့ တွင်း စာမူသွားပေးလျှင် ကျွန်တော် လိုက်ပါသွားတတ်၏။ ထိုအချိန် ကာလက ဆရာသော်တာဆွေသည် သူရေးသည့်စာမူတွင် အရက်ပြတ်

www.burmeseclassic.com

www.burmeseclassic.com



ပြီ ဖြစ်ကြောင်း၊ အရက်ဖြတ်လိုက်သည် ဖြစ်ကြောင်း ကြေငြာထားသူ ဖြင့်၏။

အထက်ကဆိုခဲ့သလို ဆရာသော်တာဆွေ မြို့ထဲသွားတိုင်း ကျွန်တော် ပါ၏။ မြို့ထဲမှအပြန် အင်းစိန်လမ်းဆုံရောက်လာကြသည် တွင် ဆရာကြီးသည် ဟီးနိုးကားဂိတ်လမ်းဆုံ လေဟာပြင်ဈေးအတွင်းရှိ ခိုင်သဇင်ခေါက်ဆွဲဆိုင်သို့ဝင်ကာ အန်တီမေအတွက် ခေါက်ဆွဲကြော် ဝယ်ပြန်လေ့ရှိ၏။ ကျွန်တော်သည် ဆရာကြီးအိမ်အရောက် ပြန်ပို့ပြီး လေမှ တစ်ကျော့ပြန် ထွက်သောက်လေ့ရှိ၏။ ထိုသည်ကို ဆရာသော်တာ ဆွေက သိထား၏။ တစ်နေ့ ဆရာကြီးနှင့် မြို့ထဲမှအပြန် အချိန် နောက် ကျသွား၏။ အတော်ပင် နေကျချိန်ဖြစ်သည်။ ထုံးစံအတိုင်း ခေါက်ဆွဲ ဝင်ဝယ်ကြ၏။

ခေါက်ဆွဲထုပ်မရမီ ဆရာသော်တာဆွေက 'မင်းသောက်ချင် မှာ သောက်လေကွာ. .' ဟု ပြောသဖြင့် 'ရတယ် ဆရာကြီး၊ ဆရာကြီးကို အိမ်ပြန်ပို့ပြီးလေမှ ပြန်ထွက်မယ်. .' ပြောလိုက်၏။

'မင်း နောက်ကျနေပြီ ငါသိတယ်။ မှာသောက်ပါ. .' ပြောလာ သဖြင့် 'မသောက်ပါဘူး၊ ဆရာကြီးကို အားနာတယ်။-ဆရာကြီးက အရက် ဖြတ်ထားတာဆိုတော့ အားနာစရာကြီး၊ ကိစ္စမရှိပါဘူး. .' ရယ် ငြင်းလိုက် ပြန်သည်၊ သို့ပေမင့် ဆရာသော်တာဆွေက 'မှာသောက်ပါကွာ၊ ဒီမယ် ဟော့ကောင် ငါ ညနေတိုင်း နည်းနည်း နည်းနည်း သောက်ပါသေးတယ်ကွ' ပြောကာ သူကိုယ်တိုင် တစ်လုံးမှာလိုက်ကာ ဆရာတပည့်နှစ်ယောက် စ၍ တွဲသောက်မိကြတော့၏။

ဆရာကြီးပြောသည့် နည်းနည်းဆိုသည်မှာ နှစ်ယောက်တစ်လုံး ဖြစ်ချေ၏။ ထိုနေ့မှစ၍ ဆရာသော်တာဆွေသည် နည်းနည်း နည်းနည်း

www.burmeseclassic.com

www.burmeseclassic.com



မဟုတ် လေတော့ဘဲ များများစားစား ပြန်သောက်သွားပေတော့သည်။

တကယ်တော့ ကျွန်တော်သည်လည်း

"ကိုပိုက် အရက်ပြတ်သွား ပြီလား. .'

'ဟုတ်တယ်'

'ကောင်းတယ်။ ပြတ်လက်စနဲ့ တစ်ခါတည်း အပြီးဖြတ်လိုက်ပါတော့လား'

သို့မေးလာသူနှင့် ကျွန်တော် လမ်းခွဲခဲ့ကြပြီးနောက် နောက်တစ်ကြိမ် ပြန်ဆုံကြသည်တွင်, .

'လုံးဝပြတ်ပြီပေါ့. .'

'အင်း. . နည်းနည်းပါးပါးတော့ လုပ်ဖြစ်သေးတယ်. .'

မေးသူနှင့်ကျွန်တော် စကားများသည် သံသရာလည်နေတော့သည်ကိုဖြင့် ကျွန်တော် ဝန်ခံရပေတော့မည်။

မည်သို့ကြောင့် သို့နှယ်ဖြစ်ရသည် မေးလာပါမူ ကျွန်တော် မည်သို့ဖြေရမည် မသိပါချေ။

အိမ်ရှင်မဂျာနယ်
(၂၀၀၂၊ မေလ ၂၁ ရက်)

www.burmeseclassic.com

www.burmeseclassic.com



င်းသီးဟင်းရွက်အဝယ်မခက်စေဖို့

www.burmeseclassic.com

www.burmeseclassic.com

## ဟင်းသီးဟင်းရွက် အဝယ်မခက်စေဖို့

ကျွန်တော်က အထက်ပါခေါင်းစဉ်ကြီး တပ်လိုက်တော့ကာ..
'အမေ့လေးတော်.. သူကပဲ ဈေးဝယ်လမ်းညွှန်ပေးရအောင် အ
များသိ ဘာများတတ်လို့တုန်း..' ရယ်လို့ အိမ်ရှင်မတို့က မေး
ကောင်း ငေါ့ကြပေလိမ့်မည်။

ဟုတ်ပါသည်။ ကျွန်တော်သည် ဘာမှမသိ၊ ဘာမှမတတ်
နို့ပေမင့် ကျွန်တော်၏ ဈေးဝယ်ထွက်ခြင်း သက်တမ်းသည် အနှ
လေးဆယ်ကျော် ရှိချေပြီ၊ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်း
အမေခိုင်း၍ ဆက်လက် ဈေးဝယ်ထွက်နေရခြင်းလို့တော့ မငြ
ပါနှင့်။

ဈေးဝယ်ထွက်ခြင်းကြောင့် ကျွန်တော့်အတွက် ပျော်ရွှင်းမြက်
မည့် ဟင်းလျာများကို စိတ်တိုင်းကျ ဝယ်နိုင်၏။ (တကယ်တော့ အမြဲ

www.burmeseclassic.com

www.burmeseclassic.com



သို့မှာ တောက်တိုမယ်ရလေးများ ဝယ်နိုင်ခြင်း) ဘတ်ငွေများ စုဆောင်းခြင်း (အိမ်ရှင်မမှ မသိအောင် ဈေးဖိုးထဲမှ ဖြောင်ထားသောငွေ) သည်တ ဖြစ်ချေတော့၏။ နို့ပေမင့် ကြာလာတော့ကာ မဒမ်ပိုက်က သိလာ၏။

"ရှင်ဟာလေ ၂၀-သားလောက်ဝယ်ပြီး ၃၀-သားလို့ ပြောတယ်။ ဆယ်သားပိုငွေကို ရှင်ဖြောင်တယ်. . "

"အိုကွာ. . အဲဒီဈေးက ဈေးသည်တွေက အရမ်းအလေးခိုးတာ အား။ ယောက်ျားသားဈေးဝယ်တော့ အချဉ်လို့သဘောထားပြီး ပိုခိုး ပေါ့ကွာ. . "

"နို့ဖြင့် ရှင် ဈေးမသွားနဲ့တော့၊ ကျွန်မ သွားမယ်. . "

ရော. . ခက်ချေပြီ။ သို့ဆိုပါလျှင်ဖြင့် ကျွန်တော့်အတွက် အခက် ချေပြီ။ အမြည်းအလို့ငှာ မှာလိုက်လျှင် သူတို့ပါစားလို့ရသည့် ည်းကိုသာ တမယ်ကောင်း ဝယ်လာပေလိမ့်မည်။ ပြီးတော့ ဘတ်ငွေ လည်း ရနိုင်တော့မည်မဟုတ်။

သို့ကြောင့် ကျွန်တော်သည် 'မင်းသွားမယ်ဆို ငါသက်သာတာ ကွာ။ နို့ပေမဲ့ မင်းမှာ နှလုံးရောဂါရှိတယ်မဟုတ်လား။ နှလုံးရောဂါ ည် မင်းနဲ့တော့ ဖြစ်မယ်မထင်ပါဘူးကွာ။ အေးလေ. . မင်းမှာ ခွန်အား သတ္တိတွေရှိလျှင်ဖြင့် သွားပေါ့. . '

သည့်နှယ်ပြောလိုက်လေတော့ဗျာ. . မဒမ်ပိုက်သည် ကျွန်တော့် ဈေးဝယ်ခွင့်ပါမစ်ကို ပြန်ရုပ်သိမ်းခြင်း မပြုပါတော့ချေ။

သည်သို့ဖြင့် ကျွန်တော်သည် နိစ္စဓူဝ ဈေးဝယ်ဖြစ်ခဲ့ရပြန်တော့၏။ ဈေးဝယ်သက်တမ်းတစ်လျှောက်တွင် ဈေးသည်တို့၏ အပတ်-အနှပ် အတော်များများ ခံခဲ့ရဖူး၏။ ကြာတော့ကာ အလုပ်က သင်ဆိုသည့်

www.burmeseclassic.com

www.burmeseclassic.com



ဈေးဝယ်ခြင်း တတ်လာတော့၏။

သို့ကြောင့် ကျွန်တော် ခံရသည်များလို အိမ်ရှင်မတို့ မကြုံရ‌
အောင် တစ်ဆင့် ဖောက်သည်ချလိုခြင်း၊ ကျွန်တော် သိနားလည်ခဲ့ရသ‌
များကို သိရှိစေလိုခြင်းကြောင့် ဖြစ်ပေသည်။

ကုန်ဈေးနှုန်းတက်ခြင်းဆိုသည်မှာ သူ့ဓေတ်သူ့အခါ သူ့အ‌
နှင့်သူ တက်ခြင်းသည် တကယ်တော့ မထူးဆန်းလှပါချေ။

သို့ပေမင့် ကိုယ်ပေးသော တန်ဖိုးနှင့် ညီမျှသော ဝယ်ကုန် ပစ္စ‌
ဈေးမှန်ရဖို့ လိုအပ်သည်မဟုတ်ပါကလား။ သည်တော့ ကိုယ်က ဈေး‌
အဝယ်တတ်ဖို့ လိုပေပြီ။

ဆိုပါစို့ . . ဒန့်ဒလွန်သီးနှင့် ငါးရံ့လေးချက်စားလိုလို့ ချဉ်ခြ‌
တက်နေလျှင် ဒန့်ဒလွန်သီးဝယ်၊ ငါးဝယ်၊ ခရမ်းချဉ်သီးဝယ်၊ မန်ကျည်း‌
လေးဝယ်၊ ဟုတ်ပြီ။ အတို့အမြုပ်ကလေး တစ်ခုခုဝယ်ရဦးမည်။ ရာသီ‌
ပေါ်နေတဲ့ တညင်းသီး တညင်းဝက် ဝယ်ပေ့ါ။

ခုံ ရာသီပေါက်ဈေး ဒန့်ဒလွန်သီးတစ်တောင့် အစိတ်ရှိသည်
အဲဒီလောက် ဈေးပေးပြီး ဝယ်လာတဲ့ ဒန့်ဒလွန်သီးက အိမ်ရောက်‌
အရင့်သီးကြီးဖြစ်နေလျှင် မခက်ပါကလား။ သည်တော့ ကိုယ်က အနုသ‌
ရွေးဝယ်တတ်ဖို့ လိုသည်။ အနုအရင့် ဘယ်လိုခွဲမလဲ။ အိမ်ရှင်မ‌
သိထားရမည့်ကိစ္စ ဖြစ်သည်။

သူက ခဝဲသီးလို ချိုးကြည့်လို့ရတာမျိုး မဟုတ်ချေ။ ဆိတ်ကြ‌
လို့လည်း မသေချာ။ သေချာတာပြောရလျှင် ဒန့်ဒလွန်သီးအစေ့‌
အရင်းပိုင်းနဲ့ အဖျားပိုင်းကို ကိုင်ပြီး လိမ်ကြည့်လိုက်ပါ။ ပျော့ပျော့ပြော‌
ပြောင်းလေး လိမ်ကြည့်လို့ ရလျှင်ဖြင့် အနုသီး၊ မာဆတ်ဆတ်ကြီး ဖြစ်‌
လျှင်ဖြင့်သော်လည်းကောင်း၊ ကွဲအက်ထွက်လာမယ်ဆိုလျှင်ဖြင့် အရင့်သီ‌

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

'ကိုပိုက်ပြောတဲ့ နည်းအတိုင်း စမ်းသပ်လိုက်တာ ဒန့်ဒလွန်သီး တောင့် ကွဲအက်သွားတာကြောင့် ဈေးသည်နဲ့ စကားများရသေးတယ်ရှင့်' ရယ်လို့ ဆရာမ နှင်းဝေငြိမ်းက ပြောဖူး၏။

ဒန့်ဒလွန်သီးကို အားကုန် သွားမလိမ်ကြနဲ့ပေါ့ဗျာ။ တွေးတွေး ဆဆလေး လုပ်ပေါ့။ ခရမ်းချဉ်သီး ဝယ်မယ်ဆိုလျှင် အမှည့်သီးချည်း ရွေးမဝယ်လေနှင့်၊ အစိမ်းသီးလေးနဲ့ တွဲဖက်ဝယ်သင့်၏။ ပစ္စလက်ခတ် သုံးလေးရက်တော့ ခံနိုင်သည်။

အတို့အမြှုပ်အတွက် တညင်းသီး ဝယ်မယ်ဆိုလျှင်လည်း ဖေါင်း ဖေါင်းမို့မို့လေးတွေကို ရွေးဝယ်ရ၏။ တညင်းဝက်ဆိုလျှင်လည်း ပြားပြား ကြီးကြီးထက် အသားထူထူ ဖေါင်းဖေါင်းကို ရွေးဝယ်နိုင်တာ ပိုကောင်း ပေသည်။

BURMESE CLASSIC

တညင်းသီးတစ်လုံး ငါးကျပ်၊ ခြောက်ကျပ်။ တညင်းဝက် လေးလုံး ငါးဆယ်ဈေး များတယ်။ လေးတောင့်တစ်ဆယ် ရုံးပတီသီးပဲ ရေနွေးဖျော စားတော့မယ်ဆို စိတ်ကူးလိုက်မယ်ဆိုလျှင်ဖြင့် အစည်းလေးတွေ လုပ် ရောင်းတဲ့အသည်ဆီက မဝယ်သင့်ချေ။

တစ်စည်းတွင် အရင့်သီးနှစ်တောင့်ခန့် ပါတတ်သောကြောင့် ဖြစ်၏။ တစ်တောင့်ချင်း စိတ်ကြိုက်ရွေးဝယ်ရသော အသည်ကို ရှာဝယ် သင့်သည်။ ရုံးပတီသည် ပုံပန်းသဏ္ဍာန် အရောင်အဆင်းကို ကြည့်၏။ နူမှာပဲဆိုပြီး ရမ်းသမ်းမဝယ်ပါနှင့်။

'လေဒီဖင်းကား' ဆိုတဲ့အတိုင်း မာယာများတတ်ကြ၏။ သို့ကြောင့် ပိုမိုသေချာရန်အလို့ငှာ အသီးဖျားကို လက်မလေးနှင့် အသာအယာ ဖိချိ ကြည့်ပါ။ ဆတ်ကနဲ ပြတ်ထွက်သွားလျှင် အသီးနုဖြစ်ပေတော့၏။ သို့နှယ်

www.burmeseclassic.com

www.burmeseclassic.com



ချိုးကြည့်၏၊ မြတ်မထွက်ပါက လုံးဝ အရင့်သီးဖြစ်ချေတော့၏။


အင်း . . ဒန့်ဒလွန်သီးနဲ့ ငါးမစားချင်လို့ ကင်ပွန်းနဲ့ ငါးချဉ်ဟင်းလေး ချက်မယ်စိတ်ကူးလိုက်လျှင်ဖြင့်လည်း ကင်ပွန်းရွက် တစ်စည်းအစိတ်လောက် ရှိသည်။ သို့ဈေးပေးရတာချင်းအတူတူ မနေ့က အကျန်ဆိုတာကို ရှောင်ဝယ်သင့်၏။ ရွက်နုချည်း ဝယ်ခြင်းထက် ရင့်စပြုသည့် ကင်ပွန်းရွက်ကိုပါ ရောစပ်ဝယ်သင့်၏။

ကိုယ်က ဝယ်တော့မည်ဆိုပါလျှင် ကင်ပွန်းရွက်ဆုစည်းကို မသိမသာလေး ကိုင်လှုပ်ကြည့်ပါ။ အရွက်တွေ အတော်များများ ကြွေကျလေလျှင် မဝယ်ပါလေနှင့်။ ချက်စားလို့လည်း မကောင်းပါချေ။

ကဲ. . အိမ်ရှင်မတို့ရေ. . ကျွန်တော်သိတာလေးကို ဖောက်သည်ချတာပါ။ နောင် အလျဉ်းသင့်ပါလျှင် အလေးချိန်ခွင်မှန်သော ဈေးသည်ကို ရှာဝယ်နည်း ပြောပြချင်ပါသေးသည်။

အိမ်ရှင်မတို့ စိတ်လက်ချမ်းသာ ဈေးဝယ်ထွက်နိုင်ကြပါစေ။

အိမ်ရှင်မဂျာနယ်
(၂၀၀၂၊ ဇွန်လ ၂၅ ရက်)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အသက်ကို ဖက်ဖြင့်ထုပ်ကာ ခရီးသွားကြခြင်း

ထိုနေ့က ကျွန်တော် "အိမ်ရှင်မဂျာနယ်" တိုက်သို့ ရောက်သွားသည်။ ထိုမှတဖန် အလုပ်တိုက်သို့ သွားရန် မဟာဗန္ဓုလပန်းခြံလမ်း ကားဂိတ်သို့ ထွက်ခဲ့၏။

ကျွန်တော့်အလုပ်တိုက်ရှိရာသို့ သွားနိုင်ရေးအတွက် ကားစောင့်နေစဉ် အမှတ် (၃၂) အဲယားကွန်းကား ရောက်လာသောကြောင့် တက်သုတ်ရိုက် တက်လိုက်၏။ မည်သို့ပင် တက်သုတ်ရိုက် တတ်လေဦးတော့ စပယ်ယာ၏ တွန်းထိုးတင်ခြင်းကို ခံရပြန်လေ၏။

အဲယားကွန်းဆိုသော်ငြား အဲယားမကွန်းပါ။ ကားပေါ်ရောက်ပြန်တော့ နောက်ထပ်စပယ်ယာတစ်ဦး၏ ကားနောက်ပိုင်းသို့ မောင်းသွင်းခြင်း ခံရပြန်၏။ ကိုယ်ပိုင်ကား ဝယ်မစီးနိုင်ပြန်တော့လည်း ပြည်သူ့နီတိ

www.burmeseclassic.com

www.burmeseclassic.com



မသိသော စပယ်ယာတို့၏ ပြဿနာ ခံရပြန်သည်။ ကျွန်တော်မှမဟုတ် ခရီးသွား လုပ်သားပြည်သူတိုင်း ခံရခြင်းဖြစ်သည်။ ထိုသည်ကား ရိုးစင်းသော ခရီးသွားမှတ်တမ်းတစ်ခုပင် ဖြစ်တော့၏။

သည်သို့ဆိုတော့ ကြပ်ကြပ်ညပ်ညပ်ဖြင့် ကားဝမ်းဗိုက်တွင်းမှ သံဗုဒ္ဓေ ရွတ်ဖတ်ရင်း လိုက်ပါခဲ့သည်။

မဟာဗန္ဓုလပန်းခြံလမ်းမှသည် မော်တင်-ကိုင်းတန်းလမ်းအထိ ကျွန်တော် စီးနင်းလိုက်ပါရမည့် ခရီးတိုလေးသည် ကျွန်တော့်အတွက် တစ်သက်စာ ရင်ခုန်ခဲ့ရ၏။ အနော်ရထာလမ်းသည် ကားကြပ်၏။ လမ်းရှုပ်၏။ မီးပွိုင့်များရှိ၏။ ထိုသည်ကြားမှ ကျွန်တော် စီးနင်းလိုက်ပါခဲ့ရသော ကားသည် မထင်မှတ်ဘဲ ပြိုင်ကားဖြစ်နေတော့၏။ ကားတွင်းရှိလူများသည် ယိမ်းကာယိုင်ကာဖြင့် ရင်ထိတ်နေကြ၏။

ထိုစဉ်မှာပင် တစ်ဘက် ပြိုင်ကားသည် ၁၅-လမ်း ကားဂိတ် မရောက်မီ ကျွန်တော်တို့ စီးနင်းလာသော ကားကို ဦးခေါင်းထိုးပေးလာသဖြင့် ဘေးသို့ တိမ်းရှောင်လိုက်သည်ကြောင့် မှောက်ပြီလို့ပင် တွက်လိုက်မိ၏။ ဘုရား. . ဘုရား. . ရင်တုန်လိုက်တာ။

". . . ရေ၊ ဒီကောင်ကို ပြန်ဖိုက်မယ်. ."

"ဟုတ်တယ်၊ ဆော်ကွာ. ."

"ပြန်ပညာပေးရမှာပေါ့ကွာ. ."

"ဒီလိုလုပ်လို့ ဘယ်ရမလဲကွာ. ."

စပယ်ယာသုံးယောက်နှင့် ကားမောင်းသူ ပြောစကားများ ဖြစ်သည်။

အင်း. . သူတို့လေးယောက်ထဲ ကားပေါ်ပါလာကြသည်ဟု ထင်ကြသည်လားမသိ၊ ခရီးသည်များအား ထည့်မတွက်လေတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည်လည်း ပြောသလို လုပ်ကြသူများ ဖြစ်ကြသည်။ တစ်ဘက်ပြိုင်ကားကို အမီလိုက်ကြသည်။ ကားကကြမ်း လမ်းကချွပ်သော ကြောင့် ကွေ့ကာပတ်ကာ ရှောင်ကာတိမ်းကာ အရှိန်နှုန်းမြင့် မောင်းလေ သောကြောင့် ကားသည် ယိမ်းကာယိုင်ကာ ဖြစ်နေတော့၏။

တစ်ချက်ကလေး မှားလို့ကတော့ ကားပေါ်ပါ ခရီးသည်အားလုံး သေသူသေ၊ ကြေသူကြေ၊ ပေသူပေ ဖြစ်ကြပေရော့မည်။

ဆိုပါစို့။ တစ်ဘက်ပြိုင်ကားကို ကျွန်တော်တို့ စီးနင်းလာသော ကားသည် စံပြမှတ်တိုင်အကျော် မီလာတော့၏။

ကားမောင်းသူသည် သူ၏ကားခေါင်းကို တစ်ဘက်ကားခေါင်းရှေ့ နားလောက်တွင် ထိုးလိုက်၏။

တစ်ဘက်ကားမောင်းသူ မျက်လုံးမျက်ဆန်ပြူးသွားကာ သူ့ကား ကို ဘေးသို့ စွတ်ချည်းဆွဲသွားတော့၏။

"ဟာ. ."

"အမလေး. ."

"တောက်. . မိုက်ရိုင်းလိုက်ကြတာကွာ. ."

"အား. ."

ကားစီးခရီးသည်များ၏ အလန့်တကြားအော်သံများ ဖြစ်တော့၏။

အင်း. . သူတို့ နားမလည်ကြပါကလား။ ကားစီးခရီးသည်တွေကို လုံးဝ အလေးမမူကြပါကလား။ တန်ဖိုးမထားကြပါကလား။ အဆိုး အကောင်း မတွက်တတ်ကြပါကလား။

တစ်ဘက်ကားသည် ဓာတ်တိုင်နှင့်ပင် တိုက်မလို ဖြစ်သွား၏။ တိမ်းမှောက်သွားခြင်းဘေးမှ သီသီလေး လွတ်ထွက်လာ၏။ ကျွန်တော် အတော်ကြီး စိတ်ပျက်သွား၏။ ထိုကိစ္စမျိုးသည် တစ်ခါတည်းကြုံဖူးခြင်း

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ချေ။ အခါအားလျော်စွာ ကြုံဖူးခြင်းဖြစ်၏။

ယနေ့ခေတ် ကားစပယ်ယာ အတော်များများနှင့် ကားမောင်းသူ အတော်များများသည် ယဉ်ကျေးသိမ်မွေ့ခြင်း မရှိသည်ကို တွေ့ရ၏။

ကဲ. . ခုလို စိတ်လိုက်မာန်ပါ ကျော်လိုက်ပြီတဲ့၊ ဘယ်သူတွေ ဒုက္ခရောက်ကြမလဲ။ တစ်ဘက်ကား တိမ်းမှောက်သွားပြီဆိုပါစို့။ ခရီးသွားသူတွေ ဒုက္ခရောက်ပြီပေါ့။ သည်ခရီးသွားတွေထဲမှာ ပညာတတ်တွေ ပါမည်၊ ပညာရှိတွေ ပါမည်၊ လုပ်သားကောင်းတွေ ပါမည်၊ လူမမယ် ကလေးတွေ ပါမည်၊ ကိုယ်ဝန်ဆောင်တွေ ပါမည်၊ ဘုန်းတော်ကြီးတွေ ပါမည်။

ခရီးသည်တွေရဲ့ အသက်အန္တရာယ်ကို ထည့်တွက်သင့်သည်။ ဆိုပါစို့ သူ(ကားမောင်းသူ) ကော ဒုက္ခမရောက်နိုင်ပေဘူးလား။ သူ့မယ်ကော မိသားစု မရှိတော့ဘူးတဲ့လား။ သည်လိုကိစ္စမျိုးတွေ ဖြစ်နေတယ်။ ဘယ်လို တားဆီးကြမလဲ။ ဘယ်သူတွေမှာ တာဝန်ရှိသလဲ။

- ထားပါ။ သူများပြောမှ သိတယ်ဆိုတော့ ရှက်စရာကောင်းလွန်းလှပါတယ်။ မိမိကိုယ်ကို ကောင်းအောင် ကြိုးစားဖို့ပင် အဓိကဖြစ်သည်ကို ပြောချင်ပါသည်။

ကျွန်တော်သည် ဆင်းရမည့်မှတ်တိုင်အရောက် ကပျာကသီ ကားပေါ်မှ ဆင်းလိုက်၏။ နို့တောင်မှ ကျွန်တော်တို့ စီးနင်းလာသောကားသည် တစ်ဘက်ပြိုင်ဘက်ကား၏ ဦးခေါင်းရှေ့တွင် ခေါင်းထိုး ကပ်ရပ်ထားလေ၏။ လူတစ်ကိုယ်လွတ်ရုံ နေရာကျဉ်းကျဉ်းလေးမှ ကျွန်တော်သည် ဘုရားတကာ ထွက်ခဲ့ရတော့၏။ ထိုစဉ် တစ်ဘက်ကားမှသော်လည်းကောင်း၊ ကျွန်တော် စီးနင်းလိုက်ပါခဲ့သည့် ကားမှသော်လည်းကောင်း မောင်းထွက်ခဲ့သော် ထိုကားနှစ်စီးကြား ကျွန်တော် ညပ်ပါသွားနိုင်၏။ ထိုကားနှစ်စီးနှင့် ဝေးဝေးလွတ်ကင်းရာအရောက်တွင် လှမ်းကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စီးနင်းလိုက်ပါခဲ့သည့်ကားသည် ၃ခ/----၊ ရန်ဘက်ပြိုင်ကားသည် ၄ခ/---- ဖြစ်နေ၏။ ထူးခြားတာတစ်ခုက (၃၂) လိုင်းကားကြီးများ ဖြစ်ကြခြင်းပင်။ တစ်ဘက်ကားလမ်းမပေါ်သို့ ခြေချမိသည်နှင့် သက်ပြင်းရှည်ကြီးတစ်ခုကို ချလိုက်ကာ လက်မှ နာရီကြည့်လိုက်၏။ နေ့ ၁၂း၀၀ နာရီရှိပြီ ဖြစ်သည်။ ကျွန်တော် အလုပ်နောက်ကျနေပြီပဲ။


ကဲ. . အိမ်ရှင်မတို့ရေ. . မိမိ မိသားစုအတွက် စားဝတ်နေရေး ရှာဖွေထွက်နေတဲ့ အိမ်သားတွေအတွက် သွားလေရာခရီး ချောချောမွေ့မွေ့ရောက်သွားဖို့နဲ့၊ ပြန်ရောက်ဖို့အတွက် အိမ်ကနေပြီး အန္တရာယ်ကင်းဂါထာလေးတွေ ရွတ်ပေးကြဖို့ မမေ့ကြနဲ့နော်။

အိမ်ရှင်မဂျာနယ်
(၂၀၀၂၊ ဇူလိုင် ၆ ရက်)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## မစားရ ဝခမန်း

နွေဦးကာလဖြစ်သော်ငြား ပူလိုက်သည်မှာ ခြစ်ခြစ်တောက်၊ အရိပ်အာဝါသကင်းလွတ်သည့် လွင်ပြင်ကြောင့်လည်း ဖြစ်လိမ့်မည်။ လေပူကလည်း တိုက်သေး၊ ကွင်းပြင်အတွင်း လေအထက်မှ-လုပ်ငန်းခွင်ဝင်နေကြသည့် မြေထိုးစက်ကား၊ မြေသယ်မြေဖို့ကားတို့ကြောင့် လေနှင့်အတူလိမ့်၍လိမ့်၍ ဖါလာသည့် ဖုံလုံးတို့သည် လူကို မျောက်ဖြူဖြစ်လုမတတ် ဒုက္ခပေးခြင်း ခံရသေး၏။ သို့ကြောင့် မတွေ့တာကြာပြီဖြစ်သည့် သူငယ်ချင်း ဟန်တင်နှင့် နှအေးအေးလူလူ စကားမပြောဖြစ်ချေ။

"သူငယ်ချင်း မင်း အတော်စိတ်ညစ်သွားလား. ."

ကျွန်တော်သည် ခေါင်းညိတ်ရုံသာပြုပြီး သူ့ကို အသာငဲ့စောင်းကြည့်လိုက်သည်။ မတတ်သာ၍သာ သူသည်လည်း ဤနေရာသို့ လာရောက်လုပ်နေရသူဖြစ်မှန်း တွက်ဆမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းဖြစ်သူ ဟန်တင်တစ်ယောက် မော်လမြိုင်ကျောင်းမှ န်တုန်မြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကတည်းက တစ်ခါမျှ မဆုံ စ်ခဲ့ကြချေ။ မဆုံဖြစ်သည့်ပြင် အဆက်အသွယ်ပါ လုံးလုံးပြတ်ခဲ့ကြ ည်။ ကျွန်တော်သည်လည်း မော်လမြိုင်မှ ခွာခဲ့သည်မှာ ကြာခဲ့ပြီပဲ။ လုပ်မှ အနားယူကာ ဝါသနာပါသည့် စာတိုပေစလေးများ ရေးရင်း သားစုဝမ်းရေးအတွက် ရှံဖန်ရံခါဆိုသလို ထီးဖြူဖိနပ်ပါး ပွဲစားအလုပ် ပ်နေရ၏။ ဘာရယ်တော့ သတ်သတ်မှတ်မှတ်မရှိ၊ ကြုံရာ သင့်သလို ပ်နေရသည့် ပွဲစားဖြစ်သည်။

လွန်ခဲ့သော တစ်ပတ်လောက်က ပန်းဆိုးတန်းစာအုပ်ဆိုင်တန်း င် ဟန်တင်နှင့် ပြန်ဆုံခဲ့ကြသည်။ သူ ကျောင်းဆရာအလုပ်က ပင်စင် လိုက်ပြီဟု သိရ၏။ ပြီးတော့ ဆောက်လုပ်ရေးဆိုဒ်တစ်ခုတွင် လုပ်နေ ည်ဟု သိရသဖြင့် ၎င်းတို့ဆောက်လုပ်ရေးဆိုဒ်သို့ သစ်ခွဲသားများ င်းရန် စကားစပ်မိသည်ကြောင့် ထိုကိစ္စနှင့်ပတ်သက်၍ သူ့ထံသို့ ရောက်လာခြင်း ဖြစ်သည်။

လုပ်ငန်းဖြစ်ဖို့ သေချာသလောက်ဟု ကျွန်တော်က တွက်ထား သော်လည်း လွယ်မည့်ပုံတော့ မပေါ်ချေ။ သေချာပေါက်လုပ်ငန်း ဖြစ် ည်ဟု တွက်ဆထားခြင်းသည်လည်း အကြောင်းရှိ၏။ ထိုဆောက်လုပ် ရေးလုပ်ငန်းကြီးတစ်ခုလုံးကို သူ၏ဦးလေးတော်စပ်သူက တာဝန်ယူထား သည် သိရသောကြောင့်ဖြစ်သော်ငြား မလွယ်ဆိုသည်ကား ဟန်တင်သည် င်ကိုယ်စိတ်ရင်း ရိုးသားခြင်းကြောင့် ကျွန်တော့်ကိစ္စကို ဦးလေးဖြစ်သူနှင့် ိုက်ရိုက်ဆက်သွယ်ပေးခြင်းမရှိဘဲ အင်ဂျင်နီယာတစ်ယောက်နှင့်သာ ဆက်သွယ်ပေးခြင်းကြောင့်ပင်။ မည်သို့ပင်ဖြစ်စေ လုပ်ငန်းဖြစ်ဖို့ အဓိက တွက်ပါကလား။

www.burmeseclassic.com



သို့ဖြင့် သူ ဆက်သွယ်ပေးသော အင်ဂျင်နီယာ ဦးမင်းသူနှင့် လုပ်ငန်းစကား အသေးစိတ်ပြောဆိုပြီး ပြန်တော့မည်ပေ့ါ။ သည်တော့ သူငယ်ချင်း ဟန်တင်က သူသည်လည်း ထမင်းစားထွက်ရင်း လိုက်ပို့မည်။ ထမင်းစားပြီးမှ ပြန်ပါဆိုလျက် အတင်းအကြပ် ခေါ်လေသည်။ အင်ဂျင်နီယာ ဦးမင်းသူနှင့် လူစိမ်းပုဂ္ဂိုလ်တစ်ယောက်လည်း ပါလာ၏။

ထမင်းစားသွားရမည့် ခရီးက ဆောက်လုပ်ရေးဆိုဒ်ရှေ့ရှိ လမ်းမကြီးပေါ် ထွက်၍ ရံဖန်ရံခါ လာတတ်သည့် ခရီးလတ်သွား လိုင်းကားစီး ကားမှတ်တိုင် လေးမှတ်တိုင်လောက်တွင်ရှိသည့် ထမင်းဆိုင်သို့ သွားကြရမည်ဖြစ်သည်။

"ဒါ ကျွန်တော်တို့ဆီက 'စိမ်' ကိုင်မယ့်သူပါ" ရယ်လို့ ဦးမင်းသူက မိတ်ဆက်ပေးခဲ့ပြီးဖြစ်သည်ကြောင့် ကားပေါ်တွင် မတ်တပ် စကားစမြည် ပြောမိ၏။ သို့ အာလ္လာပသလ္လာပ ပြောနေရင်းမှ . .

"ကျွန်တော့်မယ် ကားရှိပါတယ်ဗျာ၊ အိမ်ကသားက ယူသွားတယ် အငှားလိုက်နေတာပေ့ါ၊ ဘာရယ်တော့မဟုတ်ပါဘူး။ သားကို အောက်သက်ကြေအောင်လို့ပါ။ ကျွန်တော်က လိုင်းကားတိုးစီးချင်တာ မဟုတ်ဘူး။ မွန်းကြပ်တယ်ဗျာ၊ မတတ်သာလို့သာ စီးနေရတာ။ စိတ်ညစ်ဖို့ အားကြီးကောင်းတယ် . ."

ထိုပုဂ္ဂိုလ်၏ ကျယ်လောင်ကျယ်လောင်စကားကြောင့် ကျွန်တော် အတော်ကလေး စိတ်ညစ်သွားသည်။ မဆီမဆိုင်များ အင်မတန် ကြွားဝါချင်သည့် သူပေပဲ။ ကျွန်တော်တို့စီးလာသည့် ဘတ်စ်ကားသည် သူပြောသလို မွန်းကြပ်နေလောက်အောင် လူမကြပ်၊ မတ်တပ်ရပ် စီးရသော်လည်း ရန်ကုန်မြို့တွင်း ကားလိုင်းများမှ စပယ်ယာတွေ ပြောသည့် ဝါသနာပါက လွတ်လပ်စွာ တစ်ပင်တိုင် ကနိုင်လောက်သည့် နေရာရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဟုတ်ပါဗျာ။

သူပြောလိုက်သည့်စကားသည် သူ့လုပ်ဖော်ကိုင်ဖက် ဦးမင်းသူ ကို ပြောသလိုလိုနှင့် ကျွန်တော့်သိရန် ကြွားနေသည်လား သို့မဟုတ် ခရီးသည်တွေကို ကြွားနေသည်လား ဆိုသည်ကိုတော့ဖြင့် သူသာလျှင် အသိဆုံး ဖြစ်လိမ့်မည်။

ခရီးသည်တွေ သူ့အပေါ် အယ်လိုမြင်ကြမည်တော့ မသိ၊ ကျွန်တော်ကတော့ ထိုပုဂ္ဂိုလ်အား လုံးဝ အထင်မကြီးသည့်အပြင် အထင် သေးသွားမိသည်။

"သူ့မယ် ဘာကားရှိလို့တုန်းဗျ" ထိုပုဂ္ဂိုလ်နှင့် ကျွန်တော်သည် အတော်လှမ်းလှမ်းတွင် ရှိနေကြပြီဖြစ်သည်ကြောင့် အနီးရှိ ဟန်တင်ကို တိုးတိုးကပ်မေးလိုက်သည်။

"သိဘူးဗျ၊ ကျွန်တော်လဲ သူ့ကို ခုမှမြင်ဖူးတာ။ ဟိုတစ်နေ့က တော့ ဘီ ၃၆၀ လေးဘီးကားလေးနဲ့ ရောက်လာတာတော့ တွေ့မိတာ ပဲ. . "

**"ဦးလေးတို့ ကားခလေး. . "**

ကားစပယ်ယာလေး အနားရောက်လာသည်ကြောင့် ကျွန်တော် သည် ဆယ်တန်တစ်ရွက် ထုတ်ပေးလိုက်ရင်း. .

"လေးယောက်" လို့ ပြောလိုက်၏။

"နေ နေ ကိုစိုးမင်း ကျွန်တော် ပေးလိုက်မယ်" ဆိုပြီး ဟန်တင်သည် ကျွန်တော့်လက်ကို လှမ်းဆွဲပြီး ကပျာကယာပင် သူ့အိတ်ကပ်အတွင်းမှ ငွေတစ်ဆယ် ထုတ်ပေးလိုက်ရင်း. .

"နောက်က နှစ်ယောက်အတွက်ပါ ယူလိုက်ပါ" ဟု ပြောလိုက်၏။ ဒီတော့ ကားစပယ်ယာလေးက ကျွန်တော်တို့နှင့် ခပ်လှမ်းလှမ်းတွင် ရှိနေ

www.burmeseclassic.com

www.burmeseclassic.com



သည့် ထို စီမံပုဂ္ဂိုလ်နှင့် အင်ဂျင်နီယာ ဦးမင်းသူတို့ကို လက်ညှိုးထိုးပြီး "အဲဒီနှစ်ယောက်လား" ဟု မေးလာ၏။

"ဟုတ်တယ်" ဟု ဟန်တင်က ပြောလိုက်သည်တွင် 'ဒို့ဆိုလျှင် သူတို့က နှစ်ယောက်အတွက် ပေးပြီးပြီ' ဟု ဆိုကာ ငွေခြောက်ကျပ် ပြန်အမ်းလေ၏။

အင်ဂျင်နီယာကြီး ပေးလိုက်သည်လား၊ ပုဂ္ဂိုလ်ကြီး ပေးလိုက်သည်လား မသိ၊ အံ့ပါရဲ့ဗျာ။ ဟန်တင်နှင့် သူတို့နှစ်ယောက် ဆက်ဆံရေးက ဘယ်လိုပါလိမ့်။ ကြည့်စမ်းပါဗျာ၊ သည်လမ်းခရီးက လူလေးယောက်မှ ၈/- ရယ် ပေးရတာ။ တူတူ လေးယောက်လာကြတာပဲ။ ခွဲခြားခွဲခြားနဲ့ ပါလား။ တစ်ယောက်က အင်ဂျင်နီယာ၊ တစ်ယောက်က ကားပိုင်ရှင်ပါ တယ်ဆိုတဲ့ သူဌေး၊ ထားပါလေ ဒါ သူတို့ကိစ္စ။ ဟန်တင်ကတော့ မျက်စိ မျက်နှာ ပျက်နေသည်။

သို့ဖြင့် ထမင်းစားမည့် ထမင်းဆိုင်သို့ ရောက်လာကြသည်။ ဆိုင်လေးက သေးသေးနုပ်နုပ် ဖြစ်သည်။ သူ့အရပ် သူ့ဒေသနှင့် သင့်တင့်လျောက်ပတ်စွာ ဖွင့်ထားဟန်တူသည်။

ကျွန်တော်သည် သတ်သက်လွတ်သမား၊ ရာသက်ပန် သတ်သက်လွတ်စားနေသူ ဖြစ်သည်ကြောင့် ပန်းပွင့်ကြော်နှင့် ပဲပြုတ်ကြော် မှာလိုက်သလို ဟန်တင်၊ ဦးမင်းသူနှင့် ထိုပုဂ္ဂိုလ်တို့သည် သူတို့အာသီသရှိရာ ဖွယ်ဖွယ်ရာရာချက်ထားသည့် အသားဟင်းလျာတို့ကို မှာကြသည်။

ဟန်တင်ကို ကြည့်ရသည်မှာ ထိုပုဂ္ဂိုလ်တို့နှင့် စားပွဲဝိုင်း ခွဲစားလိုဟန်ရှိသော်လည်း ထမင်းစားချိန်မို့ ထင်၏။ စားပွဲဝိုင်းတိုင်းတွင် လူပြည့်နေသည်ကြောင့် တစ်စားပွဲထဲ ထိုင်စားရသည်ကို နှစ်မြို့ဟန် မပေါ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်နေသော ကျွန်တော်တို့ စားပွဲဝိုင်းကို စတင်၍ အသံဖြင့် ဖြိုဖျက်လိုက်သူသည် စီမံပုဂ္ဂိုလ်ဆိုသူပင် ဖြစ်၏။

"ပြောရဦးမယ်ဗျာ၊ ကျွန်တော်နဲ့ ဘော်စ် ကိုညွန့်ဝင်း မြို့ထဲသွားရင်း ဟိုတယ်မှာ ထမင်းဝင်စားကြတယ်၊ ဟင်းလျာတွေ တစ်ပုံတစ်ပင်ကြီးမှာလိုက်တယ်ဗျာ၊ တန်ဖိုးကြီးကြီးတွေပဲပေါ့။ ကျွန်တော်က မွေးနေ့တိုင်း သတ်သက်လွတ် စားတဲ့သူကိုး။ အဲဒီတုန်းက ကျွန်တော့်မွေးနေ့ဆိုတော့ သတ်သက်လွတ်ထမင်းကြော်လေးပဲ စားလိုက်ရတယ်၊ နာတယ်ဗျာ"

သူ့စကားအရ ထိုနေ့က သတ်သက်လွတ်စားသည့်နေ့ ဖြစ်နေပါသော်လည်း အသားဟင်းလျာကို တပ်မက်စွာ စားလိုချင်စိတ် သူ့တွင် ဖြစ်နေသည်ပဲ။ တစ်ရက်ကလေးမျှပင် တဏှာကို မပယ်နိုင်ခြင်းသဘော ဖြစ်နေတော့၏။ နို့ဆိုလျှင်ဖြင့် ဘာလို့များ သက်သတ်လွတ် စားနေပါလိမ့်။

သူ့စကားကြောင့် ကျွန်တော် သူ့ကိုလှမ်းကြည့်ရင်း ပြုံးပြလိုက်မိသည်။

စားပွဲများ မရောက်လာမီနှင့် စားနေကြစဉ် တစ်ချိန်လုံး သူဌေးဦးညွန့်ဝင်းနှင့် သူဘယ်လောက် ရင်းနှီးကြောင်း ခရားရေလွှတ် တတွတ်တွတ် ပြောနေပြန်သည်။

တကယ်တော့ သူ တင်စား အမွှန်းတင်ပြောနေသည့် သူဌေးကြီးဦးညွန့်ဝင်းသည် ဟန်တင်၏ ဦးလေးတော်စပ်သူပင် ဖြစ်တော့၏။ ဟန်တင်ကိုလည်း ဦးညွန့်ဝင်းနှင့် တူအရီးတော်စပ်လေမှန်း ထိုပုဂ္ဂိုလ် သိဟန်မပေါ်၊ ရယ်စရာ ဖြစ်နေပြီကော။ သူ့အနေဖြင့် ဟိုတယ်ကြီးတွေ၊ လုပ်ငန်းကြီးတွေ အများကြီး ပိုင်ဆိုင်သည့် တိုင်းသိပြည်သိ သူဌေးကြီးနှင့်ရင်းနှီးသိကျွမ်းနေရခြင်းသည် သူ့ဘဝတွင် အထူးခြားဆုံး ဂုဏ်ယူဖွယ်ရာ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေကြောင်း ပေါ်လွင်နေတော့၏။ စကားပြောတိုင်း ဦးညွန့်ဝင်းနာမည်ကို နူတ်ဖျားက မချတော့ပေ။ ထိုသည်ပြောနေရသည်ကိုသာလျှင် အရသာတွေ့နေဟန် ဖြစ်၏။ အကယ်၍များ သူဌေးကြီး ဦးညွန့်ဝင်းသည် မဆိုကောင်း ဆိုစကောင်း အထည်ကြီးပျက်ဘ၀ ရောက်သွားခဲ့သော် ဦးညွန့်ဝင်း ဆိုသည့်နာမည်ကို သူ့နူတ်ဖျား တင်ထားနိုင်ပါဦးလေမည်လား။

လောကကြီးမှာ လူအတော်များများသည် ထိုစီမံပုဂ္ဂိုလ်ကြီးလိုပင် ဖြစ်တတ်ကြပါသည်။

ပုဂ္ဂိုလ်ကြီးကြီးတစ်ယောက်နှင့် ရင်းနှီးသိကျွမ်းရခြင်းကိုပင် ဂုဏ်ယူဝံ့ကြွားစွာ ပြောနေရခြင်းဖြင့် ပီတိဖြာနေတတ်ကြသူတွေကို ကြည့်ခြင်းဖြင့် ထိုသူတို့၏ အဆင့်အတန်းကို မှန်းဆနိုင်ပါသည်။

ထမင်းပွဲ လက်စသိမ်းသည့်အခါတွင် ကျွန်တော်နှင့် ဟန်တင်တို့သည် အလုအယက် ထမင်းဖိုး ရှင်းလိုက်ကြရာတွင် ကျွန်တော်က ထိုပုဂ္ဂိုလ်အား ငဲ့စောင်းကြည့်ရင်း. .

"ရနစ်မ်းပါ ကိုဟန်တင်ရှာ၊ ကျွန်တော်က ခင်ဗျားတို့ကိုမှီပြီး လုပ်ငန်းလုပ်မယ့်သူပါ၊ နောင်လဲ ဆုံကြရမယ့်သူတွေပဲ၊ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဖြစ်ကြတော့မယ်၊ ဒီတစ်ခါတော့ ကျွန်တော် ပေးလိုက်ပါရစေဗျာ" ဆိုသည့်စကားဖြင့် အနိုင်ရယူလိုက်ပါသည်။

စားပြီးသောက်ပြီး လုပ်ငန်းအကြောင်းကိစ္စလည်း သိပ်မရှိတော့ပြီ ဖြစ်၍ လမ်းခွဲလုပြီးတွင် ထိုပုဂ္ဂိုလ်က. .

"ခင်ဗျားလုပ်ငန်း အဆင်ပြေမှာပါ၊ ကျွန်တော် ကိုညွန့်ဝင်းနဲ့ ဆုံလျှင် ပြောပေးပါဦးမယ်. ." ဆိုပြီး စားကောင်းသောက်ကောင်း နှစ်သိမ့်စကားပြောလာသဖြင့် ကျွန်တော်သည် သူ့အား ပြုံးစေခြင့်သာ ကြည့်ရင်း-

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ဦးကြွားကြီးရေ၊ ကျုပ် ဘယ်တော့မှ ခင်ဗျားတို့နဲ့ အလုပ်တွဲလုပ်မှာမဟုတ်ဘူး၊ သူငယ်ချင်း ဟန်တင်ကိုတော့ဖြင့် အားနာပါတယ်၊ ခင်ဗျားတို့လို လူမှုရေးအသိ ခေါင်းပါးတဲ့ ကြွားဝါတတ်တဲ့ အသာစီးမှ လိုချင်ကြတဲ့ စိတ်ဓာတ်မျိုးရှိသူတွေကို ကျုပ် ရှောင်နေတာ ကြာပြီဗျ" ရယ်လို့ စိတ်တွင်းမှ ပြောချလိုက်သော်လည်း .

"ကျေးဇူးတင်လိုက်တာဗျာ" လို့တော့ သူ့အား အထင်ကြီး လေးစား အားကိုးလိုစိတ် ပေါ်နေဟန်ဖြင့် ကျေနပ်သွားအောင်တော့ဖြင့် ဖြေသိမ့်ပေးလိုက်ပါသည်။

စစ်ပြန်မဂ္ဂဇင်း
ဧပြီလ-၁၉၉၇

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်နှင့် ဈေးသည်များ

နေ့စဉ် နံနက်တိုင် ဟင်းလျာဝယ်ထွက်ခြင်းကိစ္စကို ကျွန်တော် သာလျှင် ပြုတတ်သည်ကြောင့် ဈေးသည်အမျိုးမျိုးဖြင့် ကြုံရ၏။ မှုမှုတတ မှန်မှန်ကန်ကန် ရောင်းတတ်သည့် ဈေးသည်များရှိသလို အလေးတင်း တောင်းခိုးကာ ကိုယ်ရလျှင်ပြီးရော သဘောထားတတ်သည့် ဈေးသည်များ လည်း ကြုံရ၏။ အချို့ကား အလေးမှန်၏။ ဈေးနှုန်းမြင့်ထား၏။ အချို့ ကား ဈေးနှုန်းလျှော့ထား၏။ အလေးကား မမှန်။ အချို့သည်ကား ဈေးနှုန်း လည်း မြင့်ထား၏။ အလေးလည်း ခိုးသေး၏။ ထိုသည်အထဲမှ ဈေးရောင်း သည်ကို အပျော်သဘောဖြင့် လုပ်ဆောင်နေသည့် ဈေးသည်အချို့ကို လည်း ကြုံရ၏။

အပြောချိုသော ဈေးသည်များ ရှိသလို၊ နှုတ်ကြမ်း အာကြမ်း အပြောဆိုးသူများလည်း ရှိ၏။

အမျိုးမျိုးသော ဈေးသည်များထဲမှ လွန်စွာမှ ဆိုးရွားလှသော ဈေး သည်များ ရှိသေး၏။ ထိုဈေးသည်တို့သည် ဈေးမှန်ပေး၏။ အလေးမှန် ပေး၏။ သို့ရာတွင် ကျသင့်ငွေ တွက်သည့်အခါတွင် ဖြပ်ဖြပ် ဖြပ်ဖြပ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



နှုတ်သွက် အာသွက် တွက်ချက်လိုက်ကာ ကျသင့်သည်ထက် ပိုတွက်လိုက်ခြင်း၊ မှားသယောင်ယောင်ဖြင့် ပြန်အမ်းငွေ လျော့အမ်းလိုက်ခြင်းတို့ဖြင့် စီးပွားဖြစ်နေကြသည်။ ကိုယ်ဇာ ပေါ့ပေါ့ဆဆဖြင့် တွက်ချက်မယူပါတ ခံပေရော့။ မအူမလည် ဈေးဝယ်အဘွားကြီးတွေ၊ ကလေးတွေ ပိုခံရ၏။

ကျွန်တော်သည် ဈေးဝယ်ခြင်း၊ ချက်ပြုတ်ခြင်းကို ဝါသနာပါသည့်အလျောက် အချိန်ရလျှင်ရသလို ဈေးဝယ်ထွက်တတ်၏။

ကျွန်တော် ယခုနေသည်ကား တာမွေ မင်္ဂလာဈေးအနီး၊ သည်တော့ ထိုပတ်ဝန်းကျင်ရှိ အမဲဈေး၊ အရိုးကုန်းဈေး၊ သိမ်ဖြူဈေး၊ ပုဇွန်တောင်ဈေး၊ တာမွေဈေး၊ ကျောက်မြောင်းဈေး၊ ပြီးတော့ ညနေဈေးတန်းလေးဖြစ်သည့် အောင်မင်္ဂလာဈေး စသည့် ဈေးမျိုးစုံကို ရောက်၏။ ထိုသည် ဈေးများမှ ဆက်ဆံရေး အကောင်းဆုံးသည် အမဲဈေးဖြစ်သလို အလေးမှန်၍ ဈေးနှုန်းသက်သာသော ဈေးကား အောင်မင်္ဂလာလမ်းရှိ ညနေခင်းဈေးတန်းလေး ဖြစ်သည်။

ကျွန်တော် အကြောက်ဆုံးသည်ကား ဈေးကြီးပေးဝယ်ရပြီး အလေးခိုးခံရခြင်းပင် ဖြစ်၏။ သို့ကြောင့် ကျွန်တော်သည် ပင်တိုင်ဖောက်သည်၊ ဈေးသည်ကို ရှာ၍ဝယ်တတ်၏။ သို့မဟုတ်ပါက ရှေ့က ဈေးဝယ်နှင့်သူတွေကို ကြည့်ပြီး လေ့လာဝယ်တတ်၏။ ဈေးဝယ်နေကျဆိုတော့ကာ အလေးပြည့်မပြည့် မှန်းတတ်နေပြီ ဖြစ်၏။ လက်ဖြင့် ဆကြည့်ရုံမျှဖြင့် ဘယ်လောက်သားခန့် ရှိမည် ခန့်မှန်းတတ်၏။ ဝယ်လိုသောပစ္စည်း အလေးလည်း မှန်ပြီး ဈေးနှုန်းလည်း ကျေနပ် လောက်သည့်ဝန်းကျင်တွင် ရှိပြီ၊ သည်တော့မှ ဝယ်တတ်၏။ သည်လို ဆိုလိုက်လျှင်ဖြင့် . "ဟာ ကောင်းရ နို့ဆိုလျှင် မင်းဈေးဝယ်တိုင်း ဘယ် ဘယ်ရှုံးပါ့မလဲ" ဟု

www.burmeseclassic.com

www.burmeseclassic.com



မေးလာမည်ဆိုပါက စိတ်ပျက်အားလျော့စွာဖြင့် ခေါင်းခါပြရမည်ပင်။ အဘယ့်ကြောင့်ဆိုသော်. .

"ပုစွန်စားချင်တယ် ဖေကြီး" ရယ်လို့ သမီးက ပြောလာသည်ကြောင့် ထိုနေ့က ခပ်စောစောပင် အမဲဈေးသို့ ထွက်ခဲ့၏။ ဝယ်နေကျဖောက်သည်ဆိုင်ကား မထွက်သေး။ သည်တော့ အခြားဆိုင်တွေ လျှောက်ကြည့်၏။ စောစောစီးစီးမို့ ပုစွန်ရောင်းသည့်ဆိုင် နှစ်ဆိုင်သာ ထွက်သေး၏။ လေ့လာမိသလောက် တစ်ဆိုင်ကား အလေးမှန်ဟန်ရှိသော်လည်း ပုစွန်အကောင်လေးတွေ သေး၏။ တစ်ဆိုင်ကား အရွယ်အစားတူ အကောင်ကြီးကြီးတွေ ဖြစ်၏။ ဈေးတော့ နည်းနည်းများ၏။ အလေးမှန်ပုံပေါ်၏။ သို့ကြောင့် ကျွန်တော်သည် တစ်တောင်ခန့် အမြင့်ရှိမည့် အကောင်ကြီးကြီး ပုစွန်ပုံနောက်ကွယ်မှ ရွှေလက်စွပ် တဝင်းဝင်းဖြင့် အပြောချိုချို အသက်ငါးဆယ်ကျော်ခန့်ရှိမည့် အမျိုးသမီးကြီးထံမှ ဝယ်လိုက်သည်။ မှန်လိုက်သည့်အလေး ချိန်ခွင်လျှာပင် ဖောက်ထိုးဖြစ်နေသေးတော့၏။

ဈေးဝယ်ခြမ်းပြီး ပြန်ခဲ့တော့၏။

နိစ္စဓူဝ ပြုမူနေကျအတိုင်း ငရုတ်(ကြက်သွန် အရန်သင့်ထောင်းပြီး စောင့်ဆိုင်းနေသည့် မဒမ်ပိုက်လက်တွင်းသို့ ဈေးခြင်း အပ်လိုက်သည်။

ဝယ်လာသည့်ပစ္စည်းများကို တစ်ခုချင်း ဆွဲခြင်းတွင်းမှ ထုတ်နေသည်ကို နံဘေးမှ ရပ်ကြည့်နေမိသည်။

ကြွပ်ကြွပ်အိတ်ငယ်ဖြင့် ထည့်ပေးလိုက်သည့် ပုစွန်အထုပ်ကို ဇလုံတစ်ခုအတွင်းသို့ မဒမ်ပိုက်က ထည့်လိုက်သည်တွင်. .

ဟင်. . ဘယ်လိုဖြစ်တာပါလိမ့်။ ကျွန်တော် ဝယ်လာတုန်းက ပုစွန်

www.burmeseclassic.com

www.burmeseclassic.com



တွေသည် ခပ်ကြီးကြီး၊ ခုတော့ ဘယ့်နှယ် ဘယ့်နှယ်ကြောင့် အကောင်သေးလေးတွေ ဖြစ်သွားရပါလိမ့်။ စဉ်းစားမရပါကလား။ သို့ကြောင့်. .

"ငါဝယ်လာတာအကောင်ကြီးတွေပါ၊ ဘယ့်နှယ်ကြောင့် အကောင်သေးလေးတွေ ဖြစ်သွားရတာလဲ မသိဘူးကွာ"

သည်တော့ မဒမ်ပိုက်က ကျွန်တော့်ကို စေ့စေ့ကြည့်၍ လှောင်ပြုံးလေး ပြုံးလိုက်ကာ. .

"ညံ့ပါပေ့ မောင့်နှယ်၊ မျက်လှည့် လက်လှည့်ဈေးသည်နဲ့ တွေ့ခဲ့ပြီထင်တယ်"

"ဘာကွ၊ ဘယ်လို မျက်လှည့် လက်လှည့် ဈေးသည်လဲ"

"အဲဒီဈေးဆိုင်ရဲ့ ခင်းကျင်းထားပုံလေးတော့ တဆိတ် ပြောပြပါဦး" ရယ်လို့ မေးလာသည်ကြောင့် ကျွန်တော်သည် ထိုဈေးသည်က ပုစွန်တွေကို အပုံကြီးကြီး ပုံထားပြီး ရောင်းနေကြောင်း ပြောပြလိုက်သည်တွင်-

"အဲဒါပဲပေါ့။ အကောင်ကြီးကြီးတွေကို ရွေးပြီး အကောင်သေးသေးအပုံမှာ ဖုံးထားမယ်၊ လာဝယ်တဲ့သူက အကောင်ကြီးတွေပဲထင်ပြီး ဝယ်ကော၊ သည်တော့ ဈေးသည်က သူ့ဘက်ခြမ်းကနေ အကောင်ကြီးနည်းနည်း ဟန်ပြထည့်ပြီး အကောင်လေးတွေကို အတွင်းသားက နှိုက်ချိန်ပြီး ရောင်းလိုက်တာပေါ့"

အင်း. . သည်တစ်ခါ ကျွန်တော် ညံ့သွားချေပြီကိုး။

အဲလို ဈေးသည်မျိုးလည်း ရှိ၏။ သတိထားကြစေလိုပါသည်။ နောက်တစ်ဦး ကြုံရသေး၏။ အလျဉ်းသင့်တုန်း ပြောရပေဦးမည်။

ကျွန်တော် တာဝန်ယူဆောင်ရွက်ပေးနေရသည့် မြို့ရိပ်ညိုမဂ္ဂဇင်းစာဖောင် ပိတ်သည့်နေ့က ဖလင်တိုက်မှ ကိုလှမြင့်နှင့်မောင်ဇော်တို့သည် ဖားသားစားချင်သည်ဆိုသဖြင့် ကျွန်တော်သည် နောက်တစ်နေ့

www.burmeseclassic.com



တွင် ဖားရတတ်သည့် ပုစွန်တောင်ဈေးသို့ ထွက်ခဲ့၏။ ဖားမရလျှင်လည်း ငါးရှဉ့်ပေါ့။ အဲလို ရည်ရွယ်ချက်ဖြင့်။

ရှားရှားပါးပါး တစ်ဆိုင်တည်းတွင် ဖားကော၊ ငါးရှဉ့်ပါ တွေ့၏။ သည်တော့ ဖားဈေး မေးလိုက်သည်။

"သုံးရာ့နှစ်ဆယ်" တဲ့။ (တစ်ပိဿာ ဈေးနှုန်း ဖြစ်သည်။)

အားပါးပါး၊ လစာငွေလည်း ထုတ်ရသေးတာမဟုတ်၊ သည်တော့ ငါးရှဉ့်ဈေး မေးလိုက်ပြန်သည့်အခါတွင်. .

"နှစ်ရာ့ရှစ်ဆယ်" တဲ့။ (တစ်ပိဿာဈေးနှုန်း ဖြစ်သည်။)

အင်း. . ဘာထူးမှာလဲ၊ ဖားပဲ ချက်တော့မပေါ့။ ကျွန်တော်သည် ကုန်းသတ္တဝါ ရှောင်ထားသူမို့ ဖလင်တိုက်မှ ပုဂ္ဂိုလ်လေးနှစ်ယောက် အတွက်သာ ဝယ်ရမည်ဖြစ်သည်ကြောင့် ဖားသာ ဝယ်လိုက်သည်။ ဖားကောင်တွေက ခပ်ကြီးကြီးတွေဆိုတော့ တစ်ကောင်တည်း နှစ်ဆယ်သားရှိ၏။ ၆၄ ကျပ်ပေါ့။ သည်လောက်တော့ မဖြစ်၊ "သုံးဆယ်သား ချိန်ဗျာ" လို့ ပြောလိုက်တော့ အကောင်ခပ်ရွယ်ရွယ်တစ်ကောင်ကို ထပ်ဖြည့်ချိန်သည်။ လေးဆယ်သားနီးနီး ဖြစ်သွားသည်။ အဲဒီလောက်ကြီးတော့ မလိုချင်၊ နှစ်ယောက်စာထဲဆိုတော့ "သုံးဆယ်သားပဲ လုပ်ပါဗျာ" ရယ်လို့ ဈေးသည်ကို တောင်းတောင်းပန်ပန် ပြောလိုက်ရသည်။ ကျွန်တော့်အိတ်ကပ်တွင်းမှာလည်း ငွေလေးတစ်ရာကျော်ကျော်သာ ရှိသည်ကိုး။

ဈေးသည်က ပထမဆုံး ချိန်စဉ်က နှစ်ဆယ်သားရှိသည့် အကောင်ကိုနုတ်၍ တစ်ကောင် ထပ်ထည့်ချိန်၊ သုံးဆယ်သားမက ဖြစ်နေပြန်၊ သည်တော့ တစ်ကောင်ချ တစ်ကောင်တင် သုံးဆယ်သားအတိဖြစ်အောင် အလီလီအလာလာ တစ်ကောင်တင် တစ်ကောင်ချလုပ်နေသော်လည်း ခပ်ရွယ်ရွယ် ဖားကောင်ကိုတော့ဖြင့် မူသေထားသည်ကို ဘာရယ်သဘော

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မစစ်ကြောခဲ့မိချေ။

ဟော. . သုံးဆယ်သား နည်းနည်းသာ၏။ နှစ်ကျပ်ခွဲသားလောက် ပေါ့။

"သုံးဆယ်သားပဲ ထားဗျာ" ဆိုပြီး ကျွန်တော် ယူခဲ့၏။ အလေးတ မှန်တယ်ဆိုတော့ နှစ်ကျပ်ခွဲသား ကျွန်တော် မြတ်ပြီပေါ့။ ရှစ်ကျပ် သက် သာသည်။ ထိုငွေ ရှစ်ကျပ်ဆိုလျှင် ငါးကျပ်တန် ခပ်သေးသေး ဗူးသီး တစ်စိတ်အပြင် ကန်စွန်းရွက်၊ နို့မှမဟုတ် ကင်ပွန်းချဉ်ရွက်တစ်စည်း ရပေမည်။ နို့ပေမင့်. . နို့ပေမင့်ပေါ့။ အိမ်ရောက်သည့်အခါတွင် ကျွန်တော် ခံလိုက်ရခြင်းကို သိရတော့၏။

ချိန်ခွင်ပေါ်တွင် မူသေထားကာ ချိန်ပေးလိုက်သည့် ဖားအကောင် သည် အပုပ်နံ့ပင် ထွက်စပြုနေသည် ဖြစ်တော့၏။

ဘယ်တတ်နိုင်ပါ့မလဲ။ သည်တော့ ဈေးကြီးပေး ဝယ်ခဲ့ရသည့်ဖား ထိုရွှေဖား၊ ငွေဖားအား မပစ်ရက်နိုင်သည်ကြောင့် ကြက်သွန်ဖြူ၊ ချင်း၊ မဆလာ၊ စပါးလင်တို့ကို လိုသည်ထက် ပိုထည့်ပြီး ဖားပုပ်ပုပ် ငရုတ် စပ်စပ်လုပ်ချက်ကာ ဖလင်တိုက်မှ ပုဂ္ဂိုလ်နှစ်ဦးအတွက် ပို့ဆွမ်း အမြန် လုပ်လိုက်ရပေတော့သည်။

ကဲ. .

မိသားစုအတွက် နိစ္စမှူဝ ဟင်းလျာဝယ် ထွက်တတ်ကြသည့် အိမ်ရှင်မ၊ အိမ်ရှင်ထီးတွေ မှတ်ထားကြပေရော့။

ဈေးဝယ်လျှင် စေ့စေ့စပ်စပ် ပြုမူဝယ်တတ်ကြဖို့ သတိပေးလိုက် ရပေသည်။

ဧလှသစ်မဂ္ဂဇင်း
အောက်တိုဘာ-၁၉၉၆

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော် မိုက်သား

ရန်ကုန်မြို့ကြီးတွင် လိုင်းကားစီး၍ ခရီးသွားရခြင်း၏ ဒုက္ခကို ကျွန်တော်သည် နှစ်စုံ၀ ကြုံရပါသည်။ ကားစပယ်ယာတို့၏ ငေါက်ငမ်းခြင်း၊ အချို့ဆိုပါလျှင် ဆဲရေးတိုင်းထွာခြင်း ပြုတတ်သည်ကိုပင် မကြားချင်ဘဲ ကြားနေရသည့်ပြင် တွန်းတွန်းထိုးထိုးပြုခြင်းကို ခံရပြန်သေး၏။

ကိုယ်ပိုင်ကား ၀ယ်မစီးနိုင်၍ လိုင်းကားကိုပင် အားပြုစီးနေရသူတိုင်း လိုင်းကားတစ်စီးပေါ် တက်လိုက်သည်နှင့် စပယ်ယာတို့၏အောက် ပြားပြား၀ပ် ရောက်သွားရတော့၏။ သူတို့၏အမိန့်ကို နာခံရတော့၏။

အမျိုးသားလည်းမရှောင်၊ အမျိုးသမီးကိုလည်းမရှောင် ကြီးသည်၊ ငယ်သည် သူတို့မသိ။ ခပ်ရိုင်းရိုင်း ပြောဆိုပြုမူ ဆက်ဆံတတ်သည့် စပယ်ယာအချို့နှင့် အမြဲဆုံရတတ်၏။ လက်ဆော့ခြေဆော့ဖြင့် အမျိုးသမီးများအပေါ် အခွင့်အရေးယူတတ်သည့် စပယ်ယာမျိုးကိုလည်း တွေ့ရသေး၏။

www.burmeseclassic.com

www.burmeseclassic.com



နိစ္စဓူဝ သွားလာနေရ၊ ကြုံတွေ့ရဖန်များလာတော့လည်း မထူးဆန်းသလို ဖြစ်ရပြန်သည်။ သို့ပေသော်လည်း ရံဖန်ရံခါ မိုက်ရိုင်းသော၊ အမူရေး နားမလည်သော၊ မိမိအုံနာ၏ စီးပွားတိုးအောင်ပေပဲလား၊ သူ၏ အောက်ဆိုက် ဝင်ငွေအတွက်ပေပဲလား မသိ၊ ဘီးစိပ်တိုက်ကာ အတ္တဆန်ဖီးပွားရှာ၊ အန္တရာယ်ကို သတိမမူ၊ လူသားတွေကို အသက်မရှိ အရုပ်လေးတွေကဲ့သို့ သဘောထားကာ ငါးပိသိပ်၊ ငါးချဉ်သိပ် တွန်းထိုးသွင်းကာ သူတို့လိုဘအတွက် တစ်ခုတည်းကိုသာ ကြည့်တတ်သည့် ဇပယ်ယာတို့၏မျက်နှာကို ဖူးရောင်သွားအောင် အားပါးတရ ဆွဲထိုးလိုက်ချင်သည့် စိတ်များ ပေါ်လာတတ်သော်လည်း မနည်း ချုပ်တည်းထားရ၏။

အဘယ့်ကြောင့်ဆိုသော် သူတို့ မိုက်ရိုင်းသော်ငြား၊ မိမိ မိုက်ရိုင်း၍မဖြစ်၊ ဘဝချင်းကိုတော့ဖြင့် လောင်းကြေးထပ်၍ မလဲနိုင်။ ခရီးသည်တိုင်း၏ စိတ်တွင်း၌လည်း ကျွန်တော်ကဲ့သို့ပင် ဖြစ်ကြပေလိမ့်မည်။ ထိုသည်ကို အခွင့်ကောင်းယူ၍ မိုက်ရိုင်းမြဲ မိုက်ရိုင်းနေကြတော့၏။ သို့ကြောင့်လည်း အနီးစပယ်ယာတို့ဖြင့် ပြဿနာရှောင်လို၍ သူတို့လုပ်သမျှ မမြင်၊ သူတို့ပြောသမျှ မကြား၊ အဲလိုနေနိုင်မှအောင် ကြိုးစားရသည်။

"အလယ်ကို တိုးကြ၊ တိုးစမ်းပါ၊ အထဲမှာ မြွေမရှိပါဘူး၊ ဘာလဲ မတိုးဘူးလား၊ လိုက်တိုးပေးရမလား၊ နောက်မှ ကျွန်တော့်အဆိုး မဆိုနဲ့နော်" ဆိုပြီး မိမိ၏နောက်ကျောကို တွန်းထိုးမလာမီ ကိုယ့်အသိစိတ်နှင့်ကိုယ် သွက်လက်စွာဖြင့် ကားအလယ်သို့ အရောက်တိုးရ၏။ သို့တည်းမဟုတ် ကား၏ ရှေ့ခေါင်းနားမှာသော်လည်းကောင်း၊ ထိုင်ခုံမရှိသောထောင့်ဖနေရာကို အရင်ကြည့်၍ နေရာဦး၍ စီးတတ်၏။ ထိုင်ခုံနေရာဦးဖို့နေနေသာသာ လူတစ်ကိုယ် သက်သောင့်သက်သာစွာ ရပ်သာသည့်နေရာကိုပင် ချောင်းမြောင်းတိုးဝှေ့ နေရာလုရတော့၏။ မတ်တတ်ရပ်တာ

www.burmeseclassic.com

www.burmeseclassic.com



ချင်း တူတူပေမင့် ရှေ့ရွှေ၊ နောက်ရွှေ လုပ်မနေရတော့သော နေရာ မဟုတ်ပါကလား။ သို့ကြောင့်လည်း. .

တစ်နေ့ ပန်းဆိုးတန်း ကားမှတ်တိုင်မှ ၃၉ ဘတ်စ်ကားပေါ် သို့ အပြေးအလွှား တက်လိုက်သည်။ ထုံးစံအတိုင်းပေါ့၊ ထိုင်ခုံလွတ်နေရာကို တော့ စိတ်ကူးထဲပင် ထည့်ရန်မလို၊ အဲ. . ရပ်သာသည့်နေရာ ရှာရတော့ ၏။ ဘတ်စ်ကားတွင်းသို့ နောက်ပေါက်မှတက်ပြီး စပယ်ယာ၏ အပြော လွတ်ရန် ကားနောက်ထောင့်ဘက် ကပ်နိုင်သမျှ တိုးကပ်လိုက်သည်။ ကားပြတင်းဘောင်ကို မှေး၍ လွတ်လပ်စွာ ရပ်နိုင်သည့်နေရာမှာတော့ လူတစ်ယောက် ရှိနှင့်နေသည်။ မည်သို့ပင်ရှိစေ အဲဒီအနားတွင် တိုးကပ် ရပ်လိုက်သည်။

"တိုး. . တိုး. . အလယ်ထိတိုး၊ ဟိုအင်္ကျီဖြူနဲ့ဘကြီး တိုးလေဗျာ၊ နောက်မှာ တက်မယ့်လူတွေ ရှိသေးတယ်၊ ဒီနားတင် ပိတ်ရပ်မနေနဲ့၊ ဘာလဲ မတိုးချင်ဘူးလား၊ နို့ဖြင့် ပြန်ဆင်း၊ အဲလို မတိုးချင်ကြလျှင်လည်း ကိုယ်ပိုင်ကား ဝယ်စီးကြ၊ ဟုတ်ပြီ၊ ဟိုအစ်မကြီး ဝင်လိုက်သွား" ရယ်လို့ ကားစပယ်ယာ၏ မာဆတ်ဆတ် အသံလှိုင်းကြားမှ ကျွန်တော့်ကျောကို တိုက်ကြ၊ တွန်းကြ၊ တိုးကြဖြင့် ခရီးသည်များ ဝင်သွားကြသည်။ ကျွန်တော်သည်လည်း အတတ်နိုင်ဆုံး ကားစပယ်ယာ၏ ငေါက်ငမ်းခံရမှု မှ လွတ်ကင်းရန် တိုးကြဝှေ့ကြနှင့် တိုက်မိ ခိုက်မိနိုင်သည့်ဒဏ်မှ လွတ် ကင်းရန်အတွက် အဖြစ်နိုင်ဆုံး ကိုယ်ကို ကျုံ့၍နေရ၏။

"ဆွဲဆရာရေ့. . နောက်ကားလာပြီ" ရယ်လို့ စပယ်ယာ၏ အသံ ဆုံးသည်နှင့် ကားသည် ပန်းဆိုးတန်းမှထွက်ခဲ့တော့၏။ ဟုတ်ပြီ စိန်ပေါလ် မှတ်တိုင်ရောက်လုတွင် ကားနောက်ပြတင်းဘောင်တွင် မှီ၍ သက်သောင့် သက်သာရပ်၍ လိုက်ပါလာသည့် ခရီးသည်ကား ဘယ်င်းတော့မည်ဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရှေ့မှ ဖြတ်ထွက်ရန် ကြိုးစားနေသည်။ သို့ကြောင့် သူထွက်သာ မည် ကိုယ်ကိုယိမ်း၍ သူ၏နေရာသို့ တိုးဝှေ့ဝင်လိုက်သည်။ ထိုနေရာသို့ ရောက်မိ တစ်ဖက်မှလူတစ်ယောက်သည်လည်း ကျွန်တော်ကဲ့သို့ ထို နေရာကို တိုးဝှေ့ဝင်လာသည်နှင့် ကြုံလိုက်သည်ကြောင့် ကျွန်တော်သည် ထိုသူ့အား မသိမသာ တွန်းတိုက်လိုက်သော်လည်း ထိုနေရာကို ကျွန်တော် ရလိုက်ပါ၏။ ထိုသူသည် ကျွန်တော့်ထက် တစ်လှမ်းဦးနေသည်သာမက ကျွန်တော်၏ တွန်းတိုက်လိုက်မှုကြောင့် ထိုသူသည် ယိမ်းယိုင်သွားကာ ထိုနေရာသို့ ရောက်သွားရရှာခြင်း ဖြစ်ပါသည်။

ထိုနေရာကို ကျွန်တော် မရလိုက်ခြင်းသည် မဆိုစလောက်လေး နောက်ကျသွားခြင်းနှင့် ကောက်ကျစ်စွာ ပြုမူလိုက်ခြင်းကြောင့် ထိုသူ အတွက် အနာခံရပေမင့် အသာစံသွားရခြင်းဖြစ်သည်။

ထိုသူ့အား ကျွန်တော်သည် မနာလိုဝန်တို ဒေါသစိတ်ဖြင့် မကျေ နပ် ကြည့်လိုက်သည်။

ထိုသူကလည်း ထိုနေရာ ရရှိရေးအတွက် နေရာလုကြရာမှ သူ့ အား တွန်းထိုးလိုက်သည့် ကျွန်တော့်ကို ပြန်ကြည့်နေလေသည်။ ထိုသူ၏ အကြည့်သည် ကျွန်တော့်အကြည့်နှင့် အစိပ္ပါယ်ချင်း လုံးဝ ကွာခြားနေ ပါတော့သည်။

သူ့ကိုကြည့်သည့် ကျွန်တော့်အကြည့်သည် မနာလိုဝန်တိုစိတ်ဖြင့် ကြည့်ခြင်း။ ကျွန်တော့်ကိုကြည့်သည့် သူ့အကြည့်သည် "ဦးက အသက် ကြီးနေပါပြီကွယ်၊ သည်နေရာလေးတော့ ဦးရသင့်ပါတယ်၊ ဦးကို ပေးသင့် ပါတယ်" ရယ်လို့ တိုးလျှိုးတောင်းပန်ဟန် အကြည့်ပင် ဖြစ်တော့၏။

ကျွန်တော့်ရင်ထဲတွင် နင့်ကနဲ ဖြစ်သွားရတော့သည်။ ကြည့်စမ်း၊ ကျွန်တော်သည် သန်သန်မာမာ လူလတ်ပိုင်းတစ်ယောက်၊ ထိုသူသည်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အဖေအရွယ် ဖြစ်တော့၏။

ထိုသူ၏မျက်နှာပြင်ပေါ်တွင် ထင်ဟပ်နေသည့် အားငယ်စိတ်ကို ကျွန်တော် မြင်လိုက်သည်။ အရာရာကို အရှုံးပေးထားသူ၊ လောကကြီးကို လက်မြှောက်ပြထားသည့်သူ ဖြစ်ပေလိမ့်မည်။ ကျန်းမာရေးသည်လည်း ချို့တဲ့ပုံရ၏။ ပိန်ပိန်သေးသေး ချိချိနဲ့နဲ့၊ အရွယ်အားဖြင့် ခြောက်ဆယ်ကျော် ခြောက်ဆယ့်ငါးဝန်းကျင် ဖြစ်သည်။

ကိုယ်သွားလိုရာ ခရီးတစ်လျှောက် စည်းစိမ်းကျကျ ထိုင်စီးသွားနိုင်သည့် ထိုင်ခုံမဟုတ်သော်လည်း သက်သောင့်သက်သာ ရပ်သာရှိလိုက်ပါနိုင်သည့် နေရာကလေးရရေးအတွက် ကိုယ့်အဖေအရွယ် လူကြီးကို မလိုတမာစိတ်ဖြင့် တွန်းတိုက်လိုက်မိသော ကျွန်တော်. . ။

ကျွန်တော်သည် ထိုသူ၏ ညှိုးနွမ်းစွာဖြင့် တိုးလျှိုးတောင်းပန်ချေ ဟန်မျက်နှာကို ကြည့်ရင်း စိတ်မကောင်းကြီးစွာ ဖြစ်သွားရသည်။ သို့ကြောင့်လည်း ကျွန်တော်သည် တတ်နိုင်သမျှ ထိုသူ သက်သောင့်သက်သာစွာဖြင့် လိုရာခရီးလိုက်ပါနိုင်ရန် အကာအကွယ်ပြုပေးလိုသည့်ကြောင့် ဘယ်လက်က ထိုင်ခုံတန်းကိုကိုင်၊ ညာလက်က ထိုသူကျောဘက်ရှိပြတင်းတံခါး အထက်နေရာကို ကိုင်၍ထားလိုက်၏။ ထိုသူကို မည်သူမျှ မတွန်း မတိုက် မထိခိုက်စေရန် အကာအကွယ်ပြုပေးထားခြင်း ဖြစ်သည်။

ကားသည် စိန်ပေါလ်မှတ်တိုင်မှ ထွက်လာသည်။ ကျွန်တော်သည် ထိုသူ့ကို ထိုသို့ အကာအကွယ်ပြုပေးရင်း ညှိုးညှိုးနွမ်းနွမ်း သူ့သဏ္ဌာန် ကို တစိမ့်စိမ့် ကြည့်နေမိသည်။ သူ့ကိုကြည့်ရင်း အတွေးလွန်သွားသည်။ သူ့နေရာတွင် ကွယ်လွန်သွားပြီဖြစ်သော အဖေဆိုလျှင်ဖြင့်သည်အခါ က လွှမ်းမိုးလာလေလေ ထိုသူ့ကို စူးစူးစိုက်စိုက် ကြည့်မိလေလေ ဖြစ် တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည်လည်း မသိမသာ ကျွန်တော့်ကို ညှိုးငယ်စွာဖြင့် ကြည့်လာသည်။

ကျွန်တော်၏ စူးစူးစိုက်စိုက် အကြည့်ကို ဘယ်လိုအဓိပ္ပါယ် ထင်မှတ်သွားလေသည်မသိ။ ကျွန်တော်က သူ့ကို တစ်စုံတရာ အန္တရာယ်ပြုရန် ကြိုးစားကြံစည်နေသည်ဟု ထင်သွားလေသည်လားမသိ။ သူ့ဟန်သည် ကြောက်ရွံ့နေဟန်၊ စိုးရိမ်ပူပန်နေဟန် မြင်ရ၏။ သို့ကြောင့်လည်း အတတ်နိုင်ဆုံး သူ့ကိုမကြည့်မိရန် ကြိုးစား၍ မျက်နှာလွှဲနေရ၏။ သို့သော်ငြား ရင်ထဲတွင် မကောင်းဖြစ်နေသည်။ တွေဝေနေဆဲ၊ မိမိအမှားအတွက် စိတ်မကောင်းဖြစ်နေဆဲ။ သည်တော့ ကြိုးစားမျက်နှာလွှဲနေမိသည့်ကြားမှ ထိုသူကို ကြည့်ကြည့်နေမိပြန်သည်။ ထိုသူသည်လည်း ကျွန်တော့်ကို ညှိုးငယ်စွာ မသိမသာ အကဲခတ်ကြည့်နေဆဲ ဖြစ်သည်။ သို့နှင့်. .

စာတိုက်မှတ်တိုင်ရောက်လုတွင် ထိုသူသည် ထိုနေရာမှ ဖယ်ထွက်လာတော့၏။ ရှေ့မှတ်တိုင် သူဆင်းတော့မည်။ ကျွန်တော်သည် ထိုသူကို ဆင်းသာရန် နေရာရွှေ့ပေးပြီး သူ့နေရာကို ဝင်ရပ်လိုက်သည်။ ဟူး. . တော်ပါသေးရဲ့၊ သက်သောင့်သက်သာ နေရာလေး ရလိုက်ချေပြီ။ သူ့နေရာနှင့် ကျွန်တော့်နေရာ လဲလိုက်သည်။ ထိုသူ ဆင်းတော့မည်။

ဟော. . စာတိုက်မှတ်တိုင်၊ သူမဆင်းသေး။ သြော်. . လူကျပ်၍ မှတ်တိုင် စောကြိုထွက်ထားခြင်းဖြစ်မည်။ ကားသည် တရွေ့ရွေ့ မဆလာ စက်မှတ်တိုင် ရောက်လာပြန်သည်။ ထိုသူ မဆင်းသေး။ နောက်မှတ်တိုင် မဆင်းသေး၊ ဘယ်လိုပါလိမ့်။ သို့ဖြင့် ကျွန်တော် ဆင်းတော့မည်မှတ်တိုင် ရောက်လုပြီဖြစ်၍ ကားသည် တရွေ့ရွေ့ဖြင့် မင်္ဂလာဈေးမီးပွိုင့် ဖြတ်နေစဉ် ကျွန်တော် တိုးထွက်လိုက်သည်တွင် ထိုသူသည် ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



နေရာသို့ ကဗျာကယာ ပြန်ဝင်လာတော့၏။

ထိုသူ၏အပြုအမူ လုပ်ရပ်ကြောင့် ကျွန်တော် သိပ်ခံစားသွား သည်။ တကယ်တော့ သူသွားရမည့်ခရီးသည် ကျွန်တော် လာရသည့်ခရီး ထက် ပိုဝေးပေလိမ့်မည်။

ကျွန်တော့်မှာဖြင့် နီးနီး ခရီးကလေးကို ခဏတဖြုတ် ဒုက္ခမခံနိုင် ၍ **အတ္တ**ဆန်ခဲ့မိသည်။ ခွန်အားကို အားကိုး တွန်းထိုးခဲ့မိသည်။

ကျွန်တော် လုခဲ့သည့်နေရာသည်လည်း ဇိမ်ကျကျ ထိုင်စီးရမည့် ခုံနေရာလည်းမဟုတ်။ တဒင်္ဂ သက်သောင့်သက်သာ ရပ်သာသည့်နေရာ လေးသာ ဖြစ်သည်။ ထိုနေရာကလေးအတွက် အဖေအရွယ်၊ ဦးလေး အရွယ်ကို မိုက်ရိုင်းစွာ စော်ကားခဲ့မိသည်။ ကျွန်တော်သည် ကိုယ့်ကိုယ် ကို ဘယ်သောအခါမှ ခွင့်လွှတ်နိုင်လိမ့်မည် မဟုတ်ချေ။

ဪ. . နေရာ. . နေရာ ခရီးသွားလူတိုင်းဟာ နေရာလေး တစ်နေရာရဖို့ သို့မဟုတ် မိုက်ရိုင်းသော စပယ်ယာအချို့၏ တွန်းထိုး ငေါက်ငမ်းပြုမူခံရခြင်းမှ လွတ်မြောက်ကြရန်အတွက် နေရာလုကြသည့် ပြဿနာများသည် နေ့စဉ်နှင့်အမျှ ရှိနေဦးမည်ပင်။

ကျွန်တော့်အတွက်တော့ဖြင့် ထိုပြဿနာမျိုးကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ရန် ဆုံးဖြတ်ချက် ချလိုက်မိပါတော့သည်။

သံသရာခရီးသည်အားလုံး စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိကြပါစေ

အလှသစ်မဂ္ဂဇင်း
နိုဝင်ဘာလ-၁၉၉၆



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ယော်သူယော်ချင်း

မင်္ဂလာဒုံဈေးကြီး၏အရှေ့ဘက်တန်းရှိ ကျော်ဝင်းမော် ကက်ဆက်ပြုပြင်ရောင်းဝယ်ရေးဆိုင်တွင်းသို့ မြအေးသည် ဦးဆောင်ဝင်သွားသည်ကြောင့် ကျွန်တော်လည်း သူ့နောက်မှ ဝင်လိုက်သွားသည်။

"ကက်ဆက်တစ်လုံး ပြင်ချင်တယ်ဗျာ"

ပက်လက်ကုလားထိုင်တွင် ထိုင်နေသည့် ဆံပင်ရှည်ရှည်နှင့် နှုတ်ခမ်းမွေး ကျိုးတိုးကျဲတဲပိုင်ရှင် အသားဖြူဖြူပိန်ပိန်လူကို မြအေးက ပြောလိုက်သည်။

"ရပါတယ်"

ထိုင်လျက်နှင့်ပင် ထိုသူသည် မြအေးကို မျက်မှောင်ကုတ်ကြည့်ပြောလိုက်သည်။

"ဟိုမယ်လေဗျာ"

www.burmeseclassic.com

www.burmeseclassic.com



မြအေးက ကျွန်တော့်ဘက်လှည့်ကာ မေးငေါ့ပြောလိုက်သည်ကြောင့် ထိုသူသည် ကျွန်တော့်အား စူးစူးစိုက်စိုက်ကြည့်ရင်း. .

"ဘယ်မလဲကက်ဆက် ပြလေ"

သောက်ကျိုးနည်း မြအေး၊ ဘယ်နှယ် လုပ်လိုက်တာပါလိမ့်၊ ကျွန်တော့်တွင် မည်သည့်ကက်ဆက်မျှ မပါ။ ကက်ဆက်ပြင်ရန် လာခဲ့ခြင်းလည်းမဟုတ်။ မြအေးထံလာလည်ရင်း သူခေါ်လာသည့်နောက်လိုက်ခဲ့ခြင်း ဖြစ်သည်။

"ကက်ဆက်ပြင်မယ်ဆို၊ ဘယ်မလဲ ကက်ဆက်၊ ကျွန်တော်က အိမ်တော့ လိုက်ကြည့်မပေးနိုင်ဘူး"

မည်သည့်ကက်ဆက်မျှ ပါမလာသော ကျွန်တော့်ကို ထိုသူက ခပ်ဆတ်ဆတ်လေး မေးပြောသည်။

ကျွန်တော်သည် ထိုသူ့အမေးကို နှုတ်ဖြင့်ပြန်မဖြေဘဲ ခေါင်းခါပြရင်း မြအေးကို လှမ်းကြည့်လိုက်သည်။

ထိုသူက ကျွန်တော့်ကို သင်္ကာမကင်းသောအကြည့်ဖြင့် သေသေချာချာ စူးစိုက်ကြည့်နေရာမှ မြအေးထံသို့ မျက်နှာလွှဲသွားကာ. .

"မင်း ဘာလာကြောင်တာလဲ" ဟု မေးလိုက်သည်။

သည်တော့မှ မြအေးက ထိုသူ့ကို ပြုံး၍ကြည့်ရင်း. .

"ဟိတ်ကောင် မင်းသူ့ကို သေသေချာချာ ကြည့်စမ်း၊ ဘယ်သူလဲ မှတ်မိလား"

မြအေးအမေးကြောင့် ထိုသူသည် ကျွန်တော့်ကို အသေအချာ စူးစူးစိုက်စိုက် ကြည့်နေရင်းမှ. .

"ဟာ ကလေးဇာတ်လိုက်--- ပဲကွာ"

ဟောဗျာ ဘယ်သူပါလိမ့်။ ထိုသူ့ကို ကျွန်တော် မသိအံ့ဩစရာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသည်မှာ ငယ်စဉ်ကျောင်းတုန်းက ကျွန်တော်၏ Nick Name ကို သိနေပါကလား၊ သူ ဘယ်သူပါလိမ့်။ ငယ်ငယ်တုန်းက ကျောင်းနေဘက်သူငယ်ချင်းပင် ဖြစ်ရမည်။ သူ ဘယ်သူဆိုတာတော့ ခန့်မှန်း၍မရသေးချေ။ သူ့ငယ်ရုပ်ကို ဖမ်းနေမိသည်။ ထိုစဉ် သူသည် ပက်လက်ကုလားထိုင်မှထလာကာ ကျွန်တော့်ထံသို့ အားရဝမ်းသာ လျှောက်လာလေသည်။

သည်တော့မှ သူ ဘယ်သူဆိုတာ ကျွန်တော် သိလိုက်သည်။

"ဟာ. . ဝင်းတင် ထော့ကျိုး"

တစ်ဦးကိုတစ်ဦး လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

"ကြည့်စမ်း ငယ်ငယ်တုန်းက ငါက ပိန်ပိန်လေးရယ်၊ ခုလိုကြီးပုံပျက်ပန်းပျက် ဝနေတာတောင် ငါမှန်း ဘယ်လိုလုပ်သိတုန်း"

"ဟ သိတာပေါ့။ မင်း ဘယ်လိုဝဝ ငယ်ရုပ်မပျောက်ပါဘူးကွာ" သူက ပြောသည်။ ကျွန်တော်ကလည်း. .

"ငါကတော့ မင်းကို မမှတ်မိဘူးကွ၊ ဆံပင်ရှည်၊ နှုတ်ခမ်းမွေးရှည်တွေ အားကိုးပြီး ငယ်ရုပ်ကို အစမွှဖျက်ဆီးပစ်ထားတာကိုးကွ။ နို့ပေမင့် မင်းရဲ့ မသန်စွမ်းတဲ့ ခြေတစ်ဖက်က ဖေါ်ကောင်လုပ်လိုက်တယ်လေကွာ ဟား. . ဟား. . ဟား. ."

"ဒီလောက်နဲ့တော့ မင်းမသိနိုင်သေးပါဘူး"

"ဟုတ်တယ် အဲဒီအချက်ရယ်၊ ကျောင်းတုန်းက ငါ့ရဲ့ Nick Name ကို သိနေတာရယ် ပေါင်းလိုက်လျှင် မင်းမဟုတ်လို့ ဘယ်သူဖြစ်ရမှာတုန်း"

"ကဲ. . လာကွာ လက်ဖက်ရည်ဆိုင် သွားကြမယ်။ ငါ ဘာတွေလုပ်နေလဲဆိုတာတော့ မင်းသိပြီ။ ခု မင်းဘာတွေလုပ်နေလဲ ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ဝင်းတင်သည် ကျွန်တော့်လက်ကိုဆွဲကာ မြအေးကို လှမ်းခေါ် ရင်း မေးလာသည်ကြောင့်. .

"သူက စာရေးဆရာလေကွာ"

သူ့အမေးကို ကျွန်တော် မဖြေနိုင်မီ မြအေးက ကြားဝင်ပြောသည်။

"ဟာ တယ်ဟုတ်ပါလား နှံ့သမားလိုပေါ့"

"အဲလိုပဲ ပြောရမှာပေါ့"

သည်လိုနှင့် သူငယ်ချင်းသုံးယောက်သည် ဝင်းတင်၏ ကက်ဆက်ပြုပြင်ရေးဆိုင် လမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်ကလေးသို့ ရောက်လာကြသည်။

မည်သည့်နာမည်မျှ ပေးမထားသော ဆိုင်ကလေးဖြစ်သည်။

"မြအေးနဲ့ငါကတော့ အမြဲတမ်းလိုလို တွေ့နေကြတယ်။ မင်းနဲ့ငါ မတွေ့ကြတာ နှစ်ပေါင်းသုံးဆယ်လောက် ရှိပြီနော်"

ဝင်းတင်က ပြောသည်။ ယခုလို ကျွန်တော်နှင့် ပြန်လည်ဆုံစည်းရသည်ကို လွန်စွာ ဝမ်းသာနေဟန် တူသည်။ ကျွန်တော်သည်လည်း သူ့လိုပင်။

"ဟုတ်တယ်၊ ခုလိုပြန်တွေ့ကြတော့လဲ သိပ်မကြာဘူးလို့ ထင်ရတယ်နော်"

မြအေးက ဝင်ပြောသည်။

ကျွန်တော်တို့သုံးယောက်သည် ကျောင်းနေဘက်သူငယ်ချင်းများ ဖြစ်ကြသည်။ အချိန်တွေ အတော်ကြာခဲ့ပြီ။ ဟိုးလွန်ခဲ့သည့် ၁၉၅၇ ခုနှစ်က ဖြစ်သည်။

အင်းစိန် မင်းကြီးလမ်း၊ ထိုစဉ်က ရုံးကြီးလမ်းဟု ခေါ် သည့်လမ်း မကြီးနံ့ဘေးရှိ ခရစ်ယာန်သာသနာပြု အလွတ်ပညာသင်ကျောင်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သော ဂရမ္မာကျောင်းတွင် ပညာသင်ကြားခဲ့ကြသည်။ ၎င်းအလွတ်ပညာ သင်ကျောင်းကို ဖွင့်လှစ်ခဲ့သည့် ဒေါ်အေးမြိုင်ကိုအစွဲပြု၍ ဒေါ်အေးမြိုင် ကျောင်းဟုလည်း ခေါ်ကြသည်။ ကျွန်တော်တို့ စတင် ပညာသင်ကြား ခဲ့ကြသည့်အချိန်ကာလအတွင်းမှာတော့ ဆရာမကြီးဒေါ်အေးမြိုင် ကွယ် လွန်ခဲ့ပြီဖြစ်သဖြင့် ၎င်း၏ခင်ပွန်း ဦးချစ်မောင်မှ ဆက်လက်၍ ကျောင်း အုပ်ချုပ်မှုတာဝန်ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီအစိုးရ တက်လာပြီး နောက် မကြာမီနှစ်များတွင် ပြည်သူပိုင်သိမ်းသည့်အထဲ အလွတ်ပညာ သင်ကျောင်းများ ပါသွားသည်တွင် ထိုဂရမ္မာကျောင်းကို မူလတန်းအဆင့် သာ ထားတော့သည်ကြောင့် ကျောင်းပြောင်းခဲ့ကြရသည်တွင် ငယ်သူငယ် ချင်းတွေ တကွဲတပြားဖြစ်သွားကြရတော့၏။

ထိုစဉ်က ပညာဗိမာန်နှင့် နည်းပြဗိမာန်ဟူသည့် အလွတ်ပညာ သင်ကျောင်းနှစ်ကျောင်းကို ပေါင်းလိုက်ပြီး အ. ထ. က (အမှတ်-၄) လှပ် လိုက်သည့်ကျောင်းသို့ ခွဲတမ်းအရ ရောက်သွားရသည်။

ထိုသည်ကျောင်းသို့ ပြောင်းခဲ့ကြသည်တွင် အချို့သူငယ်ချင်းတွေ လည်း ပါလာသလို အချို့သူငယ်ချင်းတွေလည်း အခြားကျောင်းသို့ ပြောင်းကြရသည်။ ထိုသည်အထဲတွင် ဝင်းတင်တစ်ယောက်လည်း ပါသွား သည်ကို မှတ်မှတ်ရရ သတိရမိနေသေးသည်။ မှတ်မိလေမပေါ့။

ဝင်းတင်သည် သ. န. က (၅) ကျောင်းကြိုပို့ကားစိမ်းကြီးဖြင့် ပါလာတတ်ခြင်းဖြစ်သည်။ ကျောင်းရှေ့ ကားရပ်ပြီဆိုသည်နှင့် ကျိုးသော် လည်း ရှေ့ဆုံးမှ ဆင်းလာသူသည် အမြဲ နေ့စဉ် သူ ဖြစ်နေတတ်၏။ ဘောလုံးကိုလည်း ရင်ခွင်ပိုက်လာသေး၏။

အကျိုးဆော့ အကန်းမော့ ဆိုစကားသည် သူ့အတွက် ထားခဲ့လေ

www.burmeseclassic.com

www.burmeseclassic.com



သည်လားမသိ။ အင်မတန်ဆော့သည့်ကောင် ဖြစ်ခြင်း။ လူက ခြေသာ မသန့်တယ်၊ ဘောလုံးကလေးပိုက်ကာပိုက်ကာနှင့် ဘောလုံးကန်ခြင်း အားကစားကို အင်မတန် ခုံမင်သူ ဖြစ်သည်။

ထိုသည် အထက အမှတ်-၄ ကျောင်းတွင်လည်း ဂရမ္မာကျောင်းသားတွေ တူစူ ကြာကြာမနေလိုက်ကြရချေ။ အစိုးရစစ် ရှစ်တန်းမှစ၍ သိပ္ပံ-ဝိဇ္ဇာဘာသာ ခွဲခြားလိုက်သည်ကြောင့် သိပ္ပံဘာသာရသော ကျွန်တော်သည် ယခင် အလွတ်ပညာသင်ကျောင်းတွေ ရှိစဉ်ကတည်းက အစိုးရ ဟိုက်စကူးကျောင်းသည် သိပ္ပံဘာသာတွဲသင်သော ကျောင်းဖြစ်လာသည်ကြောင့် ထိုအစိုးရ အမှတ်-၁ အထက်သို့ ပြောင်းခဲ့ရပြန်တော့၏။ သည်တော့ ဂရမ္မာကျောင်းသားဟောင်းတွေ ပို၍ပင် တကွဲတပြား ဖြစ်ခဲ့ကြရတော့သည်။

မည်သို့ပင်ဖြစ်စေ ငယ်သူငယ်ချင်းများသည် ပိုချစ်ကြသည်။ ပို၍ ပို၍ သံယောဇဉ်ရှိကြသည်။

ချစ်စရာကောင်းသည် ကလေးများကတော့ တစ်ဦးကိုတစ်ဦး ချစ်စနိုး နာမည်ပြောင် (Nick Name) များ ပေးတတ်ကြခြင်း ဖြစ်သည်။

ဝင်းတင်ကိုတော့ သိကြသည့်အတိုင်း ထော့ကျိုးဟု ခေါ်ကြပြီး မြအေးကိုတော့ အင်မတန် အေးလွန်း ရိုးလွန်း၍ ဘုန်းကြီးဟု ခေါ်ကြ သလို အတန်းတွင်း၌ ကျွန်တော်သည် အငယ်ဆုံး အသေးဆုံးမို့ ကလေး ဇာတ်လိုက်ဟု ခေါ်ကြ၏။ (ကလေးဇာတ်လိုက် ဖြစ်ခဲ့သော ကျွန်တော် သည် ယခုအခါတွင် လူကြီးဇာတ်လိုက် ဖြစ်မလာဘဲ စာရေးဆရာ တစ် ယောက်သာ ဖြစ်လာရ၏။)

ယခု ပြန်ဆုံခွင့်ရကြသည့် ကျွန်တော်တို့သုံးယောက်သည် ငယ်စဉ် ကလေးဘဝကို ပြန်တမ်းတကာ လွမ်းမောဖွယ်၊ ကြည်နူးဖွယ် အစုံစုံကို

www.burmeseclassic.com

www.burmeseclassic.com



ပြော၍မကုန်နိုင် ဖြစ်ကြရသည်။

မဲလုံးဟုခေါ်သည့် မြင့်လေးဆွေအကြောင်း၊ ငါးဖောင်ရိုးဟုခေါ် သည့် ဆွေဆွေရီအကြောင်း (သူကတော့ ကွယ်လွန်သွားပြီဟု သိရသည်) မျောက်ကြီးဟုခေါ်သည့် အောင်သိန်းမြအကြောင်း၊ နွားသိုးဟု ခေါ်သည့် အောင်စော၊ စာကလေးဟုခေါ်သည့် ရှယ်လီထွန်း (သူလည်း ကွယ်လွန် ခဲ့ချေပြီ) ယိုးဒယားဟုခေါ်သည့် စောယုမြင့်၊ လောက်ကိုက်ဟုခေါ်ကြသည့် ရှိုလန်သန်းစိန် (ယခု ဝင်းလွင်ဟု နာမည်ပြောင်းထား၏) ကြောင်လို့ ခေါ်သည့် အောင်ကြည်၊ ဖါးမဲတင်အောင်၊ ထိပ်ပေါက်ခင်မြင့်၊ ကုလား မစူမာရီ (အိန္ဒိယအပြီးအပိုင် သွားနေပြီဖြစ်သည်)

စသည် စသည် ငယ်သူငယ်ချင်းများအကြောင်းကို ကျွန်တော်တို့ သုံးယောက် ပြောကြသည်။ မေးကြမြန်းကြသည်။ ထိုသည်မှ . .

"မင်း ဇော်သိန်းကို သိလား၊ မှတ်မိလား"

မြအေးက ဝင်းတင်ကို မေးလိုက်သည်။

"သူ့တော့ ကောင်းကောင်းမမှတ်မိဘူး"

"ဇောရိုးလေကွာ"

ကျွန်တော်က ကြားဝင်ပြောလိုက်သည်။

ဝင်းတင်က အမှတ်တမဲ့ ဖြစ်နေပုံရသည်ကြောင့် . .

"မင်း မမှတ်မိဘူးလားကွာ၊ ဒို့လေးတန်းတုန်းက ထင်တယ် ကျောင်းမုန့်စားဆင်းကာနီး စကားများကြလို့ဆိုပြီး တစ်ခန်းလုံး ကျောင်း သားတွေအကုန် ခုံတန်းပေါ်တက် မတ်တပ်ရပ်ကြရတယ်လေ။ ပထမ အကြိမ် မုန့်စားခေါင်းလောင်းတိုးတော့ ဆရာမက -

'မင်းတို့တွေ နောက် စကားမပြောကြတော့ပါဘူးဆိုလျှင် အားလုံး ထိုင်နိုင်တယ်။ ပြီးလျှင် မုန့်စားဆင်းကြရမယ်' လို့ပြောတော့ အားလုံးက

www.burmeseclassic.com

www.burmeseclassic.com



'ကတိပေးပါတယ်' ဆိုပြီး ထိုင်ကြတယ်။ ဇော်သိန်းတစ်ယောက်ကတော့ မထိုင်ဘူးလေ။ သည်တော့ ဆရာမက

'ဟဲ့ ဇော်သိန်း၊ ဘာလို့ မထိုင်လဲ' မေးတော့

'ကျွန်တော် နောက် စကားမပြောပါဘူးလို့ ကတိမပေးနိုင်ဘူး ဆရာမ၊ ဘာလို့လဲဆိုတော့ ကျွန်တော်က မပြောပေမင့် ပြောတဲ့သူတွေက ပြောကြဦးမှာ ကျွန်တော် ကတိပေးလို့ မဖြစ်ပါဘူးဆရာမ'

သည်တော့ ဆရာမက 'အေး မင်းမှန်တယ်။ မင်းက မလိမ်တတ်၊ မညာတတ်ဘူး။ နို့ကြောင့် မင်းတစ်ယောက်ပဲ မုန့်စားသွားနိုင်တယ်။ ကျန်တဲ့သူတွေ တစ်ယောက်မှ မုန့်စားမသွားရဘူး' လို့ အမိန့်ချလိုက်တယ်လေ"

ဝင်းတင်က မှတ်မိသွားပြီး. .

"ဩော်. . ဟုတ်ပြီ မှတ်မိပြီ သူ့ကြောင့် တို့တွေအားလုံး အဲဒီနေ့က မုန့်စားမဆင်းကြရဘူးလေကွာ။ လူ့ကန့်လန့် လူ့ဂွစာ"

"ငါ မှတ်မိတာရှိသေးတယ်။ တို့ ငါးတန်းစာမေးပွဲဖြေတော့ ဒီကောင် ဘယ်လိုကနေ ဘယ်လို မေးခွန်းတွေ ရလာလဲမသိဘူး။ သူ့ဆီက မေးခွန်းရလို့ အဲဒီနှစ် အကျမရှိ အားလုံးအောင်ကြတယ် မဟုတ်လား"

မြအေးပြောသည့်တွင် "အေး ဒီကောင် ဆရာဆရာမတွေနဲ့လဲ အဆင်ပြေအောင် ပေါင်းသင်းတတ်တယ်" ဆိုတဲ့ ကျွန်တော့်စကား အဆုံးမှာပင် ဝင်းတင်က. .

"အေး. . တော်တာတော့ တော်တယ်။ ထူးချွန်တယ်၊ ဘောလုံးကန်ကြမလား သူပဲဦးဆောင်တယ်၊ ရန်ဖြစ်ပြီတော့ဆိုလဲ သူကပဲ လက်ဦးဆောင်တီးထည့်တာပဲ။ နို့ကြောင့်လဲ သူ့ကို ဇောရိုးလို့ ခေါ်ကြတာပေါ့"

ဝင်းတင်က ကောင်းကောင်းမှတ်မိသွားပြီဖြစ်၍ ဇော်သိန်း

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ချိုးမွှမ်းခန်းထုတ် ပြောလေသည်။ တကယ်လည်း ချီးမွမ်းထိုက်သူဖြစ်သည်။ ငယ်စဉ်ကတည်းက သူသည် အခြားကလေးများနှင့်မတူ မည်သည့်ကိစ္စမဆို ဦးဆောင်ဦးရွက်လုပ်ရမှ ကျေနပ်သူဖြစ်သည်။

သူ့တွင် ကိုယ်ပိုင်စွမ်းအားရှိသည်။ ဖြတ်ထိုးဉာဏ်ကောင်းသည်။ မည်သူနှင့်ပြိုင်ပြိုင် အနိုင်ရလိုသည်။ ရအောင်လည်း လုပ်နိုင်သည့် ဉာဏ်နီဉာဏ်နက်တွေ သူ့တွင်ရှိသည်။ ဇောရိုးဆိုလျှင် တစ်ကျောင်းလုံး မသိသူမရှိ။ အတန်းကြီးတွေကလည်း သူ့ကို သိကြသည်။ ကောင်မလေးတွေဆိုလျှင် သူ့ကို အရမ်းအထင်ကြီးပြီး အားကိုးတတ်ကြသည်။ အဲလို ထင်ပေါ်သည့်ကောင်၊ ထင်ပေါ်အောင်လည်း နေပြတတ်သည်။ လုပ်ပြတတ်သည်။

"နို့ ဇောရိုး ဘယ်ရောက်နေလဲ ဘာလုပ်နေလဲ"

ဝင်းတင်က မြအေးကို မေးလိုက်သည်။ ကျွန်တော်ကလည်း. .

"အေးကွာ သူဘယ်ရောက်နေလဲ။ ဘာလုပ်နေလဲ ငါ သိပ်တွေ့ချင်တယ်" လို့ ပြောလိုက်သည်။ အမှန်တကယ်ပင် တွေ့ချင်ပါသည်။ တကယ်တော့ ကျောင်းတုန်းက သူနှင့်အတွဲအများဆုံးသည် ကျွန်တော်ပင်ဖြစ်သည်။ သူသည် ကျွန်တော့်ကို သိပ်ခင်ပါသည်။ ကျွန်တော့်ထက် အသက်ကြီးသည်ကြောင့် ညီငယ်တစ်ယောက်လို ချစ်ခြင်းလည်း ဖြစ်ပါသည်။ သူ့အိမ်သည် ကျွန်တော့်စားအိမ်သောက်အိမ်၊ ကျွန်တော့်အိမ်သည် သူ့ စားအိမ်သောက်အိမ်၊ ခုနေခါများ ပြန်တွေ့ကြလျှင် မှတ်မိနိုင်ကြဦးပါ့မလား။

"ငါနဲ့ဟိုတလောက တွေ့လိုက်သြေးတယ်။ အဲဒီတုန်းက သည်ကုန်းဂေါက်ကွင်းမှာ လုံခြုံရေးကိစ္စနဲ့ လိုက်လာတာတဲ့"

မြအေးစကားကြောင့် ကျွန်တော်ကော ဝင်းတင်ပါ တအံ့တသြ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားကြသည်။

"နို့ဖြင့် သူ တပ်မတော်ထဲမှာပေါ့"

"ဟုတ်တယ်၊ သုံးရစ်နဲ့ တပ်ကြပ်ကြီးပေါ့။ ငါနဲ့ ဝေါက်တွင်းမှာ တွေ့တာ။ သူ့တာဝန်ပြီးတာနဲ့ အရက်သောက်ချင်တယ်ဆိုလို့ အိမ်ခေါ်ပြီး အရက်တိုက်လိုက်ရသေးတယ်။ အဲဒီနောက်ပိုင်း တစ်ခါထပ်ဆုံကြပြန်သေးတယ်။ ဒီတော့ သည်ကောင်ကြီး နှစ်ပွင့်ရနေပြီကွ၊ ခုလောက်ဆို ဗိုလ်ကြီးဖြစ်လောက်ပြီထင်တယ်"

ခုနေများ ကျွန်တော်တို့နှင့် ပြန်လည်ဆုံစည်းပါက ကျောင်းတုန်းက ငယ်သူငယ်ချင်းတွေ ဟက်ဟက်ပက်ပက် ရင်းနှီးခင်မင်စွာ ဆက်ဆံကြပါ့မလား၊ မှတ်မိကြပါဦးမလား။

ယနေ့ ပြန်လည်ဆုံစည်းခွင့်ရလိုက်သည့် သူငယ်ချင်းသုံးယောက်အားပိုင်းတွင် ဇော်ရှိုး (ခ) ဇော်သိန်းအကြောင်းကို ပို၍ပြောဖြစ်ကြသည်။

နောင်တွင်လည်း သူ့အကြောင်းကို ပိုပြီး ပြောဖြစ်ကြလိမ့်ဦးမည်ထင်ပါသည်။

အဘယ့်ကြောင့်ဆိုသော် သူသည် ငယ်သူငယ်ချင်းများထဲတွင် 'ဇော်ရှိုး' ဖြစ်နေသောကြောင့်ပင်။

•

*၁၉၅၇-၁၉၆၂ (ဂရမ္မာကျောင်းသားဟောင်းများသို့ အမှတ်တရ)*

အလှသစ်မဂ္ဂဇင်း
ဖေဖော်ဝါရီလ-၁၉၉၇

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ရှက်တတ်သေလော့ချင်

စာရေးခြင်းသက်သက်ဖြင့် မိသားစုစားဝတ်နေရေး ဖြေရှင်းနိုင်စွမ်းအား မရှိသည်ကြောင့် ပုံမှန်ဝင်ငွေရသော အလုပ်တစ်ခုခု လုပ်ပါလေမှ ရယ်လို့ ဆုံးဖြတ်ချက်ချပြီး မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာအလုပ်ကို မိုက်မဲစွာ လက်ခံလိုက်မိခဲ့သည်။ စားဝတ်နေရေး သင့်တင့်လျောက်ပတ်စွာ ပြေလည်ခဲ့သော်လည်း ကသီလင်တနိုင်ခဲ့ရသည်ကြောင့် မဖြစ်ချေပြီမို့ စာပေလောက သံသရာဝဲထဲမှ ရုန်းထွက်ခဲ့ပြန်သည်။

စာပေလောကသားတစ်ယောက် စိတ်မာတ်နှင့် အပ်စပ်ခြင်း လုံးဝမရှိခဲ့သော်လည်း တစ်ချိန်က ဌာနဆိုင်ရာ အမှုထမ်းဘဝဖြင့် အနှစ်နှစ်ဆယ်ကျော်တိုင် လုပ်ခဲ့ဖူးသည်ကြောင့် ဌာနဆိုင်ရာအလုပ်နှင့် မနှစ်မြို့ခဲ့သော လုပ်ဖော်ကိုင်ဖက်တချို့ဖြင့် ပြန်မဆုံစည်းချင်ပါသော်လည်း . .

"အလုပ်ရှင် အလုပ်သမားရယ်လို့ မဟုတ်ပါဘူး။ ဝိုင်းလုပ်ဝိုင်းစားသဘောမျိုးပါ။ အစ်ကို့ရဲ့မိသားစု စားဝတ်နေရေးကို လုံးလုံးလျားလျား

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူပါ့မယ်။ ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်ပေးပါ" ရယ်လို့ လိမ္မာပါးနပ်စွာ ပြောလာခြင်း၊ မိမိအပေါ် နားလည်ခြင်း၊ သူကိုယ်နှိုက်က လည်း လိုလိုလားလားပင် မည်သူ့အားမဆို ကူညီစောင့်ရှောက်လိုခြင်း ကြောင့် ကျွန်တော်သည်လည်း ရေစက်သူ ရေတွင်းထဲကျလာသည့်အဖြစ် မျိုး ကြုံလေပြီမို့ လက်ရှိ မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာအလုပ်မှ ဖြုန်းစား ကြီး နုတ်ထွက်ကာ မိတ်ဆွေဖြစ်သူ ကိုစောလူး ကမ်းလင့်လာသော ထို အလုပ်ကို လက်ခံလိုက်တော့၏။

ကျွန်တော် လက်ခံလိုက်ပြီဖြစ်သော ထိုအလုပ်သည် တစ်ချိန်က မိမိကျင်လည် ကျက်စားခဲ့ဖူးသော အလုပ်ဒေသနှင့်ပတ်သက်နေသည် ဆိုသော်လည်း ကိုစောလူးက မိမိ မိသားစု စားဝတ်နေရေး လုံးလုံးလျား လျား တာဝန်ယူမည်ဆိုပြန်တော့ ဘယ်သောအခါမှ ပြန်မလှည့်တော့ပါ ရယ်လို့ ဆုံးဖြတ်ချက်ချဖူးသော လုပ်ငန်းခွင်လောကကြီးထဲသို့ အရဲစွန့် ပြန်လှည့်ခဲ့ရတော့၏။

နုတ်ဆက်ထွက်လာခဲ့ပြီးလေမှ တစ်ကျော့ပြန်လှည့်လာသူအပေါ် နားလည်သူရှိသလို နားမလည်သူတွေလည်း ရှိ၏။ ဝမ်းပန်းတသာ ကြိုလင့် သူတွေရှိသလို လှောင်ပြောင်လိုသူတွေလည်း ရှိပြန်၏။

မည်သို့ပင် ရှိကြပါစေ၊ ကိုယ့်အလုပ် ကိုယ်လုပ်ခြင်းသာ ဖြစ်သည် ကြောင့် အားလုံးအပေါ် မည်သို့မျှ မမြင်မိပါ။ ကျွန်တော် လုပ်ရသည့် လုပ်ငန်း ကျွန်တော် လုပ်ပါသည်။ ကျွန်တော့်ဘက်ကလည်း တာဝန်ကျေ မည်ပေါ့။

"အစ်ကို၊ ရုံးခန်းမှာပဲ ထိုင်ပါလား။ အေးအေးဆေးဆေးပေါ့။ ဝါသနာပါတဲ့စာပေကိုလဲ လက်မလွှတ်ပါနဲ့။ ကျွန်တော့်ဆီမှာ အစ်ကို လုပ်ရမယ့်အလုပ် သိပ်မရှိပါဘူး။ ရုံးကိစ္စလေးဘာလေး လိုက်လုပ်ပေးရုံ

www.burmeseclassic.com

www.burmeseclassic.com



ပဲ" ရယ်လို့ ကိုစောလူးက ပြောသော်လည်း ကျွန်တော် လုပ်ရမည်ဟု သတ်မှတ်ထားသော အလုပ်ဟူသမျှကို လုပ်ပေးရမည်မှာ ကျွန်တော့် တာဝန်သာ ဖြစ်သည်ကြောင့် ရုံးခန်းတွင် မထိုင်ပါ။ လုပ်ငန်းခွင်ရှိရာသို့ ဆင်းပါသည်။

ကျွန်တော့်မိသားစု စားဝတ်နေရေး ပြေလည်လာသည်ကြောင့် ကျွန်တော်သည်လည်း ထိုသူပေးထားသော လစာ၊ ခံစားခွင့်များနှင့်တန်ဖိုး ညီ (သို့မဟုတ်) မနည်းသော လုပ်အားဉာဏ်အား ပြန်လည် ပေးဆပ် ရပေမည်။ သို့ကြောင့် . .

လုပ်ငန်းခွင်ရှိရာသို့ အလုပ်ဆင်းပေးသည်။ တာမွေအိမ်မှ မနက် သွား၊ မင်္ဂလာဒုံဘက်ဆီမှ ညနေပြန်။ ထိုသည်ကား နိစ္စဓူဝ ကျွန်တော် အလုပ်သွား အလုပ်ပြန်ခရီးဖြစ်သည်။

ကားနှစ်ဆင့်စီးရသော ခရီးဖြစ်သည်။ ထိုသည်တောင်မှ တောင် ဥက္ကလာ၊ ဆူးလေ ပြေးဆွဲနေသော အဲယားကွန်းတပ် ကားကြီးစီးလေမှ ဖြစ်သည်။ အခြားကားများဆိုပါက သုံးဆင့်စီးရမည် ဖြစ်သည်။

ကျွန်တော်သည် ဗညားဒလလမ်းမကြီးနံဘေး မင်္ဂလာဈေးမီးပွိုင့် အနီး နေသည်ဖြစ်၍ မင်္ဂလာဈေးမှတ်တိုင်မှ ၄၇၊ ၅၆ ကားလေးများစီး၊ ရွှေဂုံတိုင်မီးပွိုင့်တွင်ဆင်း။ (၂ ကျပ်ခရီး ဖြစ်သည်) ၄င်းမှတစ်ဆင့် မြောက် ဥက္ကလာရောက်သည့် ဘယ်ကားစီးစီး ကြိုက်ရာစီး ၅ ကျပ်၊ ၆ ကျပ်ခရီး ဖြစ်သည်။ သို့မဟုတ် မီနီအဲယားကွန်းကားကြီးတွေ စီးမလား၊ ဘယ်စီးစီး၊ ဘယ်ဆင်းဆင်း ၁၅ ကျပ် ဖြစ်သည်။

ကျွန်တော်သည် အများအားဖြင့် စိတ်ရှည်ရှည်ထားကာ တောင် ဥက္ကလာ-ဆူးလေ-မြောက်ဥက္ကလာဟူသည့် အဲယားကွန်းတပ်ကားကြီး ကို စောင့်၍စီးတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ခရီးစဉ်သည်ကား မြောက်ဥက္ကလာ ခြောက်ကွေ့ထိစီး ထိုကားများသည် ခြောက်ကွေ့တွင် ခရီးဆုံးသည်။ ကျွန်တော့်ခရီးကား ရှေ့ဆက်ရပါသေးသည်ကြောင့် ခြောက်ကွေ့လမ်းဆုံမှ တစ်ဆင့် မင်္ဂလာဒုံ ပြေးသည့်ကား၊ သို့မဟုတ် လှည်းကူးသွားသည့်ကား တစ်ဆင့်စီးရပြန်၏။ ကားမှတ်တိုင် သုံးမှတ်တိုင်လောက်ဖြစ်၏။ ဓမ္မာရုံ၊ စိုက်ပျိုးရေး၊ ပြီးတော့ ရိုးမြေကျမှတ်တိုင်၊ အဲဒီမှာ ဆင်း၊ ရှေ့နည်းနည်းလျှောက်။ မင်္ဂလာဒုံ ဥယျာဉ်မြို့တော် စီမံကိန်းဝင်းကြီး ရောက်ပြီပေါ့။

ရိုးမြေကျမှတ်တိုင်ဆိုတာ အဲဒီနားမှာ ရေဝေးသုသာန်ထဲဝင်တဲ့ ဂဝံလမ်းလေးရှိနေလို့ ပေးထားသော နာမည်ဖြစ်သည်။

အပြန် လုပ်ငန်းခွင်ထိပ်ကနေ ကားတားစီး၊ ခြောက်ကွေ့ကားကြီး ဂိတ်မှာ ပြန်ဆင်း။ အဲဒီကတစ်ဆင့် လာလမ်းအတိုင်း ကားပြန်စီးပေါ့။ ထိုသည်ခရီးကား နိစ္စဓူဝ ကျွန်တော် သွားနေရတဲ့ ခရီးလမ်းကြောင်း ဖြစ် သည်။

ခြောက်ကွေ့ကနေ အိမ်ရှေ့ တိုက်ရိုက်ရောက်သည့် မြောက် ဥက္ကလာ-တောင်ဥက္ကလာ-ဆူးလေဆိုသော ပန်းရောင်ဆေး တစ်ဝက် တစ်ပျက် ခြယ်ထားလေသည့် အဲယားကွန်းကားစီးရတာ ပိုအဆင်ပြေ သည်။ အလာကိုတော့ ကြုံ သလိုပေါ့။ ဘာကြောင့်လဲဆိုတော့ အလုပ်ချိန် နောက်ကျမှာရယ်၊ ကားမျှော်ရတာရယ်ကြောင့် ဖြစ်၏။ အပြန်ခရီးက တော့ ထိုကားဂိတ်အစဆိုတော့ မျှော်စရာမလို။ ယခုထွက်မည့်ကား ရယ်လို့ ဆိုင်းဘုတ်ထောင်ထား တဲ့နားက ကားပေါ် တက်ထိုင် စောင့်နေ ရုံပါ။ အိမ်အပြန်ခရီးဆိုတော့ ထွက် မယ့်ကား ရှိတာသေချာရင် ဘယ် အချိန် ရောက်ရောက်ပေါ့။ အေးအေးဆေးဆေးဖြစ်သည် မဟုတ်ပါလား။ သည်တော့ အေးဆေးစွာ လိုင်းကားစီးရသည့်အတွက် စာသမား

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အနေဖြင့် တွေးလိုရာတွေး၍ ရသည်။ ထိုခရီးလမ်းကြောင်းကို နိစ္စဓူဝ သွားနေရတော့ကာ ခရီးလမ်း တစ်လျှောက် မြင်တွေ့နေရတာလေးတွေက တစ်နေ့တစ်မျိုး ဆန်းသစ် နေပြန်သေးတော့၏။ အမျိုးမျိုးတွေ့၊ အမျိုးမျိုးကြုံ၊ ဒါတွေသည် ကျွန်တော့် အတွက် ရေးစရာ ကုန်ကြမ်းတွေဖြစ်၏။

အများအားဖြင့် အလာခရီး၊ အပြန်ခရီးတွေမှာ စပယ်ယာအမျိုးမျိုး ခရီးသည်အမျိုးမျိုးတို့ဖြင့် ဆုံရ တွေ့ရ မြင်ရပြန်သည်။ ရေးမည်ဆိုလျှင် ရေးကွက်တွေချည်း ဖြစ်တော့၏။

စပယ်ယာတွေ ဆိုးတာရှိသလို၊ ကောင်းသူတွေလည်း ရှိ၏။ စပယ်ယာတွေ လွန်တာရှိသလို၊ ခရီးသည်တွေ လွန်တာလည်း တွေ့ရ၏။ ဆေးလိပ်မသောက်ရဟူ၍ စာတန်းရေးထိုးထားသည်ကိုသိလျက် တွေ့လျက် ဘဝတူခရီးသည်တွေကိုမှ အားမနာ၊ ဆေးလိပ်မီးရဲရဲဖြင့် တက်လာတတ်သည့် ခရီးသည်မျိုး၊ နှစ်ယောက်ထိုင်ခုံတွင် တစ်ယောက်တည်း ဖြကားထိုင်နေတတ်သည့် ခရီးသည်မျိုးတွေ ရှိသကဲ့သို့ စပယ်ယာသည် ခရီးသည်အား ပြန်အမ်းရမည့်ငွေကို အစောကြီးနှင့်ပြန်မပေး၊ အမေ့ခံနေခြင်းကြောင့် ခရီးသည်က ထပ်တလဲလဲ တောင်းသည့်အခါ မိုက်ရိုင်းစွာ ပြန်လည်ဆက်ဆံခြင်း၊ ကားအဆင်းအတက်တွင် တွန်းထိုးခြင်း၊ ဆွဲချခြင်း၊ သတ်မှတ်နှုန်းထားထက် ကားခပိုတောင်းခြင်းတို့ကို ပြုတတ်ကြသလို လိုင်းကားဒရိုင်ဘာအချို့သည် ပြိုင်ကားမောင်းနှင်နေသည့်အလား တစ်ကားနှင့်တစ်ကား အလုအယက် မောင်းနှင်တတ်ကြခြင်းတို့ကို လိုင်းကားစီး ခရီးသည်တိုင်း ကြုံတတ်၊ တွေ့တတ်ကြကုန်၏။ ထိုသည်ကား နိစ္စဓူဝဖြစ်လေ့ဖြစ်ထရှိသော ပြဿနာများမို့ မထူးဆန်းသလိုဖြစ်သည် ဆိုနိုင်ပါသော်လည်း .

www.burmeseclassic.com

www.burmeseclassic.com



အထူးရှယ် ဖြေးဆွဲပေးနေသည့် အဲယားကွန်းကားတွေတွင် ပြန်အမ်းငွေကို လက်ထဲရှိနေပါလျက် တော်တော်နှင့် ပြန်မအမ်းဘဲ အမေ့ခံနေတတ်သည့် စပယ်ယာအချို့ကို တွေ့ရခြင်း၊ ဒရိုင်ဘာ စပယ်ယာကိုယ်နှိုက် ဆေးလိပ်သောက်နေကြသည်ကို တွေ့ရခြင်း၊ လူစီး အဲယားကွန်းကားဖြစ်သော်လည်း ကုန်ပစ္စည်း လက်ခံတင်ကြသည့်ကား တစ်စီးတလေ တွေ့ရခြင်း၊ နေပူပူတွင် အဲယားကွန်းက မအေးဘဲ မိုးစိုရွှဲရွှဲ မိုးအေးအေးအခါတွင် အဲယားကွန်းမှာ စွမ်းရည်အပြည့်ပြတတ်သည့်ကားနှင့် ကြုံရခြင်းနှင့် ကားက လူချောင်ချောင်ဖြစ်သော်လည်း ဆင်းမည့်မှတ်တိုင်မရောက်မီ တစ်ဖက်မှတ်တိုင်မှ ကားဘီးစလိမ့်သည်နှင့် တံခါးအပေါက်ဝ ထွက်ရပ်ခိုင်းတတ်ကြသည့် စပယ်ယာအချို့ တွေ့ရခြင်းတို့သည် အံ့ဖွယ်များပင်ဖြစ်နေချေတော့၏။ ပြီးတော့. .

ဆေးလိပ်မီးရဲရဲနှင့် အဲယားကွန်းကားပေါ် တက်လာတတ်သည့်ခရီးသည်အချို့ကိုလည်း တွေ့ရတတ်သေးသည်။ ဘယ်လို လူစားတွေမှန်းမသိ။ သည်လိုလူမျိုးတွေကို 'ဆေးလိပ်မသောက်ရ' ဆိုသည့် စာတန်းလေးရေးထားရုံဖြင့် မလုံလောက်သည်ကြောင့် စပယ်ယာလေးတွေက တားမြစ်ပိတ်ပင် ပြောဆိုသင့်ပါသည်။

အဲလို စည်းမရှိ ကမ်းမရှိ ခရီးသည်တွေက သူ့ကိုယ်သူတော့ ဟုတ်လှပြီ။ ဘယ်သူမှ သူ့ကို လာမပြောရဲလို့ထင်ပြီး ထင်တိုင်းကြတတ်ကြသည်။ ထိုသည်ကား မရှက်တတ်သောကြောင့် ဖြစ်၏။ တကယ်တော့ မိမိရဲ့ဂုဏ်သိက္ခာကို မိမိကသာ စောင့်ထိန်းမှရတာမျိုး ဖြစ်သည်။ "ငါဘာသာငါ လုပ်ချင်တာလုပ်မယ်၊ ဘာဖြစ်လဲ၊ ဘယ်သူ ဘာပြောမလဲ" ဆိုလာလျှင် ဘာမှမဖြစ်ပါ။ ဘယ်သူမှလည်း မပြောပါ။ သို့သော်လည်း မိမိရဲ့ဂုဏ်သိက္ခာ အဆင့်အတန်းပင် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



အဲဗျာ။ တစ်နေ့ အဲယားကွန်းကားပေါ်မှာ ကြုံခဲ့ရတဲ့ အတွေ့အကြုံလေးကတော့ တော်တော်ဆိုးဝါးသဗျ။

ကားရဲ့ရှေ့ဦးခန်းမှာ 'သံဃာတော်များသာ' လို့ ရေးပြီး သတ်မှတ်ထားတဲ့ သီးသန့်ခုံတွင် အမျိုးသမီးတစ်ယောက် ထိုင်နေသည်။ တော. . သံဃာတော်တစ်ပါး တက်လာသည်။ သံဃာထိုင်ရမည့်နေရာမှ အမျိုးသမီးကြီး (ဗမာမကြီးပါ) က နေရာဖယ်မပေးချေ။ စပယ်ယာကလည်း မပြော။ ခုံလွတ်တွေရှိလို့ စပယ်ယာကလည်း မဖယ်ခိုင်းခြင်းဖြစ်မည်။ အမျိုးသမီးကြီးကလည်း သို့ကြောင့် ဖယ်မပေးခြင်းဖြစ်သည်။ သံဃာတော်အတွက် ထိုင်စရာခုံကတော့ ရှိပါသည်။ သို့ပေမင့် အဲလိုမဖြစ်သင့်ချေ။ သံဃာတော်အတွက် သံဃာတော်ထိုင်ဖို့ သတ်မှတ်ထားတဲ့ ကားရဲ့ဦးခန်းသို့မဟုတ် ဦးခန်းနားမှာပဲ နေရာပေးသင့်တယ်။ တကယ်ဖြစ်ရမှာက အမျိုးသမီးကြီးက ခုံကနေ ထပေးပြီး တခြားခုံလွတ်မှာ သွားထိုင်ပေါ့ဗျာ။ အဲလိုမဟုတ်ဘူး။ သံဃာသီးသန့်ခုံမှာ အခန့်သား။ ဖယ်ပေးရမှန်းလည်း သိပုံမပေါ်။ သိသော်ငြား ဖယ်ပေးလိုဟန်လည်း မပေါ်။ သို့ မဖြစ်သင့်တာပဲဗျာ။ အဲယားကွန်းကားတွေဟာ အမြဲခုံလွတ်တွေနဲ့ ပြေးနေတာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် သံဃာတော်ခုံမှာ ဘယ်သူမှ ပေးမထိုင်သင့်ဘူး။ အခြား ခုံလွတ်မရှိလို့ သံဃာတော်လည်း မပါဘူးဆိုလျှင် ထိုင်ကြပါ။ ရပါတယ်။ သံဃာကြွလာတဲ့အခါ ဖယ်ပေးကြပေါ့။ ခုတော့ ခုံလွတ်တွေလည်း အများကြီး။ သံဃာတော် လာပြန်တော့လည်း ဖယ်မပေး။ ဘာသာတရားကို လေးစားကြစေချင်သည်။ ဗုဒ္ဓဘာသာမှ မဟုတ်ပါဘူး။ မည်သည့်ဘာသာဖြစ်ဖြစ်ပေါ့။ ဗမာဘုန်းကြီးလာလာ၊ တရုတ်ဘုန်းကြီးလာလာ၊ ကုလားဘုန်းကြီးလာလာ၊ အင်္ဂလိပ်ဘုန်းကြီးပဲ လာလာပေါ့ဗျာ။ ရိုသေလေးစားပြီး ဘာသာတရားကို ကိုင်းရှိုင်းကြစေချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က အိမ်ပြန်ရောက်ရောက်ချင်း မဒမ်ပိုက်ကို လူအတော်များများဟာ ဘာသာတရားကို ရှိသေကိုင်းရှိုင်းရမှန်း မသိတတ်ကြောင်း ပြောပြလိုက်သည်တွင် မဒမ်ပိုက်က. .

"အဲဒီတော့ အဲဒီသံဃာက မတ်တပ်ရပ်လိုက်ရတာပေါ့။ ရှင်က ရှင့်နေရာကို မဖယ်ပေးဘူးလား"

"ပေးစရာမလိုပါဘူး။ ခုံလွတ်တွေ ရှိပါတယ်။ ကိုယ့်ဘေးနားမှာလည်း နေရာတစ်နေရာ လွတ်နေတော့ ကိုယ့်အနားမှာ လာထိုင်တာပေါ့ကွာ"

သည်တော့ မဒမ်ပိုက်သည် ကျွန်တော့်ကို သေသေချာချာ ကြည့်ပြီး. .

"ခတ်. . ခစ်. . ခစ်. . ခိ. . ခိ. . " ကြိတ်ရယ်နေသည်ကြောင့်-

"ဟ မိန်းမရ။ ငါ့စကားမှာ ရယ်စရာပါလို့လား" ဆိုတော့

"ပါတယ်၊ သိပ်ပါတယ်။ ရှင်က အင်မတန် ရယ်စရာကောင်းတဲ့သူ။ သူများအပြစ်ကိုသာ မြင်တတ်ပြီး ကိုယ့်အပြစ် ကိုယ်မမြင်တဲ့သူပဲ"

"ဟ ငါက ဘာအပြစ်လုပ်မိလို့လဲကွ"

"အို. . ရှင့်နား သံဃာတော် လာထိုင်တော့ ဖယ်မပေးဘဲ သံဃာတော်နဲ့ ယှဉ်ထိုင်နေတာ အံ့ပါရဲ့။ တခြားခုံလွတ်တွေ ရှိနေတာပဲ။ ရှင်က ပြောင်းထိုင်ပေးပေါ့။ ခုံလွတ်မရှိလျှင်တော့ တစ်မျိုးပေါ့လေ။ 'သံဃာနဲ့လူ ကြမ်းတစ်ပြေးတည်းတောင် မထိုင်သင့်ပါဘူး"

မဒမ်ပိုက်စကားကြောင့် ကျွန်တော်သည်လည်း ကိုယ့်အပြစ် ကိုယ်မြင်မိကာ ရှက်မိပါတော့သည်။

အလှသစ်မဂ္ဂဇင်း
နိုဝင်ဘာလ-၁၉၉၇

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အဆွေက်များဖလေခြင်းရှယ်နော်

'မောင် ဒီကနေ့ တစ်ရက်တော့ဖြင့် ဈေးသွားဝယ်ပေးစမ်းပါ၊ ထွေး ကောင်းကောင်းနေမကောင်းလို့ပါနော်' ရယ်လို့ မေတ္တာရပ်ခံ ပြောလာသည့် ဇနီးသည်ကြောင့် ကျွန်တော်တို့တိုက်ခန်းနှင့် အနီးဆုံးဈေးဖြစ်သည့် အမဲဈေးသို့ ရောက်ခဲ့ရလေသည်။

"ထွေးက နေကောင်းတာမဟုတ်တော့ အစားအသောက် ခံတွင်း ပျက်နေတယ်၊ စားလို့လဲ ရမှာမဟုတ်ဘူး၊ ဒို့ကြောင့် မောင်နဲ့သမီး စားချင်တာသာ ဝယ်ခဲ့ပါ၊ အဲ့ . . ဆီကုန်နေပြီ၊ ဆီပုလင်းထည့်သွားဖို့ မမေ့နဲ့ဦး"

သို့ကြောင့် ကျွန်တော်သည် သမီးလည်းကြိုက်၊ ကျွန်တော်လည်း ကြိုက်နှစ်သက်သည့် ဆိတ်ဦးနှောက်ကို ဝယ်လိုက်သည်။ အဖက်ဖက်အာ အဆင်ပြေသည်ကိုး။ အဘယ်ကြောင့်ဆိုသော် ဆိတ်ဦးနှောက်တစ်လုံး အစိတ်ဆိုတော့ကာ ငါးဆယ်ဖိုး နှစ်လုံးဝယ်လိုက်သည်။ ရှင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



အလေးချိန် အခိုးခံရခြင်းမှလည်း လွတ်ကင်းသည်။ ပြီးတော့ နေ့စဉ်ကောင်း ဖြစ်နေသည့် ဇနီးသည်က ချက်ရေးပြုတ်ရေးတာဝန် ကျွန်တော့်ကို လွှဲအပ်မှာ သေချာသည်။ သို့ကြောင့် ငရုတ်၊ ကြက်သွန် ထောင်းမနေရဘဲ ဆူလွှယ်နပ်လွယ် ဆီဖြင့် ထည့်ကြော်လိုက်ရုံနှင့် ဟင်းဖြစ်သည် မဟုတ်ပါလား။

မည်မည်ရရ အခြားဘာမျှဝယ်စရာမရှိသဖြင့် ဆီဝယ်ရန်အတွက် အသားတန်းရုံမှ ထွက်လိုက်ပြီး ကုန်ခြောက်ရုံအတွင်းရှိသော ကုန်စုံဆိုင် ကလေးတွင် ရပ်လိုက်ကာ ဆိုင်ရှင်ဟု ထင်ရသည့် ကုလားလေးကို ဆီဈေး မေးလိုက်သည်။

စားအုန်းဆီ တစ်ဆယ်သား ဆယ့်တစ်ကျပ် .. တဲ့။

'စားအုန်းဆီသာ ဝယ်ခဲ့၊ တစ်ဆယ်ဈေးပဲ ရှိတယ်နော်' ရယ်လို့ နေ့စဉ် ဈေးဝယ်ထွက်နေကျ ဇနီးသည်က သေသေချာချာ မှာလိုက်သည် ကြောင့် . .

'အောင်မာ၊ မင်းက ငါ့ကို ယောကျ်ားသား ဈေးလာဝယ်တယ်ဆိုပြီး နှပ်ချမလို့ပေါ့လေ၊ ငါ့မိန်းမက ပြောလိုက်ပါတယ်ကွ၊ တစ်ဆယ်ဈေးပဲ ရှိတယ်လို့၊ ငါ ဒီလောက် မအသေးပါဘူး' ဟု စိတ်ထဲမှ ကြိတ်ပြောလိုက်ကာ ထိုကုလားလေးအား ခပ်စိမ်းစိမ်းကြည့်လိုက်ပြီး ချာကနဲ လှည့်ထွက်ခဲ့သည်။

တစ်ဆယ်သား တစ်ကျပ်ပိုပေးရလျှင် လေးဆယ်သားဆိုပါက လေးကျပ် ပိုပေးရပေမည်။ ငွေလေးကျပ်ဆိုလျှင် သခွားသီးနှစ်လုံး ရသည်။ နောက်တစ်ကျပ် ထပ်စိုက်လျှင် အိတ်စပို့ဒူးယား နှစ်လိပ်ရသည်။ သို့ ကြောင့် ကုန်စုံဆိုင်လေးများကို လိုက်ရှာကြည့်နေစဉ်တွင် . .

"ဘာယူမလဲ အစ်ကိုကြီး" ဟု ပြုံးစစနှင့် မေးလာသည့် ကုလား

www.burmeseclassic.com

www.burmeseclassic.com



မလေး၏ ဆိုင်ခင်းကျင်းထားပုံကို လေ့လာလိုက်သည်။ ဆီရှိတာပေါ့။ ဆီပုံးတွင် ဈေးနှုန်းကပ်ထားသည်။ စားအုန်းဆီ တစ်ဆယ်သား တစ်ဆယ်ကျပ်တဲ့။

ဟုတ်ပြီ ဟာ. . မဟုတ်သေးပါဘူး။ ထိုကုလားမလေးဆိုင်နှင့် မျက်စောင်းထိုးလောက်တွင် အသက် ၆၀ ကျော်လောက် ရှိမည်ထင်ရသည့် အဘွားကြီးဆိုင်တွင်လည်း ဆီရောင်းသည်။ သူလည်း ဈေးနှုန်းကပ်ထား၏။ တစ်ဆယ်ဈေးပဲ ဖြစ်သည်။ သို့ကြောင့် ကျွန်တော် တွက်လိုက်သည်။

ကုလားမလေးဆိုင်တွင်ဝယ်လျှင် ကျွန်တော့်ကို အချဉ်ဖမ်းလျှင် ဖမ်းပေလိမ့်မည်။ ပြီးတော့ အသက်ကြီးသူထံမှ ဝယ်ယူအားပေးလျှင် ပို မကောင်းပေဘူးလား။ သို့ကြောင့် အဘွားကြီးဆိုင်မှ ဆီဝယ်လျှင် ပို၍ သင့်တော်ပေလိမ့်မည်ဟု တွက်လိုက်ကာ ကုလားမလေးဆိုင်ကို ကျော်၍ အဘွားကြီးဆိုင်ရှေ့ သွားရပ်ကာ ဈေးခြင်းတောင်းအတွင်းမှ 'ရမ်' ပုလင်းလွတ်ကို ထုတ်ပေးရင်း "စားအုန်းဆီ တစ်ဆယ်ဈေးပဲ မဟုတ်လား အမေ" ဟု ပိုသေချာအောင် မေးလိုက်သည်။

"ဟုတ်တယ်. . လူကလေး"

"နို့ဖြင့် လေးဆယ်သားထည့်ပါ အမေ"

ပြောရင်း ပိုက်ဆံအိတ်တွင်းမှ ၁၅ ကျပ်တန်နှစ်ရွက်နှင့် ၁၀ ကျပ်တန်တစ်ရွက်ကို ထုတ်ကာ ပေးလိုက်သည်။ အဘွားကြီးသည် ဆီပုလင်းကို ပြန်ပေးကာ ပိုက်ဆံကို လှမ်းယူလိုက်ပြီး. .

"သူတော်ကောင်းလေးဆီက ရတဲ့ ပိုက်ဆံ" ဆိုပြီး သူမဆိုင်တွင် ခင်းကျင်းထားသည့် ကုန်ပစ္စည်းများကို ကျွန်တော်ပေးလိုက်သော ပိုက်ဆံဖြင့် တဖျတ်ဖျတ်ရိုက်ကာ ဈေးခေါ် လာဘ်ခေါ် လုပ်နေလေတော့၏။

ကျွန်တော့်ရင်ထဲတွင် လှူက်ကနဲ ခံစားလိုက်သည့် ပြင် ပီတိတွေ

www.burmeseclassic.com

www.burmeseclassic.com



ဝေဖြာခဲ့ရတော့၏။

ကျွန်တော် ဈေးဝယ်ထွက်လာတာပဲ ရှစ်နာရီကျော်နေပြီ ဖြစ်သည်။ ခုမှ ဈေးဦးပေါက်တာပါကလား၊ သည့်အတွက်တော့ ရင်ထဲတွင် မကောင်းဖြစ်သွားမိသည်။

အိမ်သူသက်ထားကိုလည်း မှာထားရပေဦးမည်။ နောင် ဈေးဝယ်လျှင် သက်ကြီးရွယ်အိုများဆိုင်ကို ဦးစားပေး၍ ဝယ်ရန်အတွက် ဖြစ်သည်။

ကျွန်တော်သည် တောက်တိုမယ်ရကလေးများကို ဝယ်ပြီးနောက် သမီးမှာလိုက်သည့် ငှက်ပျောသီးပေါင်းကို လိုက်ရှာဝယ်ရပြန်၏။ ပြီးမှ ဈေးထဲက ထွက်ခဲ့တော့သည်။

အိမ်သို့ရောက်သည်တွင် ဝယ်လာသည့်ပစ္စည်းများကို ဈေးခြင်းတောင်းအတွင်းမှ တစ်ခုချင်း ထုတ်လိုက်၏။

"ဆီ ဘယ်လောက်သားဝယ်ခဲ့လဲ မောင်"

ဈေးခြင်းတောင်းအတွင်းမှ ကျွန်တော်ထုတ်လိုက်သည့် ဆီပုလင်းကို ဇနီးသည်က ကောက်ကိုင် မကြည့်ရင်း မေးလာသည်တွင် . .

"လေးဆယ်သား၊ ကုလားလေးတစ်ယောက်က ငါ့ကို နှပ်ချမလို့ သိလား၊ ဟွန်း . . ဘယ်ရမလဲ၊ ဈေးမှန်တဲ့ ရိုးသားတဲ့ အဘွားကြီးဆီက တစ်ဆယ်ဈေးနဲ့ ဝယ်ခဲ့တာပေါ့၊ အဘွားကြီးက မောင့်ကို သူတော်ကောင်းလေးလို့တောင် ပြောလိုက်သေးဗျ . . ဟဲ . . ဟဲ . . ဟဲ . . " ရယ်လို့ ဂုဏ်ယူဝင့်ကြွား ပီတိဝေဖြာကာ ပြောလိုက်သည်။

"မောင့်ကို အဲဒီအဘွားကြီးက လူနုံ လူအကလေးလို့တော မပြောလိုက်ဘူးလား"

ဇနီးသည်၏စကားကြောင့် ကျွန်တော်သည် တဟဲ့ဟဲ ရယ်မော

www.burmeseclassic.com



ခြင်းကို ရှုလိုက်ကာ အံ့ဩစွာကြီးမျက်နှာဖြင့်. .

"မင်း ဘယ်လိုပြောလိုက်တာလဲ" ဟု မေးလိုက်၏။ သည်တော့ ရှီးသည်က မဲ့ပြုံး ပြုံးလိုက်ကာ. .

"မောင်ဝယ်လာတဲ့ ဆီက ဇလားဆယ်သားမှ မပြည့်တာ၊ သည်မယ် ထွေး ပြမယ်" ဆိုပြီး ဆီပုလင်းကို မ,၍ပြရင်း. .

"သည် ရမ်ပုလင်းနဲ့ ဆီလေးဆယ်သားဝယ်လျှင် ပုလင်းအပြည့် ရရမယ်၊ နို့တောင်မှ ဆီနည်းနည်း ပိုရဦးမယ်၊ ခု မောင်ဝယ်လာတဲ့ ဆီကို ကြည့်စမ်း။ ပုလင်းရဲ့လည်တံ အရင်းနားတောင်မှ မရှိတာ၊ သုံးဆယ့် ငါးကျပ်သားလောက်ပဲ ရှိမယ်"

"ဟေ".

သို့ကြောင့် အဘွားကြီးသည် ကျွန်တော့်အား သူတော်ကောင်း လေးဆီက ရတဲ့ပိုက်ဆံရယ်လို့ ပြောလိုက်ခြင်း၏ အနက်အဓိပ္ပါယ်ကို ကောင်းကောင်း သိလိုက်ပါတော့သည်။

သို့ဆိုလျှင်ဖြင့် ထိုအဘွားကြီးသည်ကား. . .

ချယ်ရီမဂ္ဂဇင်း
ဇွန်လ-၁၉၉၄



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# လွှမ်းမိုးလေသေးရဲ့

နေ့စဉ် နံနက်တိုင်း ဈေးဝယ်သွားခြင်းအမှုကို မပျက်မကွက် လုပ်ခဲ့သည်မှာ နှစ်တွေမနည်းချေတော့ပြီ။

နံနက် ၆ နာရီထိုးပြီဖြစ်သည်နှင့် ကျွန်တော်သည် လှေကားထစ်ပေါင်း ၆၀ နီးပါးကို ဆင်းသက်ပြီးနောက် အရှေ့တောင်ထောင့်သို့ ၅ မိနစ်လောက် လျှောက်လိုက်ရုံဖြင့် ရောက်နိုင်သည့် အမဲဈေးသို့ သွားတတ်သလို မြောက်ဘက်စူးစူးသို့ မိနစ် ၂၀ ခန့် လျှောက်၍ ရောက်နိုင်သည့် အရိုးကုန်းဈေး (သီတာဈေးဟုလည်း ခေါ်ကြသည်ထင်၏) သို့လည်း သွားတတ်သည်။

ထိုဈေးများနှင့် ကျွန်တော် ရင်းနှီးကျွမ်းဝင်ခဲ့သည်မှာ ၂ နှစ်နီးပါးခန့်သာ ရှိသေး၏။

ကျွန်တော်သည် အမဲဈေးသို့ အသွားများ၏။ ထိုဈေးသည် အလေးခိုးမှု နည်းပါး၏။ ဆက်ဆံရေး ကောင်း၏။ သို့ရာတွင် ပစ္စည်းစုံစုံလင်လင် မရှိချေ။ အမဲ၊ ဆိတ်သာလျှင် လှိုင်လှိုင်ရတတ်၏။ ဟင်းသီးဟင်းရွက်ငါး စုံစုံလင်လင် မရှိ။ တရုတ်အမဲ ဆိုပါလျှင် တစ်ဆိုင်တည်းသာ ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



အရိုးကုန်းဈေးသည်ကား နံနက်ပိုင်း ဈေးတန်းလေးဖြစ်သော်လည်း သားငါး၊ ဟင်းသီးဟင်းရွက် အမယ်စုံ ရှိ၏။

သို့ရာတွင် အလေးခိုးမှု များသည်။ ဈေးသည်များနှင့် ဆက်ဆံရသည်မှာ အဆင်ပြေမှု သိပ်မရှိချေ။ ပျံကျဈေးသည်တွေမို့လားတော့ မသိ။ စိတ်ညစ်ရဆုံးသည်ကား ထိုဈေးသည် ကတ္တရာခင်း လမ်းသွယ်လေးနှစ်ခုကို တံပိုးသဏ္ဌာန်ဖြတ်၍ ခင်းကျင်းရောင်းချရသည်မို့ ဆိုက်ကား၊ ကားတို့ကို ရှောင်နေရသည်ဆိုသော်လည်း ဆိုက်ကားကို ပို၍ ဂရုစိုက် ရှောင်ရှားနေရ၏။ ထိုဈေးကို ဖြတ်၍ နင်းလာကြသော ဆိုက်ကားဆရာအချို့တို့သည် အများအားဖြင့် ယဉ်ကျေးသိမ်မွေ့ခြင်းကို မတွေ့ရ။

သူတို့သည် ဈေးသည် ဈေးဝယ်တို့ကို ညှာတာထောက်ထားခြင်း သိပ်မရှိ။ တိုက်လိုတိုက် ခိုက်လိုခိုက် ခပ်မိုက်မိုက် ပြုမူတတ်ကြသည်။ သို့ကြောင့် မိမိသည် အမဲဈေးသို့ အသွားများသော်လည်း အရိုးကုန်းဈေးကိုတော့ဖြင့် မဝယ်မဖြစ် ဝယ်ခြမ်းဖွယ်ရာရှိမှသာ သွားတတ်၏။

ကျွန်တော် တစ်ချိန်က နေခဲ့သော ကျေးလက်၏ ဈေးလေးတစ်ဈေးကို သတိရမိသေးတော့၏။

ကျွန်တော်၏ဈေးဝယ်ဘက် အဖော်မွန်ဖြစ်သော ကွယ်လွန်သွားပြီဖြစ်သည့် ဆရာကြီး သော်တာဆွေအားလည်း အောက်မေ့မိသေးတော့သည်။

တစ်ချိန်က ကျွန်တော်နှင့် ဆရာကြီးသည် အင်းစိန် တောင်သူကုန်းရပ်ကွက် အတွင်းပိုင်းရှိ 'ယိုးဒယား' ဈေးသို့ နေ့စဉ် သွားကြ၏။ ထိုစဉ်က ကျွန်တော်သည် မင်းကြီးလမ်းမကြီးနံဘေးတွင် နေထိုင်ပြီး ဆရာကြီးသည် ကျွန်တော့်အိမ်မှ ၁၀ မိနစ်ခန့် လျှောက်လျှင် ရောက်နိုင်သည့် မင်းကြီးလမ်းနံဘေးရှိ မဂ္ဂင်ကျောင်းလမ်း အတွင်းပိုင်း၌ နေ၏။ ထိုသည်မှ

www.burmeseclassic.com

www.burmeseclassic.com



နေ၍ ဆရာကြီးသော်တာဆွေသည် နံနက် ၆ နာရီထိုးသည်နှင့် ကျွန်တော့် အိမ်သို့ရောက်လာပြီး ကျွန်တော့်အိမ်ခေါင်းရင်း နံဘေးရှိ ဟိုက်ပတ်လမ်း သွယ်လေးအတွင်းရှိ ယိုးဒယားဈေးသို့ သွားတတ်ကြ၏။

ယိုးဒယားဈေးဆိုသည်မှာ အရပ်မှ ပေးထားသော နာမည်ဖြစ်၏။ အဘယ့်ကြောင့် ထိုနာမည် ပေးထားသည် မသိပါ။

ထိုဈေးလေးသည် နံနက်ပိုင်း ဈေးလေးဖြစ်သော်လည်း လွန်စွာမှ စည်ကားလှ၏။ ဈေးသည်တို့၏ ဈေးဝယ်အပေါ် ဆက်ဆံရေး ပြေပြစ်ခြင်း၊ အလေးမှန်ကန်ခြင်း၊ ပစ္စည်းလတ်ဆတ်ခြင်း၊ သို့ကြောင့် ထိုဈေးသည် တိုးမပေါက်အောင် စည်ကားလှတော့၏။

ကျွန်တော်နှင့် ဆရာသော်တာဆွေသည် သူ့အိမ်မှ ၅ မိနစ်ခန့် ကျွန်တော့်အိမ်မှ ၅ မိနစ်ခန့် လျှောက်လျှင် လွယ်လင့်တကူ ဈေးဝယ်နိုင်သည့် ကျွန်တော်တို့ နှစ်အိမ်ကြားရှိ ဘိုကုန်းလမ်းဆုံဈေး ရှိသော်လည်း ယိုးဒယားဈေးတွင် ကျွန်တော်နှင့် ဆရာကြီးသော်တာဆွေအကြိုက် ဖြစ်သော စားစရာလေးများဖြစ်သည့် ကြွက်၊ ငါးရှဉ့်၊ ကြောင်၊ မြွေ၊ ဖွတ် ပဒတ်နှင့် ရှဉ့်သားတို့ ရတတ်ပေသေး၏။

ကျွန်တော်နှင့် ဆရာသော်တာဆွေသည် ထိုသို့သော အစားအစာ များကို ဖွယ်ဖွယ်ရာရာ ချက်ပြုတ်စားတတ်ကြ၏။ အရက်နှင့် မြည်းတတ် ကြ၏။

ယခု ကျွန်တော် လက်ရှိနေထိုင်နေသော မြို့ပြဈေးတွင်မတော့ ထိုသည်များ လုံးဝမရှိချေ။ သို့ကြောင့်လည်း ထိုစားသောက်ဖွယ်ရာ နှင့် ဆရာကြီးကို လွမ်းမိသေးတော့၏။

မည်သို့ပင်ဖြစ်စေ ရောမရောက်လျှင် ရောမသားလို ကျင့်ကြံ တတ်အောင် ကြိုးစားရပေဦးတော့မည်။ ကျွန်တော်သည် နှစ်ပေါင်းများစွာ

www.burmeseclassic.com

www.burmeseclassic.com



ဦးဒယားဈေးတွင် ဝယ်ခဲ့ဖူးသည်ကြောင့်လားတော့ မသိချေ။ ယခု မြို့ပြဈေးတွင် ဝယ်ခြမ်းရသည်မှာ အဆင်ပြေမှု မရှိသေးဟု ထင်ပါသည်။ ရာရာ ဈေးကြီးလည်း ပေးရသေး၏။ အလေးခိုးခြင်းလည်း ခံရသေး၏။ ပြဈေးကွက်တွင် သို့ ခံရလေ အတိတ်က ကျေးလက်[illegible]ကို သတိလေ ဖြစ်တော့၏။ ကြုံ၍ ရေးရပေဦးမည်။

တစ်နေ့ အရိုးကုန်းဈေးတွင် ဖြစ်၏။ ချဉ်ပေါင်ဟင်း စားချင်သည်ု သမီးက ညကတည်းက အဆိုပြုခဲ့ပြီးဖြစ်သည်ကြောင့် ချဉ်ပေါင်နှင့် ချက်ရန်အလို့ငှာ ငါးကြင်းရောင်းသည့်ဆိုင်သို့ ဦးဆုံး ဝင်လိုက်၏။ ဈေးသည် အမျိုးသမီးကြီးမှာ အသက်ငါးဆယ်ပတ်ဝန်းကျင်ခန့် ရှိမည်ဖြစ်ပြီး ဝသည်ဟု ပြောနိုင်လောက်သည့် ခန္ဓာကိုယ် အချိုးအစားရှိသူဖြစ်သည်။

မည်းမှောင်မှောင် အသားအရည်ရှိပြီး ငါးညှီနံ့သင်းနေသည့် ရွှေကြိုးကြီးသည် သူမ၏ရင်ညွှန့်ထိတိုင် တွဲအိကျနေတော့သည်။

ထိုမိန်းမကြီးထံမှ ငါးကြင်းနှစ်ဆယ်သား ဝယ်လိုက်သည်။ တစ်ဆယ်သား ၁၃ ကျပ်ဈေး။ ကိုးဆယ်တန်တစ်ရွက် ထုတ်ပေးလိုက်၏။ မသည် အမ်းငွေပြန်ပေးပြီး တစ်ကျပ်လို၍ ကြုံမှဝင်ပေးဟု ပြောလာသည်။

ဈေးဝယ်ပြီးအပြန် ဝင်ပေးမည်ဟု ပြောလိုက်၏။ သူမ မျက်ကွယ်ရာက်မှ ပြန်အမ်းလိုက်ငွေကို တွက်ကြည့်လိုက်သည်။ ထိုသည်လည်း န်တော်၏အကျင့် ဖြစ်သည်။

သူတစ်ပါး ရေတွက်ပြီးပေးလာသည့် ငွေကို ထိုသူ့ရှေ့တွင် ဘယ်တအခါမှ ပြန်လည်ရေတွက်ခြင်းမပြုတတ်။ ကျွန်တော့်အထင် ရိုင်းသ်ဟုထင်၍ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမပြန်အမ်းငွေသည် ၇၀ ဖြစ်နေသည်။ သို့ဆိုပါလျှင် ကျွန်တော်သည် သူမအား တစ်ကျပ်သာလျှင် ပြန်အမ်းရမည်မဟုတ်။ ခြောက်ကျပ် အမ်းရမည် ဖြစ်သည်။

သို့ကြေ[illegible]တော်သည် အခြားဝယ်စရာရှိသည်တို့ကို ဝယ်ခြမ်းပြီးနောက် သူမဆိုင်သို့ ပြန်သွား၍ ငွေခြောက်ကျပ်ပေးလိုက်သည့် အခါတွင် သူမကား ကျွန်တော့်ကို အံ့ဩစွာဖြင့်ကြည့်၍ ကျွန်တော် ပေးလာသည့် ငွေခြောက်ကျပ်ကို ကမန်းကတန်းယူ၍ တစ်ဖက်သို့ မျက်နှာမူလိုက်တော့၏။

သူမ၏အပြုအမူကို ကျွန်တော် နားလည်လိုက်ပါသည်။ တစ်ကျပ် အမ်းရမည့် သူက ခြောက်ကျပ်ပြန်ပေးလာသည်ကြောင့် အချောင်ရတာ ယူထားလိုက်မဟဲ့ ဆိုသည့်သဘောဖြင့် ပြုမူလိုက်ခြင်းဖြစ်ပေသည်။

တကယ်တော့ သူမှားအမ်းလိုက်သည့် ငွေကို ကျွန်တော်က စိတ်မသန့် မယူလို၍ ပြန်ပေးလိုက်ခြင်းကို သူ မသိပါလေ။ အားယမိန်းမကြီး ပင် ဖြစ်တော့၏။

ထို့ထက် ဆိုးသည်ကား အိမ်ရောက်၍ သူမက နှစ်ဆယ်သားပါ ဆိုပြီး ချိန်ပေးလိုက်သည့် ငါးသည့် အိမ်ရှင်မက ပြန်ချိန်ကြည့်လိုက်သည့် အခါတွင် ၁၂ ကျပ်ခွဲသားသာလျှင် ရှိသည်ကို တွေ့ရလေတော့သည်။

ထိုသည်ကဲ့သို့ အလေးခိုးခံခဲ့ရသည့် အကြိမ်ပေါင်း မနည်းတော့ချေ။

တစ်ချိန်က နေခဲ့ဖူးသော ကျေးလက်ဈေးလေးမှ ဈေးသည်တို့ဖြင့် အကွာကြီး ကွာလှပေတော့သည်။

မှတ်မှတ်ရရ ရှိလှသေးတော့သည်။ တစ်နေ့ ယိုးဒယားဈေးတွင် အသက် ၅၀ ကျော်ခန့် ရှိမည်ဖြစ်သော ကရင်မကြီးထံတွင် ကျွန်တော်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆရာသော်တာဆွေသည် ဖားဝယ်ကြ၏။ ထိုကရင်မကြီးကား ခေါင်းရွက် ဗန်းလေးဖြင့် တစ်နိုင်ရောင်းသူ ဖြစ်၏။

ငါးဆယ်သား ချိန်ပါ၏။ ထိုကရင်မကြီးသည် အလေးရှိနေသည် က တစ်ဆယ်သားအလေး နှစ်လုံး၊ ငါးကျပ်သားအလေး နှစ်လုံး၊ အားလုံး ပေါင်းမှ သုံးဆယ်သားအလေးသာ ရှိ၏။ ဘယ်လိုလုပ်ရမည် သူမသိ။ နှစ်ခါခွဲချိန်ဖို့ကလည်း ဖားက အကောင်ကြီးတွေ ဖြစ်နေသည်။

သို့ကြောင့် သူ့နံဘေးတွင်ကပ်၍ မန်ကျည်းရွက်ရောင်းနေသည့် ကောင်လေးက. .

"ရော့ အဖိုး၊ ကျွန်တော့်ဆီက နှစ်ဆယ်သားအလေး ခဏယူ"

ဆိုပြီး ပေးလာသည်တွင် ထိုကရင်မကြီးက ပျာပျာသလဲဖြင့်. .

"အယ်. . နင့်အလေးကမမှန်လျှင် ငါ နာမည်ပျက်မယ်"

ဟု ဆိုကာ သူ့မိတ်ဆွေတစ်ဦးထံမှ နှစ်ဆယ်သားအလေး သွားယူ ကာ ချိန်ပေးလေတော့၏။

ဩော်. . အင်မတန်မှ ရိုးသားဖြူစင်သည့် ဈေးသည်ပင် ဖြစ်သည်။

ထိုဈေး။ ထိုဈေးသည်များကို ဘယ်သောအခါမှ မေ့မရနိုင်ပါချေ။ ဆရာသော်တာဆွေကဆိုပါလျှင်. .

'ဒါ ယိုးဒယားဈေးလို့ ခေါ်ဖို့မကောင်းဘူး၊ ရိုးသားဈေးလို့ ခေါ်ဖို့ ကောင်းနေပြီကွ' ဟူ၍ ပြောခဲ့ဖူးပါသည်။

စာဖတ်သူ မိတ်ဆွေ - သင်သည်လည်း ဈေးဝယ်ဖူးလျှင် အလေး ခိုးမှုကို အနည်းနှင့်အများ ခံရဖူးလိမ့်မည်။ ဈေးတိုင်းမှာ အလေးခိုးမှုတွေ အနည်းနှင့်အများ ရှိကြသည်ကိုး။

သို့ရာတွင်. .

အလေးခိုးမှု လုံးဝမရှိသော ဈေးရှိပါသည်။ ထိုဈေးသည်ကား

www.burmeseclassic.com

www.burmeseclassic.com



ဆရာသော်တာဆွေ ပြောသော ရိုးသားဈေးပင် ဖြစ်ပါသည်။ မိတ်ဆွေ သွား၍ စမ်းသပ်ဝယ်ကြည့်နိုင်ပါသည်။

အင်းစိန်လမ်းဆုံ ကွန်းကျော်ဂူတံတားအောက်မှနေ၍ မင်းကြီးလမ်း အတိုင်း ဆိုက္ကားစီးသွားပါ။ သို့မဟုတ် လမ်းလျှောက်သွားပါလေ။ အမှတ် (၁) အထက်တန်းကျောင်းလမ်းမှ သွားလျှင်လည်း ရောက်သည်။ မ. ည. က ကုန်းတက်အလွန်လေးရှိ ထူးထူးခြားခြား အမိုးချွန်ချွန်နှင့် ကဗျာဆရာ ကြီး၏ အိမ်ရှေ့နီးနီးရှိ မြိုင်သာယာ လမ်းသွယ်လေးမှသွားလျှင်လည်း ရောက်ပါသည်။ သို့မဟုတ် ဟိုက်ပတ်လမ်းအတိုင်း ဝင်သွားလျှင်လည်း စာရေးဆရာမ မြမြစိမ်း (ယခု ခိုင်မီမီဇင်) အိမ်နှင့်ဆိုပါလျှင်မူ ကသွယ် ချောင်းရိုးကလေးသာ ခြားသည့် ထို ရိုးသားဈေး 'ယိုးဒယားဈေး' သို့ ရောက်နိုင်ပါသည်။

မည်သို့ပင် ဆိုကြပါစေ။ ကျွန်တော်သည် လူကို လူချင်း ကောက် ကျစ်စဉ်းလဲမှု မရှိသော ရိုးသားပွင့်လင်းသော ဖော်ရွေတတ်ကြသော အကျင့်စရိုက်များဖြင့် ဖုံးလွှမ်းနေသည့် ထိုအတိတ်ကာလက ကျေးလက် ဈေးလေးကိုသာ သတိရ လွမ်းတသသ ဖြစ်နေရပါသည်။

မသမာသော နည်းလမ်းမျိုးစုံဖြင့် ခေါင်းပုံဖြတ် အမြတ်ကြီးစား ကာ စီးပွားရှာနေသော ရိုးသားမှုကင်းမဲ့သူ အသားအရောင်စုံ လူစုများ ပြွတ်သိပ် မွန်းကြပ်နေသည့် ထိုမြို့ပြဈေးကွက်အတွင်း ကျွန်တော်သည် ကံစီမံရာအတိုင်း အသက်ရှင် နေထိုင်နိုင်ရေးအတွက် လူးလွန့်လှုပ်ရှား ရုန်းကန်နေရပေဦးတော့မည်။

ယိုးဒယားဈေးလို ရိုးသားဈေးများ ထွန်းကားပါစေ။

စိစ်ပြန်မဂ္ဂဇင်း
ဇင်ဘာလ-၁၉၉၅

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# သူမောင်ကို မပြောဖြစ်ခဲ့သော ၁၄ နှစ်တိုင် ကြာသည့်စကား

လွန်ခဲ့သော (၁၄) နှစ်က ကွမ်းခြံကုန်းမြို့နယ်တွင် စာပေဟော ပြောပွဲတစ်ခုကို စာပေလုပ်သားအဖွဲ့မှ ကျင်းပခဲ့သည်။ လာရောက်ဟော ပြောသူများကား၊ ဒါရိုက်တာ၊ စာရေးဆရာ မောင်ဝဏ္ဏ၊ ဆရာအောင်ပြည့်၊ ဆရာမောင်ခိုင်မာ၊ ဆရာချစ်ဦးညို၊ ဆရာမောင်လင်းယုန် (ရှမ်းပြည်) ဖြစ်ကြသည်။ ထိုစဉ်က ကျွန်တော်သည် နိုင်ငံ့ဝန်ထမ်းတစ်ယောက်အနေ ဖြင့် ကွမ်းခြံကုန်းတွင် ရောက်ရှိနေသည်မှာ (၂) နှစ်ကျော်ပြီ ဖြစ်သည်။ သို့ဖြစ်၍ ဟောပြောပွဲမကျင်းပမီ သုံးရက်ခန့်က ရန်ကုန်ရောက်နေခိုက် ဆရာ မောင်လင်းယုန်(ရှမ်းပြည်) နှင့် ဆုံကြသည်တွင်. . .

"ကိုပိုက်ရေ ကျွန်တော်တို့ ကွမ်းခြံကုန်းကို ဟောပြောပွဲလာခဲ့မှာ မယ်။ ရှိနေမယ် မဟုတ်လား ဆိုသည့်စကား၊ ပြီးတော့ ဆရာမောင်ဝဏ္ဏနှင့် ဆုံလိုခြင်းကြောင့်တစ်ကြောင်း၊ ကွမ်းခြံကုန်းသို့ အချိန်မီ ပြန်လိုက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သို့ ဆိုလိုက်တော့ ကိုပိုက်တစ်ယောက် ရုပ်ရှင်ပိုးဝင်နေခြင်း ကြောင့်ဟု မထင်လိုက်ပါနှင့်ဦး။ ဆရာမောင်ဝဏ္ဏနှင့် တွေ့ဆုံလိုခြင်းသည် ကျွန်တော့်အဖေနှင့် အဆိုတော်၊ မင်းသားစာရေးဆရာ သုမောင်တို့ ယှက်နွယ်ပတ်သက်ခဲ့ဖူးသော ကိစ္စတစ်ခုကြောင့်သာ ဖြစ်ပါသည်။

ထိုနေ့က ဆရာမောင်ဝဏ္ဏနှင့် စကားလက်ဆုံ မပြောဖြစ်သည် ကြောင့် ပြောချင်သောစကားများ မပြောဖြစ်ခဲ့ခြင်းသာမဟုတ်။ ထိုအချိန် မှ ယနေ့တိုင် (၁၄) နှစ်ရှိခဲ့ပြီဖြစ်ငြား ထိုစကား မပြောဖြစ်သေးပါချေ။ ထိုသည့် နောက်ပိုင်းကာလတစ်ခုလုံး ဆရာမောင်ဝဏ္ဏနှင့်သော်လည်း ကောင်း ဆရာသုမောင်နှင့်သော်လည်းကောင်း လွန်စွာမှရင်းနှီးခင်မင်ခဲ့ငြား ကြိမ်ဖန်များစွာ ဆုံခဲ့ကြငြား ပြောရန်မေ့နေပြန်သေး၏။ တစ်မြန်နေ့က ဆရာသုမောင် အိမ်ရောက်လာ၏။ သူပြန်သွားလေမှ ဖျတ်ကနဲ သတိရ လာတော့၏။ သို့ဖြစ်သည်ကြောင့် နောက်နေ့များတွင်လည်း သတိမေ့ လျော့မပြောဖြစ်မည်စိုးသည်ဖြစ်၍ တစ်ကြောင်း၊ လာမည့် ဩဂုတ်လတွင် ကွယ်လွန်ခြင်း (၁၃) နှစ်ပြည့်မြောက်တော့မည့် အဖေ့အတွက် ဆောင်း ပါးလေးတစ်ပုဒ်အလို့ငှာ မှတ်မှတ်ရရ ရေးလိုက်ခြင်း ဖြစ်သည်။

ထိုအချိန်က ဆရာမောင်ဝဏ္ဏအား ပြောမည်ဟု အားခဲထားလေ သည့်စကား။ ကျွန်တော့်အဖေနှင့် ဆရာသုမောင် သူစိမ်းပြင်ပြင် ဖြစ် သော်ငြား ယှက်နွယ်ပတ်သက်နေသည်ကား ဤသို့ဖြစ်ချေ၏။

၁၉၈၅ ခုနှစ်ကာလပိုင်းက ကျွန်တော့်အဖေသည် ဦးနှောက် တင်ဆာရောဂါ၏ ဖိစီးနှိပ်စက်ခြင်းခံနေရ၏။ သည်နေရာတွင် ကျွန်တော့် အဖေအကြောင်း အနည်းငယ် ပြောချင်ပါသည်။ အဖေသည် ဆေးလိပ် မသောက်၊ မရက်မသောက်၊ ဖဲမရိုက်၊ မိန်းမမလိုက်စား၊ ကွမ်းမစား။ သို့ ငြား. . အတိတ်ကံကြောင့် ထင်ပါရဲ့၊ ရောဂါဆိုးကြီးရဲ့ နှိပ်စက်ဖိစီးခြင်းကို

www.burmeseclassic.com

www.burmeseclassic.com



ခံနေရပါသည်။ အဖေ နှစ်နှစ်ခြိုက်ခြိုက်၊ စွဲစွဲမြဲမြဲလုပ်ခြင်းကား တစ်ပတ်တစ်ကြိမ် ရုပ်ရှင်ကြည့်ခြင်းနှင့် နေ့စဉ်စာဖတ်ခြင်းဖြစ်သည်။ ရုပ်ရှင်ကြည့်သည်ဆိုရာ၌မြန်မာရုပ်ရှင် လုံးဝမကြည့်ပါ။ စာဖတ်ရာတွင်မတော့ အင်္ဂလိပ်၊ မြန်မာ စာစုံဖတ်သည်။ မြန်မာရုပ်ရှင်မကြည့်ဘဲ မင်းသားသုမောင်ကို သိနေခြင်းကိုတော့ ရှင်းပါမည်။ တယ်လီဗေးရှင်းမှ မင်းသားသုမောင်၏ ဆိုဟန်ကို မြင်ဖူးကြားဖူးပါလိမ့်မည်။ မြန်မာစာစောင်တွေမှာ မြင်ဖူး ဖတ်ဖူးပေလိမ့်မည်။ သို့ဖြစ်၍ အံ့ဖွယ်ဆန်းကြယ်ဖြစ်ရပ်ဟု ဆိုနိုင်ပါသည်။ ဆရာသုမောင်နှင့် ပတ်သက်ဆက်နွယ်လာသည့် ဖြစ်ရပ်ကလေး မကြုံမီ လွန်ခဲ့သည့် ၁၀ ရက်ကာလ (၁၉၈၅ ဇူလိုင် ၁၀ ရက်) ကစပြီး ရောဂါလက္ခဏာ စပြလာသည်။ ဘယ်ဘက်လက်တစ်ဖက် "ထုံကျင်" လာရာက စခြင်း ဖြစ်သည်။ ရောဂါဇစ်မြစ် မသိသေး။ (ဦးနှောက်နှင့် အာရုံကြော အထူးကုသမားတော်ကြီး ဦးညွန့်ဝင်းနှင့် ပြသပြီးလေမှ သိရခြင်းဖြစ်သည်။) ထိုစဉ်က အဖေ့အား ကွယ်လွန်သည့်အချိန်အထိ တစိုက်မတ်မတ် ကုသပေးသူမှာ "ဒေါက်တာနေမင်းလင်း" ဖြစ်သည်။ အဖေ့ရောဂါသည် တစ်စထက်တစ်စ တစ်နေ့ထက်တစ်နေ့ ဆိုးဝါးလာ၏။ ဒေါက်တာနေမင်းလင်းကိုယ်တိုင် အိမ်တိုင်ရာရောက် နေ့နေ့ညည ကုသပေး၏။ တစ်နေ့ ဆိုးဆိုးဝါးဝါး ပြင်းပြင်းထန်ထန် ဖြစ်လာ၏။ ဆေးရုံသို့တင်ရန်ပင် စီစဉ်လိုက်ရ၏။ သို့ဖြစ်၍ နောက်တစ်နေ့တွင် ညက ဘာမှမဖြစ်သလို သက်သာလာတော့၏။ သည်တော့ အဖေက အိပ်မက်လိုလို မပီဝိုးတဝါး သူကြုံခဲ့ရသော ထိုညက အဖြစ်အပျက်ကို ပြောလေတော့၏။ ညက သူ ကွင်းပြင်ကြီးတစ်ခုတွင် လျှောက်သွားနေ၏။ သည်အချိန်မှာပင် ဘယ်က ဘယ်လို ပေါ်လာမှန်းမသိ။ ရုပ်ရှင်မင်းသား သုမောင် သည်နားရောက်လာပြီး . .

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး ကျွန်တော်သွားစရာလေးရှိလို့ စက်ဘီးလေး ခဏကြည့်ထားပါနော်" ဆိုပြီး ထွက်သွားတော့၏။ အတော်နှင့် ပြန်ရောက်မလာ။ ထိုအချိန်မှာပင် အဖေ့ရဲ့အစ်ကို ရောက်လာ၏။ အဖေ့အစ်ကိုသည် ထိုအချိန်ရဲ့ လွန်ခဲ့သော (၁၀) နှစ်လောက်က ကွယ်လွန်ခဲ့သူဖြစ်၏။

"ထွန်းထွန်း လာကွာ၊ ပလေဒီယံမှာ ရုပ်ရှင်သွားကြည့်ကြမယ်၊ ငါ မင်းအတွက် လက်မှတ်တစ်စောင် ပိုဝယ်ထားတယ်" ဆိုပြီး သူ့ကို အတင်းခေါ်တော့၏။ စဉ်းစားကြည့်ပါ၊ ကျွန်တော့်အဖေသည် ရုပ်ရှင်ကို စွဲစွဲလမ်းလမ်း နှစ်နှစ်ခြိုက်ခြိုက် ကြည့်တတ်သူဖြစ်သည်။ သို့ပြီး သူ့အစ်ကိုက ဘယ်လောက်ခေါ်နေခေါ်နေ ကိုသုမောင်က သူ့အား စက်ဘီး အပ်ထားခဲ့လေတော့ "မဖြစ်ပါဘူးကွာ" ဆိုပြီး သူ့အစ်ကိုအား ငြင်းထုတ်လိုက်လေ၏။ သည်တုန်းက သူ့အစ်ကိုခေါ်တဲ့နောက် လိုက်သွားမိလျှင် သည်မနက် သူ့မိသားစုနှင့်သူ အပြီးတိုင် ခွဲခွာသွားရလိမ့်မည် ဆိုသည့် အကြောင်း ပြန်ပြောရင်း ကိုသုမောင်ကိုပင် ကျေးဇူးတင်မိကြောင်း မြိန်ယှက်စွာ ပြောနေလေတော့၏။

အဖေပြောခဲ့သော ထူးဆန်းအံ့ဖွယ် အဖြစ်အပျက်ကလေးကို ကျွန်တော်က ဆရာမောင်ဝဏ္ဏမှဆစ်ဆင့် ဆရာသုမောင်ကို ပြောပြချင်သည့် စကားလေးဟာ (၁၄) နှစ်တိုင်တိုင် ကြာခဲ့သည့်တိုင် မပြောဖြစ်ခဲ့ပါချေ။

ကျွန်တော်သည် မုဆိုးတစ်ယောက်ဖြစ်သည်။ မုဆိုးဝတ္ထုများ ရေးသားနေသူဖြစ်သည်။ တော်တောင်အတွင်း ကြုံတွေ့ခဲ့ရသည့် အကြောင်းများသည် ဆန်းကြယ်လွန်းလှ၏။ ယုံကြည်မှုမရှိ၍မဖြစ်။ ဆိုပါစို့ မုဆိုးအမဲလိုက်လျှင် ထုံးတမ်းစဉ်လာ လုပ်ကိုင်ရမည့် ပသခြင်း၊ ပူဇော်ခြင်း အမှုတို့ကို ရိုးရာသဘောအရ လုပ်ဆောင်ကြရသည်။ သို့မဟုတ်ပါမူ

www.burmeseclassic.com

www.burmeseclassic.com



*အလွဲလွဲ အချော်ချော်ဖြစ်တတ်ပါသည်။ အကြိမ်ကြိမ်အခါခါ စမ်းသပ်*ခဲ့ဖူးပါသည်။ ယုံကြည်မိခဲ့ပါ၏။ ယခု ကျွန်တော့်အဖေနှင့် ကိုသုမောင်တို့ ဆက်နွယ် ပတ်သက်ခဲ့သည့် အကြောင်းတရားသည် မယုံ၍ မရပါလေ။ ထို့ကြောင့်. . .

မည်သို့ပင်ဖြစ်စေ အဖေ၏ ရောဂါအခြေအနေအရ သုံးလနှင့် ခြောက်လသာလျှင် အသက်ရှင်နေ့ထိုင်ခွင့် ရှိတော့မည်ဟု သတ်မှတ်ထားကြသော်ငြား တစ်နှစ်ကျော်တိုင် မိသားစုနှင့် နေထိုင်သွားခွင့်ရလေအောင် ဆွဲထားကာယ်တင်ပေးခဲ့သူ ဆရာသုမောင်အား အထူးပင် ကျေးဇူးတင်ရှိကြောင်း ဤစာစုနှင့် မှတ်တမ်းပြုအပ်ပါသည်။

BURMESE CLASSIC

ထူးခြားကျော်နယ်

(အတွဲ ၁၊ အမှတ် ၁၁၊ ၁၉၉၉-ဇွန်လ)

◆◆ ◆◆ ◆◆

www.burmeseclassic.com